မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၁၆၈)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၁၇ ရက်၊ အင်္ဂါနေ့။

သုသိက္ခိတ ဝိနယမဂ်လာ

စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာ သင်ယူခြင်း၊ လိုက်နာ ကျင့်သုံးခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိုင်ယာလန်အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၁၇

၂၀၁၅ ခုနှစ် မတ် ၁၇ ရက်တွင်ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုင်ယာလန်နိုင်ငံ သမ္မတ မစ္စတာမိုက်ကယ် ဒီဟစ်ဂင်(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မတ် ၁၇ ရက်တွင်ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုင်ယာလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒါ ကန်နီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စစ်ဘေးစစ်ဒဏ်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ကြရသည့် ပြည်သူများ၏ဘဝကို စာနာထောက်ထားရမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၆

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာ လဂျာနှင့်အဖွဲ့အား နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိတို့ ပထမဆုံးအကြိမ် တွေ့ဆုံကြခြင်းဖြစ်ပါကြောင်း၊ အခြားသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့် မကြာခဏ တွေ့ဆုံခဲ့ကြပြီး ရင်းနှီးနေကြပြီ ဖြစ်ပါကြောင်း၊ ကေအိုင်အို အဖွဲ့နှင့် ယခုမှ ပထမဆုံးအကြိမ် တွေ့ဆုံသည်ဆိုသော်လည်း မိမိ၏အသိအကျွမ်းများ၊ မိမိနှင့်အတူ အမျိုးသားညီလာခံ တက်ရောက်ခဲ့သည့်အဖွဲ့များ ပြန်လည်တွေ့ဆုံရခြင်းအတွက် ဝမ်းသာပါကြောင်း၊ ကချင်တိုင်းရင်းသားများအားလုံး ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်ရှိကြစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

ကချင်ပြည်နယ်နေ့ အခမ်းအနားကို မိမိအနေဖြင့် တက်ရောက်ခဲ့ပါကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ❊

ဘီလူးကျွန်း၌ ရေနက်ဆိပ်ကမ်းတည်ဆောက်ရန် လေ့လာနေ

သတင်း
မောင်မောင်မြင့်ဆွေ

ရန်ကုန် မတ် ၁၆

မွန်ပြည်နယ်ရှိ ဘီလူးကျွန်း၏ မုတ္တမပင်လယ်ဘက်အခြမ်းတွင် ရေနက်ဆိပ်ကမ်းတည်ဆောက်နိုင်ရေးအတွက် ပြည်ပကုမ္ပဏီတစ်ခုက လေ့လာမှုများ ပြုလုပ်နေလျက်ရှိကြောင်း၊ ကြိုတင်လေ့လာတွက်ချက်မှုများ ပြုလုပ်လျက်ရှိကြောင်း မွန်ပြည်နယ် အစိုးရတာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဘီလူးကျွန်းကို နိုင်ငံတကာအဆင့်မီ မြို့ပြတည်ဆောက်ရေးအတွက်လည်း စိတ်ဝင်စားနေတဲ့ ပြည်ပကုမ္ပဏီတွေရှိသလို ရေနက်ဆိပ်ကမ်းတည်ဆောက်ဖို့လည်း လေ့လာနေတဲ့ကုမ္ပဏီတွေရှိတယ်။ သူတို့တွေတကယ်တမ်း လေ့လာသုံးသပ်ပြီး တင်ပြရင်တော့ အဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်ပေးသွားဖို့ရှိပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ပြောသည်။

ဘီလူးကျွန်း၏ မုတ္တမပင်လယ်ဘက်ခြမ်းတွင် ရေနက်ဆိပ်ကမ်းတည်ဆောက်နိုင်ရေးအတွက် Mw Modem Development ကုမ္ပဏီက လေ့လာမှုများ ပြုလုပ်နေခြင်းဖြစ်သည်။ ဘီလူးကျွန်းသည် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် သံလွင်မြစ်သာ ခြားလျက်ရှိပြီး မုတ္တမပင်လယ်နှင့်ထိစပ်လျက်ရှိသည်။

ဘီလူးကျွန်း(ချောင်းဆုံမြို့နယ်)သည် အလျားမိုင် ၂၀ခန့်နှင့် အနံ ၁၈ မိုင်ခန့်ရှိပြီး ကျေးရွာပေါင်း ၆၀ ကျော်တည်ရှိသည့် ကျွန်းဖြစ်သည်။ ဘီလူးကျွန်းပေါ်တွင် တည်ရှိသော ကျေးရွာအများစုမှာ စိုက်ပျိုးရေးနှင့်အရောင်းအဝယ် ပြုလုပ်သူများပြီး အချို့မှာ ရော်ဘာများ စိုက်ပျိုးကြသည်။

ယခုအခါ မော်လမြိုင်မြို့ မုပွန်အရပ်မှ ဘီလူးကျွန်း(ချောင်းဆုံမြို့နယ်)ရှိ ကော့ညော်ကျေးရွာသို့

စာမျက်နှာ ၇ ကော်လံ ၃ ●

ယနေ့ မာတိကာ

သိပ္ပံပညာရှင်များ ပစိဖိတ်သမုဒ္ဒရာတွင်း ကြီးမားသော ရေအောက်မီးတောင်ကို စူးစမ်းရှာဖွေ — စာမျက်နှာ-၁၂

ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခံစစ်ယူပြင်ဆင်ထားသည့် ပဋိုင့်-၁၄၆၈ တောင်ကုန်းအား တိုက်ခိုက်ချေမှုန်း — စာမျက်နှာ-၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အာဆီယံ မိတ်ဆွေကောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံဘုရင်နှင့်မိဖုရားတို့၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ မတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ချစ်ကြည်ရေးခရီးစဉ်အဖြစ် သွားရောက်လည်ပတ်ခဲ့ပါသည်။

ဤခရီးစဉ်အတွင်း မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများကိစ္စ၊ နှစ်နိုင်ငံကြားဗီဇာကင်းလွတ်ခွင့်ဆိုင်ရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

အထူးသဖြင့် မလေးရှားရောက် မြန်မာအလုပ်သမားများအတွက် အထူးအခွင့်အရေးတစ်ရပ်ကို ဆွေးနွေးဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံမှပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းမြန်မာအလုပ်သမားများသည် ထိုင်းနိုင်ငံပြီးလျှင် မလေးရှားနိုင်ငံသည် ဒုတိယအများဆုံးသွားရောက်လုပ်ကိုင်သည့် နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမား သုံးသိန်းနီးပါးရှိပြီး ယင်းတို့အနက် ထက်ဝက်ခန့်သာ တရားဝင်သွားရောက်လုပ်ကိုင်ခြင်းဖြစ်သည်။ တစ်သိန်းခွဲနီးပါးခန့်မှာ တရားမဝင်လမ်းကြောင်းများမှ သွားရောက်လုပ်ကိုင်ခြင်းဖြစ်ကြောင်း သိရပါသည်။ နိုင်ငံတော်သမ္မတကြီးနှင့်ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကြောင့် မလေးရှားရောက် မြန်မာတရားမဝင်အလုပ်သမားများ တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးနေပြီ ဖြစ်ပါသည်။

ကနဦးအနေဖြင့် တရားမဝင်သွားရောက်ခဲ့သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်သိန်းခန့်ကို တရားဝင်အလုပ်သမားဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါသည်။ ကျန်သောသူများကိုလည်း မလေးရှားနိုင်ငံ မြန်မာသံရုံးရှိ ပြည်ထဲရေး၊ လဝကနှင့်အလုပ်သမားရေးရာဝန်ထမ်းများက တရားဝင်ဖြစ်အောင် နိုင်ငံသားစိစစ်ပြီး မလေးရှားအစိုးရနှင့်ညှိနှိုင်းကာ ၂၀၁၅ ခုနှစ်ကုန်အထိ တရားဝင်ဖြစ်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဤသို့တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် လွတ်လွတ်လပ်လပ် တရားဝင်သွားလာနိုင်ပြီဖြစ်ပါသည်။ တရားဝင်ဖြစ်ခြင်းကြောင့် တရားဝင်အလုပ်သမားများ၏ အခွင့်အရေးများလည်း ရရှိလာမည်ဖြစ်ပါသည်။ မလေးရှားနိုင်ငံတွင် တရားမဝင်အလုပ်သမားအဖြစ် နှစ်ပေါင်းများစွာနေထိုင်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ တရားဝင်လမ်းကြောင်းမှ ပြန်လာနိုင်သည့် အခွင့်အရေးလည်းရရှိသွားပြီဖြစ်ပါသည်။ တရားဝင်ဖြစ်ခြင်းကြောင့် မလေးရှားနိုင်ငံတွင် ဆက်လက်အလုပ်လုပ်လိုပါက လုပ်ကိုင်နိုင်ပြီး မြန်မာနိုင်ငံသို့ ပြန်လိုပါက ပြန်လာနိုင်သည့် အခွင့်အရေးဖြစ်ပါသည်။ သို့ရာတွင် တရားဝင်လမ်းကြောင်းဖြင့် သွားရောက်အလုပ်လုပ်ကိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

မလေးရှားနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသော အလုပ်သမားများတွင် အခြားနိုင်ငံများမှလည်းပါဝင်ရာ မြန်မာတစ်နိုင်ငံတည်းကိုသာ မလေးရှားနိုင်ငံက ဤကဲ့သို့တရားဝင်ဖြစ်အောင် ဆောင်ရွက်ခွင့် အထူးအခွင့်အရေးပေးခြင်းဖြစ်ကြောင်း သိရပါသည်။ ဤသို့ဆောင်ရွက်နိုင်ခြင်းကပင် မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် အာဆီယံမိတ်ဆွေကောင်းဖြစ်မှုကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

သက်စွန့်ကြိုးပမ်းထမ်းရွက်ကြသော တပ်မတော်သားများအတွက် အလှူငွေများပေးအပ်

မန္တလေး မတ် ၁၆

လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများနှင့်မှီခိုသူမိသားစုများ၊ နိုင်ငံတာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် အလှူငွေများပေးအပ်ပွဲကို မတ် ၁၂ ရက် နံနက် ၉ နာရီခွဲက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တာဝန်ရှိသူများနှင့်အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲတွင် Strong Flowers အမျိုးသမီးလူငယ်အဖွဲ့မှ မတ် ၇ ရက်က မင်္ဂလာမန္တလေးတွင် လောက်ကိုင်ဒေသ ရောက် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဝန်ထမ်းများအတွက် ရည်ရွယ်ပြုလုပ်သည့် ဖျော်ဖြေပွဲမှ ရရှိသော ဝင်ငွေအားလုံးဖြစ်သည့် ငွေကျပ် ၅၆၀၅၀၀၀၀၊ ဌာနဆိုင်ရာနှင့် အလှူရှင်များမှ အလှူငွေများအပါအဝင် လှူဒါန်းငွေစုစုပေါင်း ၆၁၇၀၀၀၀၀ ကျပ်နှင့် ငွေကျပ်သိန်း ၂၀တာန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကိုလှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးမှ ယခုလို လှူဒါန်းခြင်းသည် တတိယအကြိမ်မြောက်ဖြစ်ပြီး ယနေ့လှူဒါန်းမှုအပါအဝင် ငွေကျပ်သိန်းပေါင်း ၃၄၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ အလှူရှင်များအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့်ပြောကြားကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

သစ်ပုံကြောင့် ရေစီးရေလာပိတ်ဆို့နေ

ထင်သာမြင်သာပြုပြင်စရာ

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်တွင် ရပ်ကွက်အတွင်းရှိ ရေမြောင်းများ၊ နေအိမ်များအောက်ရှိဝပ်နေသော ရေဆိုးများ ယနေ့အထိ ပင်မရေမြောင်းအတွင်းသို့ စီးဆင်းကာ ပန်းလှိုင်မြစ်အတွင်းသို့ စီးဆင်းမှုအားနည်းနေခြင်းသည် လမ်းဆုံ၊ လမ်းထိပ်များ၌အဆောင်၊ စျေးဆိုင်၊ ဝါးဆိုင်၊ သစ်ဆိုင်များ ဆောက်လုပ်နေထိုင်မှုကြောင့် ရပ်ကွက်အချို့၌ ရေမြောင်းများ ပျောက်ကွယ်လျက် အကျိုးဆက်အဖြစ် ခြင်ပေါများလာပြီး ရပ်ကွက်နေပြည်သူတို့၏ ကျန်းမာရေးကို စိုးရိမ်ရသောကြောင့် အမှတ် (၉)ရပ်ကွက်ရှိ မကွေးလမ်းနှင့်ဇီဇဝါလမ်းထောင့်မှ သစ်ဆိုင်မှာလည်း လမ်းထိပ်ရေမြောင်းနှစ်ခုပေါ်တွင် သစ်များစုပုံထားသည့်အတွက် ရေစီးကြောင်းပိတ်သွားပြီး ခြင်များ ခိုအောင်းရာနေရာ ဖြစ်နေသောကြောင့် အဆိုပါရပ်ကွက်နေ ပြည်သူတို့က ရေဆိုးများစီးဆင်းနိုင်စေရန် လမ်းထိပ်ရေမြောင်းပေါ်မှ သစ်ပုံများကို ဖယ်ရှားရွှေ့ပြောင်းပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ခြင်အန္တရာယ် လျော့ပါးစေရေးနှင့် လမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရန် အမှတ်(၉)ရပ်ကွက်၊ မကွေးလမ်းနှင့် ဇီဇဝါလမ်းထောင့်ရှိ လမ်းထိပ်ရေမြောင်းပေါ်မှ သစ်ပုံကိုလည်း မူလရေမြောင်းပုံစံအတိုင်း ရေစီးရေလာကောင်းမွန်ရန်၊ ဖယ်ရှားပေးနိုင်ရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။ **မြင့်မြတ်သစ္စာ**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၃-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၂၄၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၂၅၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၆
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနှိုင်းများ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျား)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၆၆-၁၀၇၂
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၁၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၅

ဘုရင့်နောင်ကုန်စည်နိုင်ငံဈေးနှုန်း

နွေဆန်	တစ်အိတ်	၁၈၀၀၀-၁၈၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၈၀၀၀-၃၂၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၃၂
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၄၂၅
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၁၀၀-၁၆၀၀
ကြက်သွန်ဖြူ (ကြေကွတ်)	တစ်ပိဿာ	၁၄၇၀
အာလူး (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၈၀-၆၅၀
ရေတာ်ရည် (မိုးထောင်)	တစ်ပိဿာ	၃၀၀၀-၃၀၅၀
ရေတာ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၀၀၀-၆၀၀၀
သကြား	တစ်ပိဿာ	၈၄၀-၈၅၀

ကုန်စည်နိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

အောင်တံခွန်-၃ ရေယာဉ်နစ်မြုပ်မှု ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၆

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းအောင်နှင့်အဖွဲ့သည် ရေယာဉ်နစ်မြုပ်ရာတွင် ပါဝင်သောခရီးသည်များအား ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ရန်အတွက် ကျောက်ဖြူမြို့သို့ မတ် ၁၄ ရက်ညနေ ၃ နာရီက ရောက်ရှိပြီး ကျောက်ဖြူမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းတွင် ကယ်ဆယ်ရရှိသော ခရီးသည်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျောက်ဖြူမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေသော ခရီးသည်ကျား နှစ်ဦး၊ မ သုံးဦး စုစုပေါင်း ငါးဦးတို့နှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လျူဒါန်းငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ရပ်မိရပ်ဖများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်တွင် ပါဝင်သော ခရီးသည်များ၊ သေဆုံးသွားသူများ၏ မိသားစုများသို့ ကူညီထောက်ပံ့ငွေများ ပေးအပ်မည့်အစီအစဉ်များ၊ နောင်တွင် အလားတူ ရေယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရေး ကိစ္စတို့အား ညှိနှိုင်းဆွေးနွေး ပြောကြားသည်။

မတ် ၁၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကယ်ဆယ်ရရှိသည့် ခရီးသည်(၁၆၉)ဦးအား တစ်ဦးလျှင် ကျပ်(၅)သောင်းနှုန်း၊ သေဆုံး သူ(၃၄)ဦးနှင့် ပျောက်ဆုံးသူ(၁၁)ဦး ပေါင်း(၄၅)ဦးအတွက် တစ်ဦးလျှင် ကျပ်(၁)သိန်းနှုန်း စုစုပေါင်း ကျပ် (၁၂၉ ဒသမ ၅) သိန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ထောက်ပံ့ ပေးအပ်ခဲ့ပြီး ကျောက်ဖြူဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် အောင်တံခွန်-၄ ရေယာဉ်အား တက်ရောက်စစ်ဆေးခဲ့ပြီး ရေယာဉ်ပေါ်တွင် သက်ကယ်ဝတ်စုံများနှင့် သက်ကယ်ဗောများပြည့်စုံစွာ ထားရှိရေးနှင့် ရေယာဉ်ဝန်ထမ်းများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့သည်။

ညနေ ၃ နာရီတွင် နစ်မြုပ်နေသည့် အောင်တံခွန်-၃ ရေယာဉ်အား ရေငုပ်အဖွဲ့ဖြင့် ရှာဖွေခဲ့ရာ နောင်တော်တောင်အနီး မြောက်ကျွန်ပိုက်စိပ် အရှေ့တောင်ထောင့်ကျွန်းမှ ကိုက် (၃၀၀)အကွာ ခန့်မှန်း မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၃၉ မိနစ်၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၃၆ မိနစ်၊ ရေအောက်အနက် ရေစစ်ချိန် ပေ(၉၀)၊ ရေပြည့် ရေတက် ပေ(၁၂၀)တွင် ရှာဖွေတွေ့ရှိခဲ့သဖြင့် မတ် ၁၆ ရက်တွင် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ သေဆုံးသူ ကျား ကိုးဦး၊ မ (၁၁)ဦး စုစုပေါင်း (၂၀) ထပ်မံဆယ်ယူရရှိခဲ့သဖြင့် ကျောက်ဖြူမြို့နယ်ဆေးရုံသို့ ပို့ဆောင်ထားပြီးဖြစ်သည်။

စစ်တွေမြို့ရှိ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများကလည်း ရေယာဉ်နစ်မြုပ်မှုတွင် သေဆုံးသွားသူများအတွက် အသက်အာမခံလျော်ကြေးငွေများ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်တံခွန်-၃ သင်္ဘောတိမ်းမှောက်မှုတွင်ပါဝင်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကျင်းပ

စစ်တွေ မတ် ၁၆

ရခိုင်ပြည်နယ် တောင်ကုတ်-စစ်တွေ ပြေးဆွဲသည့် အောင်တံခွန်-၃ သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအတွက် အလှူငွေပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို မတ် ၁၆ ရက် ညနေ ၃ နာရီခွဲက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်တံခွန်-၃ သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လျူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးထံသို့ ပေးအပ်လျူဒါန်းသည်။ ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနက လျူဒါန်းငွေကျပ် ၁၃၀ ဒသမ ၅ သိန်း၊ ကျောက်ဖြူမြို့နယ်က စေတနာရှင် ပြည်သူများ၏လျူဒါန်းငွေကျပ် သိန်း ၄၅၀၊ ကျောက်ဖြူအများပိုင်ကုမ္ပဏီက ကျပ်သိန်း ၁၀၀၊ ကမ္ဘောဇ စစ်တွေဘဏ်ခွဲမှ ငွေကျပ်သိန်း ၁၀၀၊ ကိုရီးယားကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ အင်းပေါက်ဝကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ ငွေကျားကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ အေးငြိမ်းကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ MCM ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ ဆုထူးစံကုမ္ပဏီက ငွေကျပ်သိန်း ၅၀၊ ပတ္တမြားဒေဝီကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ ဇေယျာအောင်ကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ မြင့်မြတ်ဦးကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ Rainbow Foundation က ငွေကျပ် သုံးသိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းရွှေက ငွေကျပ် တစ်သိန်း၊ ဦးမောင်နုကျေးပင်ကြီးရပ်ကွက်က ငွေကျပ် ၀ ဒသမ ၃ သိန်း၊ အနောက်စံပြရပ်ကွက်က ၀ ဒသမ ၂၀၆ သိန်း တို့ကို ပေးအပ်လျူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်တံခွန်-၃ သင်္ဘော တိမ်းမှောက်မှုတွင် ပါဝင်သူများအနက် စစ်တွေမြို့နှင့်ပုဏ္ဏားကျွန်းမြို့နယ်တို့က အသက်ရှင်လွတ်မြောက်လာသူများအား တစ်ဦးချင်းထောက်ပံ့ငွေများ ပေးအပ်ပြီး **(၀ဝုံ)** အသက်ရှင်လွတ်မြောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသက်ရှင်လွတ်မြောက်လာသူ ဒေသခံပြည်သူများအား သီးခြားတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

အဆိုပါ အောင်တံခွန်-၃ သင်္ဘောတိမ်းမှောက်မှုတွင် ပါဝင်သူများအတွက် စေတနာရှင် အလှူရှင်များ၏ စုစုပေါင်း လျူဒါန်းငွေမှာ ၁၃စ၅ ဒသမ ၀၀၆ သိန်းဖြစ်ပြီး အသက်ရှင်လွတ်မြောက်လာ သူများအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းခွဲစီနှင့် အသက်သေဆုံးသူများအား တစ်ဦးလျှင် ငွေကျပ် ၁၁ သိန်းစီကို ထောက်ပံ့ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မဲမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ အသက်ရှင်လွတ်မြောက်လာသူများနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ
ဇော်နိုင်ထွန်း(စစ်တွေ)

❒ *ကျောဖုံးမှ*

ပွဲများ ဖြစ်သည်။

ရတနာပုံအသင်းသည် ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းနှင့်တွေ့ဆုံနေပြီး မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာ နှစ်ပွဲဆက်ရှုံးနိမ့်ထားသောကြောင့် ယခုပွဲမှာလွန်စွာအရေးပါနေပြီးအနိုင်ရမှသာ နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ ဂလိုဘယ်အသင်းမှာလည်း နှစ်ပွဲကစားအပြီးတွင် နိုင်ပွဲမရသေးဘဲ တစ်မှတ်သာ ရရှိသေးသည်။ ရတနာပုံအသင်းမှ အသစ်ခန့်အပ်ထားသည့် နည်းပြ ရီနီဒီဆေရီသည် ယခုပွဲတွင် စတင်ကိုင်တွယ်မည်ဖြစ်ပြီး ရလဒ်ကောင်း ရယူနိုင်ခြင်း ရှိ/မရှိ စောင့်ကြည့်ရမည် ဖြစ်သည်။

ရောဝတီအသင်းမှာ မော်လ်ဒိုက်ကလပ် နယူးရေးဒီးယန့်အသင်းနှင့် အဝေးကွင်းပွဲစဉ်ယှဉ်ပြိုင်ရန် ယနေ့ နံနက်ပိုင်းက ထွက်ခွာသွားသည်။ ရောဝတီအသင်းမှာ အုပ်စုပွဲစဉ် နှစ်ပွဲကစားအပြီးတွင် နိုင်ပွဲ၊ ရှုံးပွဲ မရှိသေးဘဲ နှစ်ပွဲစလုံး သရေကျထားသည်။ နယူးရေးဒီးယန့်အသင်းမှာမူ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားပြီး နယူးရေးဒီးယန့်အသင်းနှင့် ရောဝတီတို့၏ ပွဲစဉ်ကို မတ် ၁၈ ရက်တွင် ကစားမည်ဖြစ်သည်။ ရောဝတီအသင်းမှာ ပထမပွဲတွင် လာအိုတိုယိုတာနှင့် အဝေးကွင်း၌ နှစ်ဝိုးစီ သရေ၊ ဒုတိယပွဲတွင် ဘန်ဒေါင်းနှင့် ဂိုးမရှိ သရေကျခဲ့သည်။ ရတနာပုံအသင်းမှာ ပါဟန်းအသင်းကို သုံးဂိုး-နှစ်ဂိုး၊ တောင်တရုတ်အသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ထားခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိုင်ယာလန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၇

၂၀၁၅ ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သော အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မစ္စတာ ချားလ်ဖ ဗလန်နဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်ကြားရေးဝန်ကြီးဌာနနှင့် FES တို့ ပူးပေါင်းပွင့်လှစ်သည့် ဥပဒေရေးရာကျွမ်းကျင်မှုသင်တန်းပွင့်

နေပြည်တော် မတ် ၁၆

မြန်ကြားရေးဝန်ကြီးဌာနနှင့် FES (Friedrich Ebert Stiftung) တို့ ပူးပေါင်းဖွင့်လှစ်သည့် ဥပဒေရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂)ကို မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က အမှာစကားပြောကြားပြီး FES (Friedrich Ebert Stiftung) မှ Country Director Mr.Konstantin Barwaldt က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါသင်တန်းတွင် မြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနတို့မှ ဥပဒေဘွဲ့ရ ဝန်ထမ်း ၂၇ ဦး တက်ရောက်ကြပြီး ဥပဒေပညာရှင်များ၊ တက္ကသိုလ်မှ ဥပဒေရေးရာကျွမ်းကျင်သူ ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်သည်။ သင်တန်းကို မတ် ၁၆ ရက်မှ မတ် ၂၁ ရက်ထိ ၅ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❊ *ကျောဖုံးမှ*

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားလာစေရေးအတွက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးရေး (Excellent Sports)၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်ရေးနှင့် အရှေ့တောင်အာရှမှ သည် အာရှ၊ အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်ထိ တက်လှမ်းနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ရေးဟူသော မူဝါဒ(၄)ရပ်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အားကစားနှင့် ပညာ ပေါင်းစပ်သင်တန်းကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်လျက်ရှိရာ အားကစားကို ဝါသနာပါပြီး ပညာသင်ကြားလိုသော ကျောင်းသား/ကျောင်းသူများအတွက် အဋ္ဌမတန်းမှ ဒသမတန်းအထိ ကျောင်းအိပ်/ကျောင်းစားဖြင့် စာသင်မပျက် အားကစားနည်းများ လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်သော အားကစားသမားများကို မွေးထုတ်ပေးပြီး အားကစားအကယ်ဒမီကို တက်ရောက်ခွင့်ပေးမည် ဖြစ်ပါကြောင်း၊ ၄င်းအပြင် အားကစားတက္ကသိုလ် B.Sc(Sports) သိပ္ပံဘွဲ့(အားကစား)ကို စတင်ဖွင့်လှစ်နေပြီဖြစ်တဲ့အတွက် အရည်အချင်းထက်မြက်ပြည့်ဝသည့် အားကစားခေါင်းဆောင်များ ပေါ်ထွက်လာတော့မည်ဖြစ်ပါကြောင်း၊ နွေရာသီ အားကစားသင်တန်းများကို တက်ရောက်သင်ကြားကြမည့် လူငယ် ကျောင်းသား/ကျောင်းသူများ အနေဖြင့် အားကစားနည်းများအလိုက် ထူးချွန်သည့် မျိုးဆက်သစ်များ ဖြစ်လာအောင် ကြိုးစားသင်ကြားကြစေလိုပါကြောင်း ပြောကြားပြီး နွေရာသီ အခြေခံအားကစား သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များက အားကစားသရုပ်ပြသကြရာ ကရာတေးဒို၊ တိုက်ကွမ်ဒိုနှင့် ဝူရှူးအားကစားနည်းများမှ အခြေခံစုပေါင်းကစားကွက်၊ "ခတ" နှင့် "ကုမိတ့"ကစားကွက်များ၊ ရန်သူအား ပြန်လည်ခုခံတိုက်ခိုက်ခြင်းများ၊ တိုက်ကွမ်ဒိုသရုပ်ပြအဖွဲ့က အခြေခံလက်သီးထိုးချက်၊ ဖလင်ပြားကန်ချက်၊ ဝူရှူးအားကစားသမားများက အခြေခံ ဝူရှူးသရုပ်ပြသခြင်း၊ နန်းချွမ်/ဓားမောက်/တုတ်ရှည်/မြောက်သိုင်းအကများဖြင့် သရုပ်ပြသကြသည်။

ယခု နွေရာသီအားကစား သင်တန်းကို အားကစားနည်း(၃၃) မျိုးဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီး၏ သတ်မှတ်ထားသော အားကစားလေ့ကျင့်ရေး စခန်းများ၌ လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။
မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

အခွန်ဆောင်လို့ ဘဏ္ဍာတိုး
တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

ပြည်တွင်းသတင်း

တောင်ကုတ်-စစ်တွေ အောင်တံခွန်-၃ ခရီးသည်တင်ရေယာဉ်သင်္ဘော ရေအောက်တွင်ရှာဖွေတွေ့ရှိ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

စစ်တွေ မတ် ၁၆

ရခိုင်ပြည်နယ် တောင်ကုတ် ဆိပ်ကမ်းမှ မတ် ၁၂ ရက် ည ၉ နာရီ ခန့်တွင်ထွက်ခွာခဲ့သော တောင်ကုတ်-စစ်တွေ ပြေးဆွဲသည့် အောင်တံခွန်-၃ ခရီးသည်တင်ရေယာဉ်သည် မတ် ၁၃ ရက် ည ၈ နာရီခွဲခန့်တွင် မြေပုံမြို့နယ် ငပသုန်ကျွန်းနှင့် မြောက်ကျွိန်ကျွန်း အနီးအရောက်တွင် တိမ်းစောင်းနစ်မြုပ်ခဲ့ရာ အဆိုပါရေယာဉ်အား ယမန်နေ့က ရေအောက်ကြမ်းပြင် ပေ ၉၀ ခန့်ရှိ နစ်မြုပ်ခဲ့သောနေရာနှင့် မလှမ်းမကမ်းတွင် ရေငုပ်သမားများက ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ပြန်လည်ဆယ်ယူရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ဘောနစ်မြုပ်ချိန်မှစ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဖြူခရိုင်၊ မြို့နယ်၊ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ကျောက်ဖြူရေတပ်စခန်းမှ တာဝန်ရှိသူများ၊ မီးသတ်၊ ကြက်ခြေနီ၊ နာရေးကူညီမှုအသင်း၊ ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်း ရေကြောင်းမှ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၆ ရက် ညနေ ၄ နာရီအထိ ဒေသခံရေငုပ်ကျွမ်းကျင်သူ ၁၀ ဦးတို့က နစ်မြုပ်နေသော သင်္ဘော၀မ်းပိုက်အတွင်း ရေငုပ်ဝင်ရောက်ရှာဖွေရာ ကျား ၉ ဦး၊ မ ၁၄ ဦး ပေါင်း ၂၃ ဦး၏ ရုပ်အလောင်းများ ထပ်မံဆယ်ယူရရှိခဲ့ရာ ယခုအချိန်အထိ အလောင်းဆယ်ယူရရှိမှုမှာ ကျား ၁၃ ဦး၊ မ ၄၆ ဦး စုစုပေါင်း ၅၉ ဦးဖြစ်ပြီး လတ်တလော စိစစ်မှုအရ သင်္ဘောပေါ်တွင် ကျား ၁၁၇ ဦး၊ မ ၁၀၈ ဦး စုစုပေါင်း ၂၂၅ ဦး ခန့် လိုက်ပါခဲ့ကြောင်း သိရှိရသည်။

အောင်တံခွန်-၃ သင်္ဘောနစ်မြုပ်မှုတွင် ယနေ့အချိန်အထိ သံယာ ၂ ပါး အပါအ၀င် ကျား ၁၀၄ ဦး၊ မ ၆၅ ဦး စုစုပေါင်း ၁၆၉ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း၊ သင်္ဘောနစ်မြုပ်မှုဖြစ်စဉ်နှင့်ပတ်သက်၍လည်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အစွမ်းကုန်ဆောင်ရွက်

ရခိုင်ကမ်းရိုးတန်းသွား အောင်တံခွန်-၃ ခရီးသည်ရေယာဉ် တိမ်းမှောက်နစ်မြုပ်ခဲ့မှုနှင့် ပတ်သက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာ၀နှ်ရှိသူများ မီးသတ်၊ ကြက်ခြေနီ၊ နာရေးကူညီမှုအသင်း၊ ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်းရေကြောင်းနှင့် ကျောက်ဖြူရေတပ်စခန်းမှ တာ၀နှ်ရှိသူများသည် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဌာနဆိုင်ရာ တာ၀နှ်ရှိသူများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ မေးမြန်းခဲ့မှုအား တင်ပြအပ်ပါသည်။

ဒေါက်တာသောင်းလှိုင်
(ရခိုင်ပြည်နယ် ကျန်းမာရေးဌာနမှူး)

body တွေက နှစ်ပိုင်းပေါ့။ တစ်ပိုင်းကတော့ မြေပုံကနေ စစ်တွေကို တိုက်ရိုက်သယ်မယ့် body တွေရှိမယ်။ နောက်တစ်ခါ ကျောက်ဖြူဘက်ကနေပြီး ယူတဲ့ဟာတွေရှိတယ်။ ကျောက်ဖြူ Team မှာကတော့ ခရိုင်ဆေးရုံအုပ် ကိုယ်တိုင် စောင့်ပြီးတော့ အဲဒီမှာရှိနေတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ဆီက ကျန်းမာရေးမှူးတွေ အပါအ၀င် အကူသူနာပြုနှစ်စစ်တွေပါ သွားကြမယ်။ ကျောက်ဖြူမှာ အမာခံကြက်ခြေနီ ၁၀ ဦးနဲ့ အရန်အင်အား ကြက်ခြေနီ Volunteerတွေ အများကြီး ပါသွားကြပါတယ်။ ကျောက်ဖြူမှာတော့ လူနာ ၄၀ လောက် ထားလို့ရမယ့်နေရာကို ပြင်ထားပါတယ်။ စစ်တွေဆေးရုံကတော့ ဆေးရုံကြီးလည်းဖြစ်တော့ Ward အစုံရှိတာပေါ့။ အဲဒီမှာ Ward အစုံရှိတဲ့ အတွက်ကြောင့် အရေးပေါ်ကိစ္စတွေအတွက် နေရာကို ပြင်ထားပါတယ်။ ရောက်တဲ့နေရာမှာတော့ အပြည့်အစုံပြင်ထားပါတယ်။ စစ်တွေဆေးရုံမှာတော့ အားလုံးထားလို့ရပါတယ်။

ဦးလှသိန်း(ရခိုင်ပြည်နယ် ဥပဒေချုပ်၊ သတင်းထုတ်ပြန်ရေးဥက္ကဋ္ဌ)

ကယ်ဆယ်ပြီး အသက်ရှင်လျက်ရရှိတဲ့သူတွေကို စုစည်းမေးမြန်းပြီး ရွှေပြည်တန်အမြန်ယာဉ်နဲ့ မြေပုံ၊ ပေါက်တောနဲ့ စစ်တွေကို ပြန်မယ့်ခရီးသည်တွေကို ပြန်ပို့နေပြီဖြစ်ပါတယ်။ သင်္ဘောနစ်မြုပ်တဲ့ အခါမှာ အသက်ရှင်ကျန်တဲ့ပုဂ္ဂိုလ်တွေအတွက် ရောက်လာတဲ့အခါမှာ ကြိုဆိုဖို့ နေရာချထားပြီးဖြစ်ပါတယ်။ ပေါက်တောဆိုရင်လည်း ကျွန်တော်တို့ ဒီကသစ်တောဝန်ကြီး ဦးကျော်ခင်ကို တာ၀နှ်ပေးပြီးတော့ လိုလေသေးမရှိပြုစုစီမံဆောင်ရွက်ပေးဖို့ ဆက်လက်ပြီးတော့ သူတို့သွားမယ့်ရွာတွေပေါ့။ သဘောက ပေါက်တောဆိုပေမယ့် ပေါက်တောနဲ့ ဆက်စပ်တဲ့ရွာတွေကို ရောက်အောင်ပို့ပေးဖို့ အတွက် ကျွန်တော်တို့ စီမံထားရှိပါတယ်။ အစားအသောက်အတွက် ခေါက်ဆွဲခြောက်တွေ၊ လုံချည်တွေ ပြည့်ပြည့်စုံစုံ ထောက်ပံ့ပေးထားပါတယ်။

ရွာသားတစ်ဦး(ပုဏ္ဏားကျွန်း၊ စံပြကျေးရွာ)

တောင်ကုတ်ကနေ ပြီးတော့ ကျွန်တော်တို့ ညထွက်လာတယ်။ ၁၀ နာရီလောက်မှာ တောင်ကုတ်ကနေ ထွက်လာပြီး ရမ်းဗြဲကို အောင်အောင်မြင်မြင် ရှောရှောရှူရှူနဲ့ ရောက်တယ်၊ ရမ်းဗြဲကနေပြီးတော့ ဆက်ထွက်တယ်၊ ကျောက်ဖြူကို အောင်အောင်မြင်မြင် ရှောရှောရှူရှူနဲ့ ရောက်တယ်။ ကျောက်ဖြူရောက်တာနဲ့ သင်္ဘောဦးပိုင်းက ရေ၀င်နေတာကိုသိတယ်၊ နောင်တော်ကြီးအရောက်မှာ လှိုင်းနဲ့လေနဲ့ဖြစ်ပြီးတော့ သင်္ဘော၀နှ်ထမ်းသုံးယောက်နဲ့ ကျွန်တော်တို့ ယောက်ျားလေးတွေအားလုံး ရေကိုပက်ထုတ်ကြတယ်။ ပက်လို့မနိုင်တဲ့အဆုံးမှာ သင်္ဘောစာရေးကနေပြီးတော့ ဒီပစ္စည်းတွေကို ပစ်ချလိုက်ဆိုပြီးတော့ အားလုံးပစ်ချတယ်။ ပစ်ချပြီးတာနဲ့ရေကို ပက်ထုတ်တာ မနိုင်လိုက်တော့ဘူး။ မနိုင်လိုက်တာနဲ့ သင်္ဘောက စောင်းပြီးတော့ မြုပ်သွားတယ်။ အမ္ပြာညီအစ်မနှစ်ယောက်ကို ကျွန်တော် ကယ်နိုင်တယ်။ ကယ်ဆယ်ရေးတွေ ကတော့ ၉ နာရီလောက်မှာ ရောက်လာပါတယ်။ ရောက်လာပြီးတော့ အစားအသောက်တွေ၊ မုန့်ပဲသရေစာ၊ ရေတို့ဘာတို့လာပေးပါတယ်။ အ၀တ်အစားတစ်စုံစီ ပေးတယ်။

ဦးထွန်းနိုင်ဝင်း(စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး)

မတ် ၁၃ ရက် ညပိုင်းက ကျောက်ဖြူမှာ ဒီလိုသင်္ဘောမြုပ်တဲ့ကိစ္စကို ကြားပါတယ်။ ကြားတော့ အစိုးရအဖွဲ့ကလည်း ညွှန်ကြားတယ်။ အဲဒီအဖွဲ့တွေထဲက အသက်ဘေးကလွတ်မြောက်လာတဲ့လူတွေ ဒီနေ့ ရွှေပြည်တန်နဲ့ ပြန်လာမယ်ဆိုတဲ့ အတွက်ကြောင့် ဒီကနာရေးကူညီမှု အသင်းတွေရယ်၊ အခြားလူမှုရေး အသင်းအဖွဲ့တွေရယ်၊ မြို့မိမြို့ဖတွေရယ်၊ ပြီးတော့ကြက်ခြေနီတို့၊ ကျန်းမာရေးဌာနတို့၊ မြို့နယ်အုပ်ချုပ်ရေး

အဖွဲ့တွေက အသက်ဘေးက လွတ်မြောက်လာတဲ့သူတွေကို နွေးထွေးစွာနဲ့ ကြိုဆိုပြီးတော့ သူတို့ရဲ့ကျန်းမာရေးကိစ္စ အ၀ဝရော၊ လူမှုရေးကိစ္စ အ၀ဝရောလိုအပ်တာအားလုံး ဆောင်ရွက်ပေးပါတယ်။ ပထမဦးဆုံးအနေနဲ့ သွားလာရေး အဆင်ပြေဖို့အတွက် လူတစ်ယောက်ကို ကျပ် ၅၀၀၀၀ စီ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ သွားရေးလာရေးကအစ သူတို့နေရပ်ကို ပြန်ရောက်တဲ့အထိ အသေးစိတ်ကို စီစဉ်ပေးနေတယ်။

ဒေါ်စန်းစန်းမော်
ဒုတိယညွှန်ကြားရေးမှူး
(မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန)

ကျွန်မက ရခိုင်ပြည်နယ်မှာ အဓိကတာ၀နှ်ယူရတဲ့ Operation Manager တစ်ယောက်ဖြစ်ပါတယ်။ ကျွန်မတို့က ဒီသင်္ဘောဖြစ်တဲ့သတင်းကို ဖြစ်ဖြစ်ချင်း သတင်းရပါတယ်။ အဲဒီသတင်းကို ရရချင်းမှာပဲ ကျောက်ဖြူမြို့နယ်မှာရှိတဲ့ ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး ဦးစိုးနိုင် ခေါင်းဆောင်တဲ့ ကြက်ခြေနီအဖွဲ့တွေက ကျောက်ဖြူ ဒေသ တာ၀နှ်ရှိသူတွေနဲ့အတူ ချက်ချင်းပဲဖြစ်တဲ့နေရာကို သွားရောက်ကူညီခဲ့ပါတယ်။ ဒီနေ့မနက်မှာတော့ မြေပုံမြို့နယ်က ဒုတိယတပ်ရင်းမှူး ဦးကျော်သန်းတင် ခေါင်းဆောင်တဲ့ ကြက်ခြေနီ ၁၀ ယောက်က အင်အားဖြည့်တင်းပြီးတော့ ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့တယ်။ အဲဒီအပြင်မှာပဲ မြေပုံမြို့နယ် မှာရှိတဲ့ ကြက်ခြေနီ ၁၅ ယောက်က အဆင်သင့်ကူညီဖို့အတွက်လည်း စောင့်နေခဲ့ပါတယ်။ အဲဒီအပြင် စစ်တွေမြို့ကို ရောက်နေတဲ့ ကယားပြည်နယ်က ကြက်ခြေနီတွေ၊ နောက်တစ်ခါ ရခိုင်ပြည်နယ်မြို့အသီးသီးက ရောက်နေတဲ့ ကြက်ခြေနီ စေတနာ့ဝလုပ်အားရှင်တွေကလည်း ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ဖို့ကို အားလုံးအဆင်သင့် ပြင်ဆင်ထားခဲ့ပါတယ်။ တစ်ပိုင်းက ကျွန်မတို့ လူတွေရောက်လာတဲ့အခါမှာ ဒီလူတွေကို ကူပြီးတော့ နေရပ်ကိုပြန်ပို့ဖို့ တစ်ပိုင်းကတော့ ဒဏ်ရာရတဲ့သူတွေ ပါလာရင် ကျွန်မတို့ ပြုစုစောင့်ရှောက်ပေးဖို့နဲ့ နောက်တစ်ခုက မိသားစုနဲ့ကွဲကွာနေတဲ့သူတွေရှိရင် ပြန်လည်ပေါင်းစည်းပေးဖို့ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်မတို့ လုပ်ငန်းတွေဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခုက မပြန်ဘဲ ဒီမှာကျန်ရှိနေဦးမယ့်လူတွေ ရှိနေသေးရင်လည်း လိုအပ်တဲ့အကူအညီတွေပေးဖို့ ကျွန်မတို့ စီစဉ်ထားခဲ့ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေနဲ့ ဒီလိုမျိုး အန္တရာယ်တွေ ကြုံတွေ့လာတဲ့အခါမှာ ပြည်သူလူထုကို အချိန်မီနဲ့ ထိထိရောက်ရောက် ကူညီနိုင်ဖို့ အမြဲတမ်း အဆင်သင့်ရှိပါတယ်လို့ ပြောချင်ပါတယ်။

ရဲမှူးကြီးနေမျိုး
(ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး)

သင်္ဘောထဲမှာ လူအများအပြား ကျန်နိုင်ခြေတော့မရှိဘူး။ ဘာလို့လဲဆိုတော့ သင်္ဘောအနေအထားအရ အားလုံးဟာ ရေ၀င်တဲ့အခါမှာ ရေရဲ့တွန်းထုတ်အားနဲ့ အပြင်ကိုပဲ ရောက်သွားဖို့ရှိတယ်။ ကျန်နိုင်တာက အိပ်ခန်းထဲမှာ နေတဲ့သူလောက်ပဲ ဒီအိပ်ခန်း ၁၀ ခန်းထဲမှာ ကျန်နိုင်တယ်။ အလွန်ဆုံး ၂၀ပေါ့။ ၂၀ လုံးလည်း မနေနိုင်လောက်ဘူး။ အကုန်လုံးက ကြောက်အားလန့်အားနဲ့ အပြင်ကိုပဲထွက်ရမယ်။ နောက်ဆုံး အခြေအနေမှာ ရေထဲကိုပဲဆင်းရမယ်။ မဆင်းရဲတဲ့လူ အနည်းအပါးပဲ ကျန်ခဲ့မယ့်အနေအထားရှိတယ်။ ကျန်နိုင်ရင်တောင်မှ အပြည့်ကျန်ရင် လူ ၂၀ ပေါ့၊ အခု ၂၁၆ ပြောတယ်။ သင်္ဘောမြုပ်တဲ့အခါမှာ လူတွေ အကုန်လုံးက အပြင်ကိုပဲ ထွက်သွား နိုင်မယ့် အနေအထားရှိတယ်။ သင်္ဘောရဲ့ အနေအထားအရ သင်္ဘောခန်းထဲမှာပဲ ပိတ်လှောင်ပြီး ကျန်ခဲ့တာဖြစ်နိုင်တယ်။ သင်္ဘောကြီးကလည်း အကြီးကြီးမဟုတ်ဘူးလေ။ အဲဒီတော့ သင်္ဘောကြီးကို ဆယ်လို့ရရင် လူဦးရေ ဆယ်ဂဏန်း ပတ်၀နှ်းကျင်ပေါ့ ၁၀ နဲ့ ၂၀ ကြားမှာပဲရှိမယ်။ အစိုးရက တရားဝင်ထုတ်ပြန်ထားတဲ့ ၂၆ ဦးနဲ့ ကွာခြားချက်ကလည်း အများကြီး ဖြစ်နိုင်စရာ အကြောင်းမရှိဘူး။ အခုလူတွေပြောသလို ၄၀၀ တို့၊ ၃၀၀ တို့ ဘာတို့ဆိုတာတော့ ပကတိ လက်ရှိလုပ်နေတဲ့ ပကတိမြေပြင် အနေအထားတွေ၊ တွေ့ရှိမှုအနေအထားအရတော့ ၄၀၀ ကျော်တော့ မဖြစ်နိုင်ဘူးလို့ ယူဆပါတယ်။ အခုလက်ရှိ အနေအထားကတော့ အားလုံးပေါင်းသည် ၄၇ ဦးမှာ ကျား ၁၇ ဦး၊ မ ၃၀ ဦးမှာ တကယ်တမ်း ဆယ်လို့ရတဲ့အခါကျတော့ နောက်ဆုံးအခြေအနေက ကျား ၄ ဦး၊ မက ၃၂ ဦး၊ ၃၆ ဦးရပြီ။ ၃၆ ဦးနာမည် စာရင်းတွေ ဖော်ထုတ်လိုက်တဲ့အခါမှာ လောလောဆယ် အားလုံးပေါင်း ၁၉ ဦး နာမည်ဖော်ထုတ်လို့ရပြီ။ အဲဒီတော့ သက်ဆိုင်ရာတွေက လာယူကြမှာပေါ့နော်။ ထပ်ပြီးတော့မှ ကျန်တဲ့သူတွေကို ဖိတ်ခေါ်ပြီးတော့မှ အလောင်းတွေကို လာစစ်ဆေးပြီးတော့ ယူဖို့ဆိုပြီး ပြောထားတာရှိတယ်။ မနက်ဖြန် တစ်ရက်စောင့်ကြည့် တဲ့အခါကျရင်လည်း ထပ်ပြီးတော့ ပေါ်လာမယ်ဆိုရင်တော့ ဒီ ၃၆ ဦးထဲ က သိတဲ့သူတွေ ထပ်များလာမှာပေါ့။ အခုတော့ ၁၉ ဦးဆိုတော့၊ ၁၇ ဦး ကတော့ နာမည်စာရင်းဖော်ထုတ်လို့ မရသေးဘူး။ အလောင်း ၃၆ ဦးထဲမှာ ဒါကို ဖော်ထုတ်ဖို့တော့ လုပ်နေပါတယ်။

မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)

ပြည်တွင်းသတင်း

❁ ပြည်သူ့လွတ်တော်မှ

သက်ကြီးရွယ်အို တစ်ဦးချင်းကို ထောက်ပံ့သွားနိုင်ရေး အဆိုပြု တင်ပြထားပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုဖိုရမ်တွင်လည်း လူမှုရေးထောက်ပံ့မှုများကို NGO/INGO များနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ထားရှိပါကြောင်း၊ ထို့ပြင် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် အသက် (၉၀)နှစ်နှင့် (၁၀၀)နှစ်အကြား အဘိုး၊ အဘွားများအား လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများအရ ထောက်ပံ့နိုင်ရေး အတွက် ပြည်ထောင်စုလွတ်တော်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံထားရှိပြီး ဖြစ်ပါကြောင်း။

အသက် (၆၅)နှစ်နှင့် (၉၀)နှစ်အကြား အဘိုး၊ အဘွားများကို ဘဏ္ဍာရေးနှစ်အလိုက် ရရှိသော ဘဏ္ဍာငွေပေါ်မူတည်၍ တစ်နှစ်ပြီး တစ်နှစ် တိုးမြှင့်ထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီမိုကရေစီနှင့်အညီ မသန်စွမ်းသူများ၊ အသက် (၆၅)နှစ်ကျော် သက်ကြီးရွယ်အိုများကို လူမှုရေးထောက်ပံ့ကြေးများ တစ်လလျှင် သုံးသောင်းကျပ်နှုန်းဖြင့် ထောက်ပံ့ပေးရေး အတွက် နိုင်ငံတကာ NGO/INGO တို့နှင့်ပူးပေါင်းပြီး ထောက်ပံ့ပေးရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ဖြေကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **နိုင်ငံသားစိစစ်ရေးကတ်များနှင့်ပတ်သက်၍ မိုးပွင့်စီမံချက် ချမှတ်ကာ မိုးပွင့်အဆင့်(၁)မှ (၇)အထိ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက် မည်ကဲ့သို့ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မိုးပွင့်စီမံချက်အဆင့် (၁)မှ အဆင့်(၇) အထိ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံချက်လုပ်ငန်းများ ဆောင်ရွက်ရန်ဟူ၍ သီးခြားအသုံးစရိတ် တင်ပြတောင်းခံခြင်းမရှိဘဲ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာန၏ ပံ့မှန်ခွဲဝေခွင့်ပြုခဲ့သော သာမန်အသုံးစရိတ်အတွင်းမှသာ စီမံချက်လုပ်ငန်းအတွက် လိုအပ်သောရုံးသုံးပုံစံများကို ဦးစီးဌာန(ရုံးချုပ်)က တာဝန်ယူရှိက်နှိပ်ပြီး သက်ဆိုင်ရာအဖွဲ့များသို့ ခွဲဝေပေးလျက်ရှိပါကြောင်း။

မိုးပွင့်စီမံချက်အဆင့် (၁)ကာလ အတွင်း မိမိဝန်ထမ်းများ သွားလာစရိတ်၊ စားစရိတ်အကုန်အကျ သက်သာစေရေးအတွက် မိမိတို့ရုံးစိုက်ရာဒေသမှ တစ်နာရီခရီး အတွင်းရှိ ဒေသများတွင်သာ ဆောင်ရွက်ခဲ့ပါကြောင်း၊ မိုးပွင့်စီမံချက် အဆင့် (၂) တွင် ဝန်ထမ်းများ ခရီးဝေးနှင့် ညအိပ်ဆောင်ရွက်ပေးစေလိုသည့် ရပ်ကွက်/ကျေးရွာအုပ်စုများအနေဖြင့် အုပ်ချုပ်ရေးရာကိစ္စရပ်များ တာဝန်ယူကြောင်း တရားဝင်တင်ပြစာရရှိပြီးမှသာ ညအိပ်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်စောတလဲမ်း မေးမြန်းစဉ်။ (သတင်းစဉ်)

မိုးပွင့်စီမံချက် အဆင့်(၄)ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကျေးရွာများမှ ဝန်ထမ်းများ၏ သွားလာရေးကိစ္စနှင့် စားသောက်ရေးကိစ္စများ တာဝန်ယူဆောင်ရွက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မိုးပွင့်စီမံချက် (၅) မှ (၇)ထိ ကာလအတွင်း လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ခွင့်ပြုသာမန်အသုံးစရိတ်မှ စုစုပေါင်း ကျပ်ငွေ ၄၁၇ ဒသမ ၉၆၄ သန်းဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ယခင် မိုးပွင့်စီမံချက်များကို ထပ်မံအားဖြည့်၍ မိုးပွင့် အထူးစီမံချက် အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မိုးပွင့်စီမံချက်များ ဆောင်ရွက်ရာတွင် နေ့စားဝန်ထမ်းများ ခန့်ထားခြင်းမရှိဘဲ မိမိဝန်ထမ်းအင်အားများဖြင့်သာ ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွတ်တော် ဥက္ကဋ္ဌက ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဥာဏ်ဆွေဝင်း တင်သွင်းဆွေးနွေးခဲ့ပြီး အတည်ပြုခဲ့သော တည်ဆဲနိုင်ငံရေးပင်စင် ဥပဒေနှင့်အညီ နိုင်ငံရေးပင်စင် ခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ပြန်ကြားလာမှု အပေါ် ရှင်းလင်းရာတွင် ယခုအဆိုကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ပေးပို့ခဲ့ပါကြောင်း။

ယင်းအဆိုနှင့် ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝမ်းပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၈/၈၈၊ ဥပဒေအမှတ် ၁/၉၇၊ ဥပဒေအမှတ် ၁၁/၂၀၁၁ တို့အရ စကားရပ်အစားထိုးသော အဖွဲ့အစည်းများတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မပါဝင်ခြင်းနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၂/၈၈ ဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအား ပယ်ဖျက်ခဲ့ခြင်းတို့ကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အဖွဲ့အစည်းမရှိတော့ပါသဖြင့် နိုင်ငံရေးပင်စင်ခံစားခွင့် ရရှိရေးအတွက် တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေနှင့် အညီ ဆောင်ရွက်ပေး၍ မရပါကြောင်း နိုင်ငံတော်သမ္မတရုံးမှ ပြန်ကြားလာမှုအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်သူ့လွတ်တော်ရုံးသို့ ၂၀၁၅ ခုနှစ် မတ် ၂ ရက်တွင် ပေးပို့လာခဲ့ပါကြောင်းဖြင့် ရှင်းလင်းသည်။ **(သတင်းစဉ်)**

❍ အမျိုးသားလွတ်တော်မှ

(၆)အုပ်စုအတွင်းရှိ ကျေးရွာ (၁၇)ရွာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဆိပ်ဖြူ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ လက်ဆည်ကန် ကျေးရွာအထိ (၁၁) ကေဗွီလိုင်း (၁၆) မိုင် တည်ဆောက်ရမည်ဖြစ်ပြီး ချောင်းမကြီး(အရှေ့)၊ ချောင်းမကြီး (အနောက်)၊ မယ်ဇလီကွေ့၊ တူရွင်းမျော၊ ပင်းတလဲ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိပ်ဖြူ ဓာတ်အားခွဲရုံမှ ပင်းတလဲကျေးရွာ ထိ(၁၁) ကေဗွီလိုင်း ၇ မိုင် တည်ဆောက်ရမည်ဖြစ်၍ (၁၁)ကေဗွီလိုင်း စုစုပေါင်း ၂၃ မိုင်နှင့် ကျေးရွာ ၂၂ ရွာအတွက် ထရန်စဖော်မာ ၂၃ လုံး တပ်ဆင်၍ ဓာတ်အားဖြန့်ဖြူးပေးရမည်ဖြစ်ပါကြောင်း၊ ကျေးရွာများ အတွင်း၌ (၄၀၀) ဗို့ ဓာတ်အားလိုင်းများကိုလည်း တည်ဆောက်သွားရမည်ဖြစ်ပြီး (၄၀၀)ဗို့ ဓာတ်အားလိုင်းများ မပါ ခန့်မှန်းကုန်ကျစရိတ်မှာ စုစုပေါင်းဒွေကျပ် ၁၀၁၆ ဒသမ ၂၅ သန်းဖြစ်ပါကြောင်း၊ ကုန်ကျမည့် ရန်ပုံငွေအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ဘတ်ဂျက် ခွင့်ပြုနိုင်မှုအခြေအနေအရ ပါဝင်ခဲ့ခြင်းမရှိခဲ့ပါကြောင်း။

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။ (သတင်းစဉ်)

၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ (၁၁)ကေဗွီ ဓာတ်အားလိုင်းခွဲရုံငယ်များနှင့် (၄၀၀) ဗို့ ဓာတ်အားလိုင်းများ အသစ်တည်ဆောက်ခြင်းနှင့် အဟောင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကျစရိတ်ကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ရန်ပုံငွေတောင်းခံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် (၁၁) ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ နောက်လာမည့် ဘဏ္ဍာရေးနှစ်များ၏ ဘတ်ဂျက်ရန်ပုံငွေတွင် ထည့်သွင်းလျာထားညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးဆလိုင်းခွဲယန်၏ **အိန္ဒိယ-မြန်မာ အာရှကားလမ်းမပေါ်တွင် ကျရောက်သည့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရခိုင်ပြည်နယ် ကျောက်တော်ဒေသသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် ပုဏ္ဏားကျွန်း-ကျောက်တော်(၆၆)ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဓာတ်အားပို့လွှတ်ပြီးဖြစ်ပါကြောင်း၊ ကျောက်တော်မှတစ်ဆင့် ပလက်ဝဒေသသို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ကျောက်တော်- ပလက်ဝ (၆၆) ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကို စီမံကိန်းချမှတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ (၆၆/၁၁) ကေဗွီ ၅ အမ်ဗွီအေ ပလက်ဝဓာတ်အားခွဲရုံ တည်ဆောက်၍ (၁၁) ကေဗွီ ဓာတ်အားလိုင်းများကို ကျေးရွာပေါင်း ၂၃ ရွာသို့ တည်ဆောက်ရမည်ဖြစ်ပြီး ယင်း ကျေးရွာများနှင့် ကိုက်ညီသည့် (၁၁/ ၀ ဒသမ ၄) ကေဗွီ ထရန်စဖော်မာများကိုတပ်ဆင်၍ ဓာတ်အားဖြန့်ဖြူးပေးသွားရန် ခန့်မှန်းကုန်ကျစရိတ်မှာ ဒွေကျပ် ၁၂ ဒသမ ၂၃၅ ဘီလီယံဖြစ်ပါကြောင်း၊ ယင်းတွင် ကျေးရွာတွင်း (၄၀၀) ဗို့ ဖြန့်ဖြူးရေး ဓာတ်အားလိုင်း မပါဝင်သေးပါ

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးဆလိုင်းခွဲယန် မေးမြန်းစဉ်။ (သတင်းစဉ်)

ကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေခွဲဝေပေးနိုင်မှု အခြေအနေအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင်လျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ သည်။

(သတင်းစဉ်)

လုပ်ငန်းစွမ်းရည်မြှင့် ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေး

လှိုင်းဘွဲ့ မတ် ၁၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက် လုပ်ငန်း စွမ်းရည်မြှင့်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲကို လှိုင်းဘွဲ့မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က စာကြည့်တိုက် လုပ်ငန်းစွမ်းရည်မြှင့် ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1857, Range R-over Vogue S/W(4x4) L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးဝင်း ၉/ကပတ(နိုင်)၀၂၄၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် (၅)၊ ဧရိယာ ၂ ဒသမ ၄၄၁ ဧကကို အမည်ပေါက် ဒေါ်စစ်နီး ၁၂/လမန(နိုင်)၀၄၃၇၆၉ ထံမှ ဦးဇော်မျိုးလင်း ၁၂/လမတ(နိုင်)၀၂၅၅၉ က ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဦးဇော်မျိုးလင်းအမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ) သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာစာ

ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်း/တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် (၁-၄-၂၀၁၅ မှ ၃၁-၃-၂၀၁၆အထိ) လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်များကို မဲစနစ်ဖြင့် ရောင်းချရန်ကြော်ငြာ

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့သည် ချင်းပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ လမ်း/တံတားအသုံးပြုခကောက်ခံမည့် ဂိတ် (၂)ခု၏ (၁-၄-၂၀၁၅)မှ(၃၁-၃-၂၀၁၆)အထိ လုပ်ငန်းလုပ်ပိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများအား မဲစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **မဲစနစ်ဖြင့် ရောင်းချမည့်ဂိတ်စာရင်းများ**

စဉ်	လမ်းဂိတ်အမည်	ခရိုင်အမည်	လမ်းအမည်	ကောက်ခံသည့်ခရီးစဉ်	သတ်မှတ်လေလံကြမ်းခင်းဈေး (ကျပ်သိန်း)
၁။	ခိုင်ကမ်း	ဖလမ်း	ကလေး-ဖလမ်း-ဟားခါးလမ်း ကလေး-သိုင်းငင်း-တီးတိန်လမ်း	ခိုင်ကမ်း-သိုင်းငင်း(အသွားအပြန်) ခိုင်ကမ်း-ဖလမ်း(အသွားအပြန်) ခိုင်ကမ်း-ဟားခါး(အသွားအပြန်) ခိုင်ကမ်း-တီးတိန်(အသွားအပြန်)	၁၇၂.၁၉
၂။	မံဆောင်းတံတား	ဖလမ်း	တီးတိန်-ရိဒ်လမ်း		၆.၀၀

(ခ) **မဲစနစ်ဖြင့် လေလံဖွင့်လှုစ်မည့်နေ့ရက်/အချိန်** - ၂၃-၃-၂၀၁၅ ရက်၊ နံနက် ၉း၀၀ နာရီ

(ဂ) **မဲစနစ်ဖြင့် လေလံဖွင့်လှုစ်မည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ ဟားခါးမြို့

၂။ ဂိတ်တစ်ခုချင်းစီအလိုက် မဲစနစ်ဖြင့် လေလံလျှောက်လွှာတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များကို လျှောက်လွှာထုတ်ယူသည့်ရုံးတွင် စုံစမ်းနိုင်ပါကြောင်းနှင့် လျှောက်လွှာများအား အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟားခါးမြို့တွင်ရယူပြီး ၂၂-၃-၂၀၁၅ ရက်၊ ညနေ ၄း၀၀ နာရီ နောက်ဆုံးထားချ၍ စာရင်းတင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၇၀-၂၁၀၃၃၊ ၀၇၀-၂၂၃၅၈ တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

လမ်း/တံတားအသုံးပြုခွင့်လေလံတင်ရောင်းချရေးကော်မတီ
ချင်းပြည်နယ်၊ ဟားခါးမြို့

ဆရာအာသာ SUCCESS LANGUAGE ACADEMY 202046 256954 392048
Center-1 Y.W.C.A၊ အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း။
Center-2 အမှတ်-၅(ဘီ-၃)ဦးထွန်းလင်းခြံလမ်း။ Ph:503472,0973001453
ကလေးများအတွက် နွေရာသီဘာဂ်လိပ်စာ
သုံးယေါ်တန်းဖြေမှ (၉)တန်းဖြေထားသူများအတွက် Level-၅ ဆင့်ခွဲ၍
ထိရောက်စွာသင်ကြားမည့် 4-Skill English သင်တန်းများ
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March16 စပါပြီ။
သင်တန်းကြေး - 60000/-
ဖယ်ရိရှိသည်
(၆+၇) တန်း နှင့် (၈+၉) တန်း ဖြေထားသူများအတွက်
Essay, Letter + Grammar
သင်တန်းကြေး - 40000/-
ကျောင်းသင်ရိုးအထောက်အကူပြု Writing သင်တန်း စပါပြီ။
7:30 to 10:30 (Sat + Sun) Mar 14
12 to 3:00 (Sat + Sun) Mar 14
7:30 to 9:00 Mar 16 (Mon to Thurs) စမည်။

ပျောက်ဆုံးကြောင်း

ကျွန်တော်များ Moses Macheni-zed Agro & Industries Ltd.ကုမ္ပဏီ ၏ သွင်းကုန်လိုင်စင်အမှတ်- ILV 14-15 1036 (13-10-2014)မူရင်းမှာ ပုဇွန်တောင်မြို့နယ် အတွင်း ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၁၂၀၁၉၀၉-၄၂၀၂၈၀၉၃၈

ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းခမ်းတစ် ၁၃/ကတန (နိုင်)၁၃၃၁၉၅၏ PSC.RB လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၈၂၂၇၆

ဥပဒေရေးရာ

***National Network for Education Reform (NNER)** နှင့် ဒီမိုကရေစီပညာရေးလုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

သင်ကြားရေးမဏ္ဍိုင်

မောင်ဖုန်းပြည့်-တက္ကသိုလ်

အမျိုးသားပညာရေးနှင့်ပတ်သက်၍ စာရေးသူတွေးမြင်မိသော "သင်ကြားရေးမဏ္ဍိုင်" ကိစ္စကို ဥာဏ်မီသမျှ ဆွေးနွေးတင်ပြလိုပါသည်။

ကမ္ဘာ့နိုင်ငံတိုင်းနီးပါးတွင် အမျိုးသားပညာရေးစနစ်နှင့်ပတ်သက်၍ တိုင်းပြည်တစ်ခုလုံး ခြုံငုံအသုံးပြုရသည့် သင်ကြားရေးမဏ္ဍိုင်ဘာသာစကား ဟူ၍ရှိပါသည်။ ယေဘုယျအားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုသော ကျောင်းသုံး၊ ရုံးသုံး၊ ဘာသာစကား (State Language) သည် သင်ကြားရေးမဏ္ဍိုင်ဘာသာစကား ဖြစ်လေ့ရှိပါသည်။ နိုင်ငံအချို့တွင် ကျောင်းသုံး၊ ရုံးသုံး စံဘာသာစကားနှင့်ယှဉ်တွဲ၍ ဒုတိယဘာသာစကား (Second Language) တစ်ခု-ခု(ပုံစံ-အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်စသည်ဖြင့်) ကိုလည်း သင်ကြားရေးမဏ္ဍိုင်အဖြစ် သုံးလေ့ရှိပါသည်။ အိန္ဒိယနိုင်ငံတွင် လူအများစုသုံး ဟင်ဒီဘာသာနှင့်(ဒြိတိသျှ)ကိုလိုနီဖြစ်ခဲ့ဖူး၍ တစ်ပြည်လုံး လွှမ်းမိုးနေသော အင်္ဂလိပ်ဘာသာတို့သည် ကျောင်းသုံး၊ ရုံးသုံး ဖြစ်ရုံမက သင်ကြားရေးမဏ္ဍိုင်ဘာသာစကားများလည်းဖြစ်ကြပါသည်။ အိန္ဒိယတွင် ဘာသာစကားပေါင်း ၅၀၀ ကျော်ရှိနေသဖြင့် အများနားလည်အသုံးပြုနိုင်သော ဒုတိယဘာသာစကားဖြစ်သော အင်္ဂလိပ်ဘာသာစကားကို တစ်ပြည်လုံး အတိုင်းအတာဖြင့် သင်ကြားရေးမဏ္ဍိုင်အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ (ပြည်နယ်နှင့်လူမျိုးစုအလိုက် သီးခြားဘာသာစကားဖြင့် သင်ကြားမှုရှိသော်လည်း အစိုးရကျောင်းများ၊ တက္ကသိုလ်များ၏ သင်ကြားရေးမဏ္ဍိုင်မှာ ကြားခံဘာသာစကားဖြစ်သော အင်္ဂလိပ်ဘာသာစကားဖြစ်ပါသည်။)

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်လည်း လွတ်လပ်ရေးခေတ်ဦးမှ မျက်မှောက်ခေတ်အထိ မြန်မာစာသည် ကျောင်းသုံး၊ ရုံးသုံး ဘာသာစာပေ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် မြန်မာစာပေနှင့်ဘာသာစကားသည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သင်ကြားရေးမဏ္ဍိုင်ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းလိုအပ်ချက်အရ ခေတ်ကာလအလျောက်ဘာသာရပ်အချို့ကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချမှုရှိသော်လည်း ပင်မသင်ကြားရေးမဏ္ဍိုင်မှာ မြန်မာဘာသာစကားသာဖြစ်ပါသည်။ အခြေခံကျောင်းများတွင် အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာတစ်ရပ်အနေဖြင့် သင်ကြားပို့ချသော်လည်း အင်္ဂလိပ်ဘာသာမှာ စံမြန်မာစကား(ကျောင်းသုံး/ရုံးသုံးမြန်မာစကား)ပြောသူတို့အတွက် ဒုတိယဘာသာစကားဖြစ်မလာပါ။ ဒုတိယဘာသာစကားဟူသည် မိခင်ဘာသာစကားကိုရော ဘာသာခြားစကားတစ်ခုခုကိုပါ ကျောင်းမှာရော၊ ရုံးမှာရော၊ စျေးဝယ်ရာမှာပါ လူမှုကိစ္စအားလုံးတွင် ပူးတွဲအသုံးပြုပါမှ ထိုဘာသာခြားစကားသည် ဒုတိယဘာသာစကားအဆင့်သို့ ရောက်မည်ဖြစ်ပါသည်။ မြန်မာအများစုသည် ကျောင်းတွင်းလုပ်ငန်းဌာနတွင် အင်္ဂလိပ်စကားသုံးချင်သုံးမည်။ နေ့စဉ်လူမှုဘဝမှာမူ မြန်မာလိုသာပြောဆိုသုံးစွဲနေကြသည်ဖြစ်၍ လည်းကောင်း၊ မြန်မာစကားဖြင့်သာ သွားလာလှုပ်ရှားရောင်းဝယ်ဖောက်ကားနေသောပတ်ဝန်းကျင်တွင် ကျင်လည်နေရ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာစကားသည် မြန်မာတို့အတွက် ဒုတိယဘာသာစကားအဆင့်သို့ ရောက်သည်ဟု မဆိုနိုင်ပါ။

မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားလူမျိုးများအနေဖြင့်မူ မိမိတို့၏ မိခင်ဘာသာစကား (Mother tongue) သည် ပထမဘာသာစကားဖြစ်၍ စံမြန်မာစကား (Standard Language) သည် ဒုတိယဘာသာစကားဖြစ်ပါသည်။ လက်တွေ့အားဖြင့် အသက်အရွယ်ကြီးသူတို့မှအပ လူငယ်နှင့် လူရွယ်ပိုင်း တိုင်းရင်းသားအများစု(အားလုံးကိုမဆိုလိုပါ)သည် အများသုံး မြန်မာစကားကို ထမင်းစားရသောက်လောက်တော့ ပြောနိုင်ကြပါသည်။ ပြောသည်ကို နားလည်တတ်ကြပါသည်။ နှုတ်ပြောစကားနှင့် လက်ဟန်အမူအရာကိုယှဉ်တွဲသုံးလျှင် ပို၍သဘောပေါက်လွယ်ကြပါသည်။ အကြောင်းမှာ ယေဘုယျအားဖြင့် မြန်မာပြည်အနှံ့ မူလတန်းကျောင်းများ ဖွင့်လှစ်ထားနိုင်ခြင်းနှင့် မြန်မာ့အသံ၊ ရုပ်မြင်သံကြားအစီအစဉ်များ၊ ဗီဒီယိုခွေဈာတ်လမ်းများမှ တစ်ဆင့် မြန်မာဘာသာစကားနှင့် ရင်းနှီးနေခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ချင်းတောင်တန်းဒေသမှ ချင်းတိုင်းရင်းသားတစ်ဦးနှင့် ရှမ်းပြည်နယ်မှ ရှမ်းတိုင်းရင်းသားတစ်ဦးတို့သည် သူတို့တတ်ကျွမ်းသော ဒုတိယဘာသာစကားလည်းဖြစ်၍ ကြားခံဘာသာစကားလည်းဖြစ်သည့် အများသုံး မြန်မာစကားနှင့်ဆက်သွယ်နိုင်ကြသည်။ ကချင်မြေမှ ဂျိုန်းဖော့တစ်ဦးနှင့် ကရင်ပြည်နယ်မှ ပိုးကရင်တစ်ဦးတို့သည် ကြားခံအများသုံး မြန်မာစကားကိုအသုံးပြု၍ ရင်းနှီးနိုင်ကြသည်။ နာဂဒေသမှ မျိုးနွယ်စုများစွာသည် မတူညီသော မျိုးနွယ်စုများဆက်သွယ်ရာ၌ ကြားခံဘာသာစကားအဖြစ် မြန်မာစကားကို အသုံးပြုကြရသည်။ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားမိဘပြည်သူတို့နှင့် မြေပြန့်ဒေသမှ မိဘပြည်သူတို့ အပြန်အလှန်ဆက်သွယ်သည့်အခါ အများသုံးမြန်မာစကားကို ကြားခံဘာသာစကားအဖြစ်သုံး၍ လွယ်ကူစွာဆက်သွယ်နိုင်ကြသည်။ ဤသည်မှာ ဘာသာစကားအသုံးပြုမှု၏ အခြေခံလက္ခဏာပင်ဖြစ်သည်။ အိန္ဒိယတွင် တိုင်းရင်းသားမျိုးစုံနှင့်ဘာသာစကား ၅၀၀ ကျော်ရှိသည်။ အိန္ဒိယတိုင်းရင်းသားတို့သည် အချင်းချင်းဆက်သွယ်နိုင်ရန် ဘာသာစကား ၅၀၀ ကျော် လိုက်သင်နေရန်မလိုပါ။ ကျောင်းသုံး/ရုံးသုံး အင်္ဂလိပ်ဘာသာ(သို့မဟုတ်) ဟင်ဒီဘာသာတတ်ထားလျှင် လုံလောက်ပါသည်။ အင်္ဂလိပ်ဘာသာသည် အိန္ဒိယပြည်သူအားလုံး အတွက် ကြားခံဘာသာစကားဖြစ်ပါသည်။ အမေရိကန်တွင် မူလက နိုင်ငံစုံဘာသာစကားစုံ လူ့အဖွဲ့အစည်းတို့သည် မိမိတို့အချင်းချင်း စပိန်က စပိန်ဘာသာ၊ အီတလီက အီတာလျံဘာသာ၊ ပြင်သစ်က ပြင်သစ်ဘာသာစသည်ဖြင့် ပြောဆိုသုံးစွဲကြသော်လည်း အမေရိကန်ပြည်ထောင်စုတစ်ခုလုံးနှင့် လွှမ်းခြုံသည့် ပညာရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည့်ကိစ္စများအတွက်မူ ကျောင်းသုံး၊ ရုံးသုံးဖြစ်သည့် အင်္ဂလိပ်ဘာသာစကားကိုသာ သုံးစွဲကြရသည်။

ကနေဒါကဲ့သို့ ပြင်သစ်နွယ်ဖွားများကြီးစိုးသည့် ဒေသအချို့ရှိသည့် နိုင်ငံများတွင်လည်း ဤသဘောအတိုင်းပင် ဖြစ်ပါသည်။ ကွိဘက်ကဲ့သို့ ပြင်သစ်နွယ်ဖွားတို့ ကြီးစိုးရာဒေသများ၌ အခြေခံကျောင်းများတွင် ပြင်သစ်ဘာသာကို သင်ကြားရေးမဏ္ဍိုင်အဖြစ်ထားပြီး အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာ အဖြစ်သင်ကြားသည်။ သို့သော် ထိုပြင်သစ်နွယ်ဖွားကလေးသူငယ်တို့သည် တက္ကသိုလ်သို့ရောက်ရှိလျှင် (သို့မဟုတ်) အခြားတစ်နိုင်ငံလုံးနှင့်ဆိုင်သည့် ပညာသင်ကြားရေးအပါအဝင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးစသည်တို့နှင့် ပတ်သက်လာလျှင် ကျောင်းသုံး၊ ရုံးသုံးဖြစ်သော အင်္ဂလိပ်ဘာသာစကား (သို့မဟုတ်) နိုင်ငံ၏ပဓာနသင်ကြားရေးမဏ္ဍိုင်ဖြစ်သော အင်္ဂလိပ်ဘာသာစကားကိုသာ လေ့လာသင်ကြားသုံးစွဲကြရပါသည်။ ဆိုလိုသည်မှာ ကနေဒါနိုင်ငံရှိ ပြင်သစ်နွယ်ဖွားလူအသိုက်အဝန်းသည် ပြင်သစ်နှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးကိုသုံးစွဲသည့် နှစ်ဘာသာသုံးစနစ်(bilingualism)ကိုသုံးသည်ဟုဆိုသော်လည်း လက်တွေ့လူမှုဘဝတွင် သင်ကြားရေးမဏ္ဍိုင် ကျောင်းသုံး၊ ရုံးသုံးဘာသာစကားကို အားပြုရသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ခန့်ရှိ၍ တိုင်းရင်းသားဘာသာစကားပေါင်းစုံနှင့် ဒေသိယစကားပေါင်းစုံရှိပါသည်။ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးမြန်မာလူမျိုးကျောင်းအုပ်ကြီး စာပေနှင့် ဘာသာဗေဒပညာရှင် ဆရာကြီး ဦးဖေမောင်တင်၏ အဆိုအမိန့်အတိုင်းပြောရလျှင် ဤမျှမျှားပြားလှသော တိုင်းရင်းသားလူမျိုးများက ဤမျှမျှားပြားလှသော ဘာသာစကားပေါင်းစုံကို ပြောဆိုနေကြခြင်းမှာ ဝမ်းမြောက်ဖွယ်ကောင်းလှပါသည်။ ဘာသာစကားများကို မပျောက်ပျက်အောင် ထိန်းသိမ်းရေးမှာ အလွန်လိုအပ်လှပါသည်။ ဆရာကြီး မင်းသုဝဏ် မိန့်ဆိုဖူးသကဲ့သို့ ကျေးလက်တေးကဗျာများ၊ ရိုးရာပုံပြင်များ၊ ဒေသိယစကား၊ တိုင်းရင်းသားဘာသာစကားနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းခြင်းသည် အမျိုးသားရေးကုသိုလ်ကို ဆည်းပူးခြင်းတစ်မျိုးပင်ဖြစ်သည်ဟူသည့်အတိုင်း တိုင်းရင်းသားဘာသာစကားများကို ထိန်းသိမ်းရန် ဆောင်ရွက်ခြင်းမှာ အမျိုးသားကုသိုလ်ပင်ဖြစ်ပါသည်။

ထိုသို့ထိန်းသိမ်းရာတွင် အခြေခံပညာမူလတန်းများမှစ၍ သက်ဆိုင်ရာတိုင်းရင်းသားဒေသဘာသာစကားနှင့်(စာပေရှိပြီးလျှင်)စာပေများ တတ်ကျွမ်းအောင်သင်ကြားပေးခြင်း၊ စာပေမရှိသေးသော ဘာသာစကားများအတွက် စာပေတီထွင်ပေးခြင်း၊ ရိုးရာဓလေ့ထုံးစံများကို မြတ်နိုးစောင့်ရှောက်တတ်ရန် လမ်းညွှန်ပို့ချပေးခြင်း၊ ယင်းသင်ကြားပို့ချမှုများကို အချိန်ပို(စိတ်ကြိုက်) ဘာသာတစ်ရပ်အဖြစ် သင်ကြားရာမှ (တိုင်းရင်းသားလူမျိုးစု ဦးရေအချိုးအစားများလျှင် များသလို) ကျောင်းချိန်အတွင်း သင်ကြားပို့ချပေးနိုင်လျှင် သင်ကြားပို့ချပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တက္ကသိုလ်ကြီးများတွင် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ဖော်ပြပြီးခဲ့သည့် လုပ်ငန်းများ အရှိန်အဟုန်ရလာလျှင် ရန်ကုန်၊ မန္တလေးတို့ကိုအစပြုပြီး မော်လမြိုင်၊ တောင်ကြီး၊ စစ်တွေ၊ မြစ်ကြီးနားစသည့် တက္ကသိုလ်များတွင် ဒေသအလိုက် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်များ သီးခြားဖွင့်လှစ်ပေးခြင်းတို့ဖြင့် စနစ်တကျအကောင်းဆုံး ဆောင်ရွက်ပေးနိုင်သည်။ ထိုကဲ့သို့ ဒီပလိုမာသင်တန်းများ ဖွင့်ပေးနိုင်လျှင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်များ ဖွင့်ပေးနိုင်လျှင် မြန်မာပြည်အတွင်းမှ တိုင်းရင်းသားရေးရာကို စိတ်ပါဝင်စား သူများ၊ ဘာသာစကားနှင့် လူမှုဗေဒသုတေသီများ၊ မြန်မာ့တိုင်းရင်းသားဘာသာ၊ စာပေနှင့် ဓလေ့ထုံးစံကို စိတ်ပါဝင်စားသော နိုင်ငံခြားသားပညာသင်များ၊ သုတေသီများ တက်ရောက်လေ့လာဆည်းပူးခွင့်ရကြမည်ဖြစ်ပါသည်။ တိုင်းရင်းသားဘာသာ စာပေယဉ်ကျေးမှုကိုလည်း မြှင့်တင်ပြီး ဖြစ်သွားပါမည်။

ယခုလောလောဆယ်တွင် ကြားသိနေရသော တိုင်းရင်းသားဒေသအားလုံး၌ သက်ဆိုင်ရာသင်ရိုးအားလုံးကို မိခင်တိုင်းရင်းသားဘာသာစာပေတို့ကို အခြေပြုသင်ကြားရမည်ဟုအရေးဆိုနေသော တောင်းဆိုသံသည် ကောင်းပင် ကောင်းကြားသော်လည်း လက်တွေ့ဆောင်ရွက်ရန် အလွန်ခက်ခဲလှပါသည်။ ထိုတောင်းဆိုသံသည် သီအိုရီ(ပုံသေနည်းအရ)မှန်ကန်ပါသည်။ သို့သော် လက်တွေ့အလုပ်မဖြစ်နိုင်သောသီအိုရီဖြစ်သည်။

ကျွန်ုပ်ကိုယ်တိုင် ရန်ကုန်၊ မန္တလေးတို့ကိုအစပြုပြီး မော်လမြိုင်၊ တောင်ကြီး၊ စစ်တွေ၊ မြစ်ကြီးနားစသည့် တက္ကသိုလ်များတွင် ဒေသအလိုက် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်များ သီးခြားဖွင့်လှစ်ပေးခြင်းတို့ဖြင့် စနစ်တကျအကောင်းဆုံး ဆောင်ရွက်ပေးနိုင်သည်။ ထိုကဲ့သို့ ဒီပလိုမာသင်တန်းများ ဖွင့်ပေးနိုင်လျှင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်များ ဖွင့်ပေးနိုင်လျှင် မြန်မာပြည်အတွင်းမှ တိုင်းရင်းသားရေးရာကို စိတ်ပါဝင်စား သူများ၊ ဘာသာစကားနှင့် လူမှုဗေဒသုတေသီများ၊ မြန်မာ့တိုင်းရင်းသားဘာသာ၊ စာပေနှင့် ဓလေ့ထုံးစံကို စိတ်ပါဝင်စားသော နိုင်ငံခြားသားပညာသင်များ၊ သုတေသီများ တက်ရောက်လေ့လာဆည်းပူးခွင့်ရကြမည်ဖြစ်ပါသည်။ တိုင်းရင်းသားဘာသာ စာပေယဉ်ကျေးမှုကိုလည်း မြှင့်တင်ပြီး ဖြစ်သွားပါမည်။

ယခုလောလောဆယ်တွင် ကြားသိနေရသော တိုင်းရင်းသားဒေသအားလုံး၌ သက်ဆိုင်ရာသင်ရိုးအားလုံးကို မိခင်တိုင်းရင်းသားဘာသာစာပေတို့ကို အခြေပြုသင်ကြားရမည်ဟုအရေးဆိုနေသော တောင်းဆိုသံသည် ကောင်းပင် ကောင်းကြားသော်လည်း လက်တွေ့ဆောင်ရွက်ရန် အလွန်ခက်ခဲလှပါသည်။ ထိုတောင်းဆိုသံသည် သီအိုရီ(ပုံသေနည်းအရ)မှန်ကန်ပါသည်။ သို့သော် လက်တွေ့အလုပ်မဖြစ်နိုင်သောသီအိုရီဖြစ်သည်။

ရှင်းပါမည်။ တိုင်းရင်းသားလူမျိုးစုကြီးများကို အုပ်စုခွဲထားသော်လည်း ယင်းလူမျိုးစုများတွင် ဘာသာစကားများစွာ ကွဲပြားနေပါသည်။ သာဓကအားဖြင့် ချင်းဘာသာစကားတွင် တီးတိန်နယ်၊ ဖလမ်းနယ်၊ ဟားခါးနယ်၊ မင်းတပ်နယ်၊ မတူပီနယ်၊ ပလက်ဝနယ်၊ မြေပြန့်ဒေသများ(အရှိုချင်း)၊ လူရှေချင်းနယ် စသည့်ဘာသာစကားအုပ်စုကြီးရှစ်ခုရှိသည်။ ယင်းတို့မှ ကွဲပြားသွားသော ဘာသာစကားပေါင်း ၅၀ ကျော်ခန့်ရှိသည်ဟု သုတေသနမှတ်တမ်းများအရ သိရသည်။ ချင်းဘာသာတွင် တစ်မျိုးသားလုံးသုံးနိုင်သော ဘုံဘာသာစကား Common Language လည်းမရှိသေးပါ။ ဒေသတစ်ခုတည်းမှာပင်လျှင် တောင်ရိုး တစ်ရိုး၊ နှစ်ရိုးကျော်ရုံနှင့် ဘာသာစကားများကွဲပြားသွားသည်လည်း ရှိပါသည်။ ထိုမျှများပြားသော ဘာသာစကားများအတွက် ဒေသတစ်ခုလျှင် ဘာသာစကားတစ်ခုစီနှင့် သင်ကြားပေးရန် အဆင်ပြေရန်မဟုတ်ပါ။ သင်ပေးနိုင်သည်ဆိုပါဦး ထိုကျောင်းသား ကျောင်းသူတို့ တက္ကသိုလ်၊ ကောလိပ်စသည် ထိုသို့တက်သောအခါ သူတို့အတွက် သူတို့ကျွမ်းကျင်သော ဘာသာစကားဖြင့် ကူညီရှင်းပြပေးနိုင်သူ မည်မျှရှိနိုင်ပါမည်နည်း။ အခြေခံသင်ရိုးတို့ကိုပင်လျှင် သက်ဆိုင်ရာဘာသာရပ်များကို ပြည့်စုံအောင် ဘာသာပြန်ဆိုနိုင်ရန် အချိန်အလွန်ပေးရပါလိမ့်မည်။ တက္ကသိုလ်၊ ကောလိပ်တို့၌ ပို၍ခက်ခဲပါလိမ့်မည်။ ဤဘာသာပြန်သင်ရိုးအခက်အခဲကို ဖြေရှင်းနေရသည်နှင့်ပင် နှစ် ၅၀ မှ နောက်ကောက်ကျခဲ့ရသော မြန်မာနိုင်ငံရှိ ပညာရေးမှာ နောက်ထပ် နှစ်နှစ်ဆယ်ခန့် အချိန်ဖြုန်းနေရဦးမည်ထင်ပါသည်။

ဤသည်မှာ သာဓကတစ်ခုသာဖြစ်ပါသည်။ ကျန်တိုင်းရင်းသားဘာသာစကားအုပ်စုကြီးတို့တွင်လည်း ဘာသာစကားခွဲများစွာရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်လည်း တိုင်းရင်းသားဘာသာစကားအုပ်စုပေါင်းများစွာရှိကြပါမည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ လီဆူ၊ လားဟူ၊ ဗမာ၊ တောင်ရိုး၊ ခန့၊ အင်းသားစသည့် တိုင်းရင်းသားပေါင်းစုံရှိကြပါသည်။ ဤသို့ဆိုလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဘာသာရပ်များကို တိုင်းရင်းသားဘာသာစကားတစ်ခုစီဖြင့် သင်ကြားသင်ယူရန် စီစဉ်ရမည်ဆိုလျှင် သင်ရိုးစုံဘာသာပြန်ရခြင်း အပါအဝင် ကြိုတင်စီစဉ်ရမည့်ကိစ္စများမှာ ဝန်နှင့်အားမမျှအောင်ပင်ဖြစ်ရပြီး လက်တွေ့တွင်လည်း အလုပ်မဖြစ်နိုင်သည်မှာ သေချာပါသည်။ တောင်ရိုး၊ ခန့၊ အင်းသားတို့သည် မြန်မာဒေသိယများဖြစ်၍ မခက်ခဲလှသော်လည်း ကျန်တိုင်းရင်းသားဘာသာစကားတို့အတွက်မူ အခက်အခဲရှိနိုင်ပါသည်။ ကရင်ပြည်နယ်က ကရင်ဘာသာစကားတစ်မျိုးမျိုးဖြင့် မူလတန်းဆင့်၊ အလယ်တန်းဆင့် ပညာတတ်များပေါ်ထွက်လာမည်။ ကချင်ပြည်နယ်က ကချင်ဘာသာစကားတစ်မျိုးမျိုး(ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လောဝေါ်၊ အတ်ဒီ၊ ပိုင်သာ၊ ဖွန်းစသည်ဖြင့်) ပညာတတ်များပေါ်ထွက်လာမည်ဆိုပါစို့၊ ထိုပညာတတ်တို့ ပုဂ္ဂိုလ်တို့အတွက် ရပ်တည်ကျင်လည်ခွင့်ရှိသော နယ်ပယ်မှာ အလွန်ကျဉ်းမြောင်းသွားပါလိမ့်မည်။

ထို့ကြောင့် အခြေခံပညာသင်ရိုးများကို သက်ဆိုင်ရာ မိခင်ဘာသာစကားဖြင့် မူလတန်းတွင် ၆၀ ရာခိုင်နှုန်း၊ အလယ်တန်းတွင် ၄၀ ရာခိုင်နှုန်း အခြေပြုသင်ကြားရမည်ဟူသော ယူဆချက်မှာ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အားနည်းလှပါသည်။ တိုင်းရင်းသားဘာသာစကားအုပ်စုကြီးတစ်ခုခု၌ ပင်လျှင် ဘာသာစကားမျိုးခွဲများစွာရှိနေသည်ဖြစ်ရာ နယ်တစ်နယ်တွင် ဘာသာစကားတစ်မျိုးစီဖြင့် အခြေပြုဘာသာစကားမျိုးပေါင်းများစွာကို အသုံးပြုနေရမည်ဖြစ်ပါသည်။ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် မလွယ်ကူလှပါ။ တိုင်းရင်းသားဘာသာစကားအချို့တွင် စာပေမရှိသေးသည့်အတွက် ပို၍ခက်ခဲနိုင်ပါသည်။ အထူးသဖြင့် သင်ရိုးပြဋ္ဌာန်းစာများကို သက်ဆိုင်ရာဘာသာစကားနှင့်(စာပေရှိပြီးလျှင်) စာပေသို့ ဘာသာပြန်ဆိုရန်မှာ အချိန်များစွာ ယူရဦးမည်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုကြီး တစ်ခုရှိ ဘာသာစကားအားလုံးတွင် အများသဘောတူသတ်မှတ်ထားသော ဘုံဘာသာစကား (Common Language) မရှိသေးသည့် ဒေသများအတွက် အချိန်ယူနေရဦးမည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့

တိုင်းရင်းသားဒေသအားလုံး၌ သက်ဆိုင်ရာသင်ရိုးအားလုံးကို မိခင်တိုင်းရင်းသားဘာသာစာပေတို့ကို အခြေပြုသင်ကြားရမည်ဟု အရေးဆိုနေသော တောင်းဆိုသံသည် ကောင်းပင် ကောင်းကြားသော်လည်း လက်တွေ့ဆောင်ရွက်ရန် အလွန်ခက်ခဲလှပါသည်။ ထိုတောင်းဆိုသံသည် သီအိုရီ(ပုံသေနည်းအရ)မှန်ကန်ပါသည်။ သို့သော် လက်တွေ့အလုပ်မဖြစ်နိုင်သောသီအိုရီဖြစ်

လွှတ်တော်ရေးရာ

◆ *ပြည်ထောင်စုလွှတ်တော်မှ*

အကောက်ခွန်ဆိုင်ရာ ကတိကဝတ်များနှင့် ပတ်သက်၍ မမျှော်မှန်းနိုင်သည့် အခက်အခဲများကြုံတွေ့ပါက ချင်းချက် တစ်ရပ်အနေဖြင့် လက်ရှိ အကောက်ခွန် ကတိကဝတ်များကို ယာယီအားဖြင့် ပြင်ဆင်ခြင်း (သို့မဟုတ်) အကောက်ခွန်နှုန်းလျှော့ချခြင်းကိုခေတ္တရပ်ဆိုင်းခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာသဘောတူ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံ တစ်နိုင်ငံတည်း၏ သဘောဖြင့် ဆောင်ရွက်၍မရပါကြောင်း။

ကုန်ပစ္စည်းများအား General Exclusion List စာရင်းတွင် ထည့်သွင်းလိုခြင်းကိစ္စနှင့် ပတ်သက်၍ အာဆီယံကုန်သွယ်ရေး သဘောတူစာချုပ်တွင် ကုန်စည်အုပ်စု(၈) မျိုး သတ်မှတ်ထားခဲ့ပြီး ယင်း(၈)မျိုးတွင် General Exclusion List စာရင်းမရှိပါကြောင်း၊ Schedule H (General Exception List) သာရှိပြီး ယင်းစာရင်းတွင် လက်နက်ခဲယမ်း မီးကျောက်၊ ဘိန်း၊ လောင်းကစားပစ္စည်း၊ ရှေးဟောင်းပစ္စည်း၊ လူ၊ တိရိစ္ဆာန်နှင့် အပင်ပိုးမွှားများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည့် ကုန်စည်အုပ်စုများသာ ထည့်သွင်းရန် သတ်မှတ်ထားပါကြောင်း၊ အဆိုပြု ကုန်စည်အုပ်စု (၉)မျိုးအနက် ဆန်၊ သကြား၊ ကော်ဖီနှင့် လက်ဖက်တို့မှာ Schedule D(Sensitive List)တွင် ပါဝင်ပြီးဖြစ်ပြီး ကျန်ကုန်စည်အုပ်စု (၅)မျိုးတွင် Schedule A(Inclusion List)တွင် ပါဝင်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့ပြင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့် အခြေခံသဘောအပါအဝင် ရင်ဆိုင်ရာကိစ္စများကို ဆွေးနွေးခြင်းအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့သို့ ရှင်းလင်းဆွေးနွေးရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဝန်ကြီးဌာနနှင့် ဦးစီးဌာန ၄ ခု၏ စက်သုံးဆီစရိတ်၊ ပြုပြင်ထိန်းသိမ်းရေးစရိတ်၊ ဧည့်ခံကျွေးမွေးရေးစရိတ်များသည် ယခင်နှစ်များ၏ ပြုပြင်ပြီး သာမန်အသုံးစရိတ်ထက် လျော့နည်းတောင်းခံခဲ့ပါကြောင်း၊ မြန်မာ့သစ်လုပ်ငန်း၏ ပြုပြင်ပြီး သာမန်အသုံးစရိတ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ထက် ပိုမိုတောင်းခံရခြင်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ ဝင်ငွေခွန်များ ထည့်ဝင်ရန်နှင့် ဝန်ထမ်းလစာ လုပ်အားခနှင့် ပင်စင်လစာတိုးမြှင့်ခဲ့ခြင်းအပေါ် ထည့်ဝင်ရန်ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စုစုပေါင်း သာမန်အသုံးစရိတ်တောင်းခံထားခြင်းအပေါ် လစာ၊ လုပ်အားခ၊ ပင်စင်လစာ၊ နိုင်ငံတော်၏ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများ ပေးသွင်းပြီးသည့်အခါ မြန်မာ့သစ်လုပ်ငန်းအတွက် အမှန်တကယ်သုံးစွဲရန်ငွေမှာ အနည်းငယ်သာ ကျန်ရှိတော့မည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးကော်မရှင်နှင့် အုပ်ချုပ်မှုအဖွဲ့အစည်းများကအသုံးစရိတ်များကို အဆင့်ဆင့် စိစစ်ထားပြီးဖြစ်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အရအသုံးဆိုင်ရာ တင်ပြတောင်းခံမှုကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီကထပ်မံ၍ ၅ ရာခိုင်နှုန်း ဖြတ်တောက်မည်ဆိုပါက အခက်အခဲရှိနိုင်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က ကျန်းမာရေးဝန်ကြီးဌာနသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှုအတွက် ဘတ်ဂျက်၏ (၂၅) ရာခိုင်နှုန်းခန့် သုံးစွဲရန်လျာထားပြီး ဆေးကုသမှု လုပ်ငန်းများအတွက် (၆၆)ရာခိုင်နှုန်းသုံးစွဲရန် လျာထားပါကြောင်း၊ တစ်နည်းအားဖြင့် ဘတ်ဂျတ်၏ (၉၀)ရာခိုင်နှုန်းခန့်ကို ပြည်သူများကို တိုက်ရိုက်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများပေးအပ်ရန် သုံးစွဲမည်ဖြစ်ပြီး ကျန်(၁၀)ရာခိုင်နှုန်းကို လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရန် (၄ ဒသမ ၅) ရာခိုင်နှုန်းခန့်နှင့် အုပ်ချုပ်ထောက်ပံ့မှု/သုတေသန လုပ်ငန်းများအတွက် (၄) ရာခိုင်နှုန်းခန့် သုံးစွဲရန်လျာထားပါကြောင်း။

ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ဘတ်ဂျက်ခွဲဝေမှုသည် (၂၅) ရာခိုင်နှုန်းသာရှိသော်လည်း ပြည်တွင်း/ပြည်ပမှရရှိသည့် အကူအညီ အထောက်အပံ့အများစုသည် ပြည်သူ့ကျန်းမာရေးကဏ္ဍကို ရောက်ရှိမည်ဖြစ်သည့်အတွက် လုပ်ငန်းပမာဏသည် ကုသရေးကဏ္ဍနှင့် တန်းတူဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ လယ်ဝေး အားကစားကွင်းအသစ် တည်ဆောက်ခြင်း လုပ်ငန်းတန်ဖိုး ကျပ်သန်း(၂၈၈)သန်း အားကျပ်သန်း(၁၀၀)သို့လည်းကောင်း၊ လယ်ဝေးအားကစားကွင်း မီတာ (၁၀၀) Synthetic Track ခင်းခြင်း လုပ်ငန်းအတွက် လုပ်ငန်းတန်ဖိုးကို (၁၃၇ ဒသမ ၄)သန်းသို့ လည်းကောင်း လျှော့ချ၍ ပါရှိခဲ့ပါကြောင်း။

လယ်ဝေးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီမှ မြေနေရာ အားရှာဖွေပြီး အားကစားဝန်ကြီးဌာနသို့ ပြန်လည်တင်ပြခဲ့ရာ အဆိုပါ မြေသည် (၁၉ ဒသမ ၁၉၇) ဧကရှိပြီး လယ်ဝေးမြို့ရှိ ယာဉ်ပျံ မြောက်အရပ်တွင် တည်ရှိပြီး ၁၉၈၃ ခုနှစ်ကတည်းကပင် လန(၃၉) ခွင့်ပြုချက်ရရှိထားပြီးသော မြေဖြစ်သောကြောင့် လူငယ်အားကစားသမားများ စိတ်ဝင်စားသော ခေတ်မီစံနမူနာ မြို့နယ်အဆင့် အားကစားကွင်း(၁)ကွင်း တည်ဆောက်ပေးနိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတင်ပြတောင်းခံခဲ့ခြင်း ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က စက်မှုဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးအဖွဲ့အစည်းများ အနေဖြင့် ကုန်သွယ်မှုအရှုံးနှင့် ငွေသားလိုငွေများ ဖြစ်ပေါ်ရခြင်းသည် ထုတ်ကုန်ပစ္စည်းများကို စျေးကွက်အတွင်း ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချခြင်းအတွက် အရည်အသွေးနှင့် စျေးနှုန်းယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် အမှာစာရရှိသမျှကိုသာ ထုတ်လုပ်ရောင်းချခြင်းနှင့် နိုင်ငံပိုင်အခန်းကဏ္ဍ လျှော့ချပြီး ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံများကို ပုဂ္ဂလိကသို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်နေပါသဖြင့် ငှားရမ်းခသာ ရရှိခြင်းတို့ကြောင့် ရင်ဆိုင်လျှောနည်းရခြင်း ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

ထို့ကြောင့် စာရေးသူတစ်ဦးတည်း၏ ဆန္ဒကိုတင်ပြလိုပါသည်။ မြန်မာတစ်နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားဒေသများတွင် မူလတန်းပညာသင်ကြားရာ၌ ဆရာ၊ ဆရာမတို့သည် မိမိတို့ရောက်ရှိရာ ဒေသဘာသာစကားကို အခြေခံမျှ ရအောင်ကြိုးစားသင်ယူပြီး ကလေးများအား သင်ရိုးမဏ္ဍိုင်မြန်မာဘာသာစကားနှင့်တိုင်းရင်းသားဒေသဘာသာစကားကို ယှဉ်တွဲလျက်နှစ်ဘာသာသုံးစနစ် bilingualism သဘောမျိုးဖြင့် သက်ဆိုင်ရာ ပြဋ္ဌာန်းဘာသာရပ်များကို ရှင်းလင်းပို့ချပေးသင့်ပါသည်။ ထိုအခါ ကျောင်းသူ ကျောင်းသားတို့သည် ဘာသာရပ်၏ သဘောတရားကိုရော သင်ရိုးမဏ္ဍိုင်မြန်မာဘာသာစကားကိုပါ တတ်ကျွမ်းသွားပါလိမ့်မည်။ ဆရာ ဆရာမတို့အဖို့ ပထမတွင် အခက်အခဲရှိနိုင်သော်လည်း တိုင်းရင်းသားဒေသဘာသာစကားကို တတ်ကျွမ်းသွားခြင်းသည် မိမိတို့အတွက် အမြတ်ကြီးကြီးမားမားရလိုက်ခြင်းဖြစ်ပါသည်။ ဒေသဘာသာစကားကို တတ်ကျွမ်းသွားလျှင် ပျော်စရာ၊ ဝမ်းမြောက်စရာဖြစ်သွားသကဲ့သို့ သင်ကြားရေး၌လည်း ထိရောက်အောင်မြင်နိုင်ပါသည်။ ဆရာတပည့် ဆက်ဆံရေး၌လည်း ပိုမိုနက်ရှိုင်းလေးနက်နိုင်ပါသည်။

မူလတန်းတွင် အခြေခံရသွားပြီးလျှင် အလယ်တန်း၊ အထက်တန်းတို့သို့ ရောက်လျှင် သင်ကြားရေးမဏ္ဍိုင်ဘာသာစကားအတွက် အခက်အခဲမရှိနိုင်တော့ပါ။ အဘယ့်ကြောင့်ဆိုသော ထိုလူငယ်တို့အတွက် မိခင်ဘာသာစကားသည် ပထမဘာသာစကားဖြစ်၍ မြန်မာဘာသာစကားသည် ဒုတိယဘာသာစကားဖြစ်သွားသောကြောင့် ဖြစ်ပါသည်။ ဒေသအခြေအနေအရ အလယ်တန်း၊ အထက်တန်းတို့တွင်လည်း ဆရာ၊ ဆရာမများက လိုအပ်သည့်နေရာများတွင် တိုင်းရင်းသားဒေသသုံး ဝေါဟာရများ၊ အသုံးအနှုန်းများဖြင့် ထပ်ဆင့်ရှင်းပြပေးနိုင်လျှင် ပိုမိုအဆင်ပြေနိုင်ပါသည်။ တိုင်းရင်းသားဒေသတို့၌ အမှုထမ်းရသော (ဒေသခံမဟုတ်သည့်)ဆရာ ဆရာမများအတွက် ဆိုင်ရာတိုင်းရင်းသားဘာသာစကားကို သင်ယူတတ်မြောက်ခွင့်ရခြင်းသည် မဟာအခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။ ဤအခွင့်အရေးကို ပင်ပန်းသည်ဟု မယူဆဘဲ အရအမိယူသင့်ပါသည်။ ဆရာကြီးမင်းသုဝဏ် မိန့်ဆိုသကဲ့သို့ အမျိုးသားရေးကုသိုလ်၊ ပြည်ထောင်စုကုသိုလ်ကို ဆည်းပူးယူခြင်းဟု သဘောထားသင့်ကြပါသည်။ သက်ဆိုင်ရာဒေသတို့တွင် ကျောင်းချိန်ပြင်ပ၌ တိုင်းရင်းသားစကားနှင့်စာပေများကို သင်ကြားပေးနေချိန်တွင် ဝင်ရောက်လေ့လာရုံနှင့်ပင် အလွယ်တကူ နားယဉ် နှုတ်ယဉ် လာနိုင်ပါသည်။

ခြုံ၍ဆိုလျှင် ပညာရေးမူဝါဒများ စည်းမျဉ်းများ ရေးဆွဲရာတွင် သင်ကြားရေးမဏ္ဍိုင်ဘာသာစကားကို တိတိကျကျသတ်မှတ်ထားရန် အလွန်အရေးကြီးပါသည်။ သင်ကြားရေးမဏ္ဍိုင်ရှိမှသာ ပညာရေးစီမံကိန်းများ၏ အကျိုးသက်ရောက်မှု ကြီးမားတိုးတက်နိုင်ပါမည်။ တိုင်းရင်းသားဘာသာစကားနှင့် ဒေသိယဘာသာစကားများ မတိမ်ကောရေး၊ ရေရှည်တည်တံ့ရေး၊ ခေတ်မီတိုးတက်ရေးတို့အတွက်လည်း စနစ်တကျစီမံကိန်းများချမှတ်၍ အခြေခံကျောင်းများတွင် တိုးချဲ့သင်ကြားပေးခြင်း၊ တက္ကသိုလ်များတွင်တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းများဖွင့်ပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များတွင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုတက္ကသိုလ် သီးခြားဖွင့်ပေးခြင်းအပါအဝင် လက်တွေ့ဖြစ်မြောက်နိုင်သော စီမံချက်များကို ပိုင်းဝန်းဆွေးနွေး အကောင်အထည်ဖော်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ဆက်လက်ကြားနာဆောင်ရွက်

နေပြည်တော် မတ် ၁၆

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ကြားနာခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပပြီး ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၏ ဆွေးနွေးချက်များကို ကြားနာခဲ့သည်။

အဆိုပါ ဥပဒေကြမ်းကြားနာရာသို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ် ကိုးဦးတို့က ကော်မတီကိုယ်စားပြု တက်ရောက်ဆွေးနွေးကြသည်။

ထိုသို့ကြားနာဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ဆွေးနွေးကြားနာရေး ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဆွေးနွေးကြားနာရခြင်း၏ရည်ရွယ်ချက်များ၊ လွှတ်တော်၏ဥပဒေပြုရေး လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် လုပ်ထုံးလုပ်နည်းများအား အသေးစိတ်ရှင်းလင်းပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးအတည်ပြုကြရာတွင်လည်း လက်ရှိတည်ဆဲဖြစ်သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျော်လွန်၍ ဆောင်ရွက်ခွင့်မရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်နောက် မောင်ချစ်ဝင်းမောင် စတုတ္ထနှစ်(Civil)၊ မောင်ပြည့်ဖြိုးကျော် တတိယနှစ်(ဓာတုဗေဒ)၊ မောင်သန့်စင်ထွန်း စတုတ္ထနှစ်(Civil)၊ မောင်ဇေယျာလွင် တတိယနှစ်(စီးပွားရေး)၊ မောင်ရဲဇာနည်ထွန်း ဒုတိယနှစ်(ကွန်ပျူတာ)၊ မောင်ပိုင်ရဲသူ တတိယနှစ်(သချာ်)၊ မောင်နန်းလင်း ဒုတိယနှစ်(ရူပဗေဒ)၊ မောင်ဝေမိုးနိုင် စတုတ္ထနှစ်(အင်္ဂလိပ်စာ)၊ မောင်မင်းလွင်ဦး B.E Mechnical တို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လူတိုင်းအကျိုးဝင်ပညာရေး၊ ပညာရေးနှင့် ပတ်သက်သည့်အဖွဲ့အစည်းများတွင် လွတ်လပ်သောပညာရှင်များ ပါဝင်ဖွဲ့စည်းရေးနှင့် ကျောင်းများ၏ အုပ်ချုပ်ရေးနှင့် သင်ကြားရေးပိုင်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည့်အပြင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုသည့် ဥပဒေကြမ်း၏ အုပ်ဒ်များအား တစ်ပုဒ်ချင်းစီအလိုက် ၎င်းတို့၏ အတွေ့အကြုံများအပေါ် အခြေခံ၍ ဆွေးနွေးအကြံပြုကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ကော်မတီ၊ ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးချက်များအပေါ် ပြန်လည်ပေါင်းစပ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ဆက်စပ်ကာ သံလွင်တံတား (ချောင်းဆုံ)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအထူးအဖွဲ့က တည်ဆောက်နေပြီဖြစ်သည်။ ချဉ်းကပ်လမ်းနှင့် တံတားတိုင်များ ဆောင်ရွက်ရေးလုပ်ငန်းများ စတင်လျက်ရှိသည်။

ဘီလူးကျွန်း၌ စက်မှုဇုန်တစ်ခုလည်း တည်ဆောက်ရန်အစီအစဉ်ရှိနေရာ ပြည်ပကုမ္ပဏီအချို့က ရေနက်ဆိပ်ကမ်းအပြင် စက်မှုဇုန်လည်း တည်ဆောက်ရန် စိတ်ဝင်စားလျက်ရှိရာ အကောင်အထည်ဖော်နိုင်ရေး ကြိုးစားလျက်ရှိသည်။

တစ်ဖန် မော်လမြိုင်မြို့ဘက်ကမ်းခြေမှ သံလွင်မြစ်ကိုဖြတ်သန်းပြီး ဘီလူးကျွန်း (ချောင်းဆုံမြို့နယ်) ကော့ညော်ကျေးရွာအနီးသို့ နိုင်ငံတော်ဓာတ်အားပေးစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လျှပ်စစ်ရေလယ်တာဝါတိုင်များ တည်ဆောက်နေပြီဖြစ်သည်။

မွန်ပြည်နယ်တွင် ကုလားကုတ်ကျွန်း၌လည်း ရေနက်ဆိပ်ကမ်း တည်ဆောက်ရန် လေ့လာမှုများ ရှိနေရာ ယခုဘီလူးကျွန်း၌လည်း ရေနက်ဆိပ်ကမ်း တည်ဆောက်ပါက အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)ကိုယ်စားလှယ်အဖွဲ့နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ကို အလေးထား၊ လေးစားဂုဏ်ယူသည့်အတွက် ဖြစ်ပါကြောင်း၊ မနောပွဲတွင် ကချင်တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် မိမိစိတ်ထဲတွင်များစွာ ဝမ်းသာကြည်နူးမိပါကြောင်း၊ ကချင်ပြည်နယ် အေးချမ်းသာယာပြီး ကချင်ပြည်သူများ ယခုကဲ့သို့ ပျော်ရွှင်ချမ်းမြေ့စွာ ထာဝရ နေနိုင်ပါစေရန်လည်း ဆုမွန်ကောင်းတောင်းမိပါကြောင်း။

တကယ်တမ်းတွင် ကချင်ပြည်နယ်သည် တပ်မတော်အစိုးရလက်ထက်က (၁၇) နှစ်လုံးလုံး ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး ငြိမ်းငြိမ်းချမ်းချမ်းနှင့်ရှိခဲ့သည့် ပြည်နယ်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းစွာရှိစဉ် နေထိုင်ခဲ့ရသည့် ကချင်ပြည်နယ်တွင်ရှိသည့် ပြည်သူများ၏ ဘဝနှင့် မငြိမ်းမချမ်းရှိနေသည့် ယခုဘဝနှိုင်းယှဉ်ကြည့်ပါကအကောင်းအဆိုးကို မိမိတို့ ခွဲခြားသိမြင်နိုင်ပါကြောင်း၊ ငြိမ်းချမ်းစွာ နေထိုင်လိုကြောင်း၊ တိုင်းပြည်သာ နစ်နာဆုံးရှုံးခဲ့ရသည်ဆိုသည်ကို အတိတ်က ဖြစ်ရပ်များနှင့် လတ်တလော ဖြစ်စဉ်များက မီးမောင်းထိုးပြနေပါကြောင်း။

ထို့အတွက် ပြည်သူများကို ဒုက္ခရောက်စေသည့်၊ တိုင်းပြည်ဆုံးရှုံးနစ်နာစေသည့် မပြီးဆုံးနိုင်သည့် တိုက်ပွဲများကို လူတစ်စုဖြစ်သည့် မိမိတို့ဆက်ပြီး တိုက်နေကြဦးမည်။ သို့တည်းမဟုတ် ယခုကဲ့သို့ စားပွဲတွင်ထိုင်ပြီး ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းအဖြေရှာကြမည်ဆိုသည်ကို မိမိတို့ အလေးအနက်ထား စဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် မြန်မာနိုင်ငံဟူသည့် နယ်နိမိတ်အတွင်း မွေးဖွားကြီးပြင်း နေထိုင်ကြသည့်သူများ ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အိမ်ကြီးတစ်အိမ်ထဲတွင် အတူတကွ မွေးဖွားကြီးပြင်းလာကြသည့် တိုင်းရင်းသား ညီအစ်ကိုများဖြစ်ကြပါကြောင်း။

မတူကွဲပြားမှု အချို့ ရှိကြမည်ဖြစ်သော်လည်း ဤတိုင်းပြည်သည် မိမိတို့အားလုံးပိုင်သည့် တိုင်းပြည်ခြင်းသည် ပြည်သူများ၏ စစ်မှန်သည့် ဆန္ဒဖြစ်ပါကြောင်း၊ စစ်ဘေးစစ်ဒဏ်ကို ကိုယ်တိုင်တွေ့ကြုံခဲ့ကြရသည့် ပြည်သူများ၏ ခါးသီးသည့်ဘဝကို မိမိတို့ စာနာထောက်ထားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ ငြိမ်းချမ်းရေး ဆောင်ရွက်သည်ဆိုသည်မှာ ပြည်သူများ၏ ငြိမ်းချမ်းလိုသည့်ဆန္ဒကို ကြိုးပမ်းအကောင်အထည်ဖော်နေကြခြင်းပင် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရန်၊ မရရန် စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များသည် မိမိတို့ နှစ်ဖက်သောအဖွဲ့အစည်းများမှ (KEY PLAYER) များပင် ဖြစ်ပါကြောင်း၊ သို့သော်လည်း အကျိုးသက်ရောက်မှုများသည် ပြည်သူ့အားလုံးကို အကျိုးသက်ရောက်စေမည် ဖြစ်ပါကြောင်း၊ လက်နက်နှင့် တိုက်ခိုက်နေရုံမျှဖြင့် မပြီးဆုံးနိုင်ပါကြောင်း၊ ပြည်သူများပင် ဒုက္ခရောက်ကြရပါဖြစ်ပါကြောင်း၊ ပြည်သူများသည်လည်း မိမိတို့အားလုံးနှင့်သက်ဆိုင်သည့် ညီအစ်ကို မောင်နှမများ ဖြစ်ကြပါကြောင်း၊ မိမိတို့ကြောင့် ပြည်သူများအားလုံး ဒုက္ခရောက်ကြရသည့် အဖြစ်မျိုးမဖြစ်စေဘဲ မိမိတို့ကြောင့် ပြည်သူများ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်သွားပြီး တိုင်းပြည်လည်း ဆုံးရှုံးနစ်နာခြင်းမျိုး မဖြစ်တော့ဘဲ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းကို တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်ကာ ကမ္ဘာ့အလယ်တွင် တင့်တယ်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်ဟူသည့် သားစဉ်မြေးဆက် ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တမ်းတစ်ခုကို ချန်ထားရစ်ခဲ့နိုင်ရန် မိမိအနေဖြင့် အလေးအနက် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ငြိမ်းချမ်းစွာနေထိုင်လိုခြင်းသည် ပြည်သူများ၏ စစ်မှန်သည့်ဆန္ဒဖြစ်ပါကြောင်း၊ စစ်ဘေးစစ်ဒဏ်ကို ကိုယ်တိုင်တွေ့ကြုံခဲ့ကြရသည့် ပြည်သူများ၏ ခါးသီးသည့် ဘဝကို မိမိတို့စာနာထောက်ထားကြရမည်ဖြစ်။

ပြည်သူများကို ဒုက္ခရောက်စေသည့်၊ တိုင်းပြည်ဆုံးရှုံးနစ်နာစေသည့် မပြီးဆုံးနိုင်သည့်တိုက်ပွဲများကို လူတစ်စုဖြစ်သည့် မိမိတို့ဆက်ပြီး တိုက်နေကြဦးမည်။ သို့တည်းမဟုတ် ယခုကဲ့သို့ စားပွဲတွင်ထိုင်ပြီး ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းအဖြေရှာကြမည်ဆိုသည်ကို မိမိတို့ အလေးအနက်ထား စဉ်းစားကြရမည်။

ယင်းနောက် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာက ကေအိုင်အိုအနေဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန် လိုလားပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသား ညီလာခံတွင်လည်း ကေအိုင်အိုအနေဖြင့် ပါဝင်တက်ရောက်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၉၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ (၁၇) နှစ်ကြာကာလအတွင်း စစ်ရေးပဋိပက္ခများ မရှိခဲ့ပါကြောင်း၊ ပဋိပက္ခများသည် ကောင်းကျိုးမပေးဆိုသည်မှာလည်း အမှန်တရား၊ အရှိတရား ပင်ဖြစ်ပါကြောင်း၊ သမ္မတကြီး၏ ငြိမ်းချမ်းရေးဖိတ်ခေါ်သည့် မိန့်ခွန်းများကိုလည်း စောင့်ကြည့်လေ့လာခဲ့သည်။

ယင်းနောက် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာက ကေအိုင်အိုအနေဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန် လိုလားပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုခရီးစဉ်သည် ဟန်ပြသွားမည့် နိုင်ငံရေးကစားသည့် ခရီးစဉ်မဟုတ်ပါကြောင်း၊ မြစ်ကြီးနားတွင်ပြုလုပ်ခဲ့သည့် ကွန်ဖရင့်ကတည်းက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အောင်မြင်အောင်လုပ်ဆောင်ရမည့် အဓိကအချက်ကို ရှာဖွေမည်၊ မအောင်မမြင်ဖြစ်စေမည့် အဟန့်အတားမျိုး မပါဝင်အောင်ကြိုးစားမည်ဟု ကတိပြုပြောကြားခဲ့ပါကြောင်း၊ မီဒီယာများနှင့် ပြင်ပအသံအချို့ကြောင့် နှစ်ဖက်စလုံးတွင် ယုံကြည်မှုလျော့နည်းခြင်းများ ရှိနိုင်ပါကြောင်း၊ ခေါင်းဆောင်အချင်းချင်း မတွေ့ဆုံမှတ်သားပြီးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထာဝရတည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးရရှိရေး၊ ယုံကြည်မှုနှင့် အခြေခံကောင်းများ တည်ဆောက်ပြီး အောင်မြင်သည့်အထိ လက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားကာ ကေအိုင်အိုဥက္ကဋ္ဌ၏ ပေးစာကို သမ္မတကြီးထံ လက်ကမ်းပေးအပ်သည်။

ထို့နောက် ကေအိုင်အို ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်က ပြောကြားရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ယမန်နေ့က နွေးထွေးစွာတွေ့ဆုံကြပြီး ရင်းနှီးပွင့်လင်းစွာ ပြောဆိုဆွေးနွေးခဲ့မှုများအပေါ် ဝမ်းသာအားရဖြစ်မိပါကြောင်းနှင့် ရလဒ်ကောင်းများ မျှော်လင့်နိုင်ပြီဖြစ်ပါကြောင်း၊ ကေအိုင်အိုအနေဖြင့် အခြားတိုင်းရင်းသားအဖွဲ့များနှင့်အတူ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး ငြိမ်းချမ်းရေးရရှိစေရန် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့်ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့မှ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွမ်မော်က မိမိအနေဖြင့် ကေအိုင်အိုနှင့် မိမိပါဝင်သည့် NCCT ၏ သဘောထားများကို အနည်းငယ်တင်ပြလိုပါကြောင်း၊ ယခုခရီးစဉ်သည် ဟန်ပြသွားမည့် နိုင်ငံရေးကစားသည့် ခရီးစဉ်မဟုတ်ပါကြောင်း၊ မြစ်ကြီးနားတွင်ပြုလုပ်ခဲ့သည့် ကွန်ဖရင့်ကတည်းက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အောင်မြင်အောင်လုပ်ဆောင်ရမည့် အဓိကအချက်ကို ရှာဖွေမည်၊ မအောင်မမြင်ဖြစ်စေမည့် အဟန့်အတားမျိုး မပါဝင်အောင်ကြိုးစားမည်ဟု အတည်ပြုပြောကြားခဲ့ပါကြောင်း၊ မီဒီယာများနှင့် ပြင်ပအသံအချို့ကြောင့် နှစ်ဖက်စလုံးတွင် ယုံကြည်မှုလျော့နည်းခြင်းများ ရှိနိုင်ပါကြောင်း၊ ခေါင်းဆောင်အချင်းချင်း မတွေ့ဆုံနိုင်ခြင်းသည်လည်း နားလည်မှုများကို အားနည်းနိုင်ပါကြောင်း၊ ယနေ့တွင် ကေအိုင်အိုအမြဲတမ်းဗဟိုကော်မတီဝင် သုံးဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့မှ ခေါင်းဆောင်များ ကိုယ်တိုင် သမ္မတကြီးအား တွေ့ဆုံတင်ပြခွင့်ရရှိသဖြင့် ကျေးဇူးတင်ရှိကြောင်း၊ ကေအိုင်အိုအနေဖြင့် NCCT မှာလည်း ဆက်လက်ပါဝင်ပူးပေါင်းပြီး Process လုပ်ငန်းစဉ်တစ်ခုလုံး အမှန်တကယ်အောင်မြင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားဖို့ ဆန္ဒပြင်းပြစွာရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အတူ တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြစ်စဉ်များနှင့်ပတ်သက်၍ အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စု ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာ အပါအဝင် ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်၊ ဒုတိယ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွမ်မော်၊ ဗိုလ်မှူးကြီး လဖိုင်လ၊ ဗိုလ်မှူးကြီး ခွန်နောင်၊ ဗိုလ်မှူးကြီး ဇော်တောင်၊ ဒုတိယ ဗိုလ်မှူးကြီးဆင်ဝါး၊ ဒုတိယဗိုလ်မှူးကြီး လအောင်တို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ်အဖွဲ့ဝင်များထံ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တိုင်းရင်းသားအားလုံး ပူးပေါင်းထူထောင်ထားသည့် နိုင်ငံဖြစ်၍ တည်ငြိမ်အေးချမ်းစွာဖြင့် လူမှုစီးပွားတိုးတက်ရန် နိုင်ငံသားအားလုံး၏မျှော်လင့်ချက်ဖြစ်

နေပြည်တော် မတ် ၁၆

တိုင်းရင်းသားများ စုစည်းနေထိုင်သော နိုင်ငံတော်ဖြစ်၍ ကောင်းသောအကျိုးရလဒ်များ ခံစားကြရန် အရေးကြီးပါကြောင်း၊ လက်ရှိဆောင်ရွက်နေသော ကိစ္စရပ်များသည် နိုင်ငံတော်ရှေ့ဆက် လျှောက်လှမ်းရမည့် လမ်းကြောင်းအတွက်ကောင်းသော လုပ်ဆောင်မှုများ၊ အကျိုးကျေးဇူးများ ဖြစ်ထွန်းရန် လိုအပ်ကြောင်း၊ ယခုတွေ့ဆုံမှုအား ကြိုဆိုပါကြောင်း၊ အနာဂတ်အတွက်လည်း အမှန်တကယ် မျှော်လင့်ပါကြောင်း၊ တိုင်းပြည်အတွက် ငြိမ်းချမ်းရေးရောင်ခြည်သန်းပြီဟု ဆိုနိုင်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)မှ ဒေါက်တာလဂျာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာ လဂျာ၊ ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်၊ ဒုတိယစစ်ဦးစီးချုပ် အက်စ်ဝွမ်မော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို)၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် သဘောထားအား သိရှိရရှိ ဝမ်းမြောက်ပါကြောင်း၊ KIO / KIA ၏ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ ပွင့်လင်းစွာ တင်ပြမှုအတွက်လည်း ဝမ်းသာပါကြောင်း၊ ယနေ့နိုင်ငံတော်သည် ပါတီစုံပါဝင်သည့် ပြည်သူလူထု အုပ်ချုပ်မှုစနစ်ဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေကြောင်း၊ သွားနေသည့်လမ်းကြောင်းတူသော်လည်း လက်ဝဲလက်ယာ စသည်ဖြင့် ပါတီအဖွဲ့အစည်းများ တစ်ခုနှင့်တစ်ခု မူဝါဒကွဲလွဲမှု အကောင်အထည်ဖော်ဆောင်ရာတွင် ကွဲပြားမှုများ ရှိနိုင်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံး ဝိုင်းဝန်းလုပ်ဆောင်နေမှုတို့တွင် ခိုင်မာစွာ ပါဝင်ဆောင်ရွက်နေကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရာတွင် Intention မှန်ဖို့လိုကြောင်း၊ သဘောထားမှန်မှန်ကန်ကန်နှင့် လုပ်ဆောင်မှုအားလုံးကိုလည်း ကြိုဆိုပါကြောင်း၊ တပ်မတော်အနေဖြင့် ပဋိပက္ခများတွင် လက်နက်ကိုင်ဖြေရှင်းမှုအား မလိုလားဆုံးဖြစ်ကြောင်း၊ တိုက်ပွဲများကြောင့် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများအတွက် မြန်မာတိုင်းရင်းသားများသာ ဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုမှာလည်း နစ်နာဆုံးရှုံးရကြောင်း၊ တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လျှော့သွားသော အင်အားကို Recuriting လုပ်၍ စုဆောင်းဖြည့်တင်းနိုင်သော်လည်း ပြည်သူလူထု၏ သားသမီးများ ဆုံးရှုံးပါက ပြန်လည်ဖြည့်၍မရနိုင်သဖြင့် ဆုံးရှုံးမှု ကြီးမားသောကြောင့် နက်နက်နဲနဲ ထည့်သွင်း စဉ်းစားပါကြောင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးမူများကိုလည်း ဖြစ်နိုင်သလောက် အပြုသဘောဆောင်ပြီး ဆောင်ရွက်စေလိုပါကြောင်း၊ တပ်မတော်ပိုင်းတွင် စစ်စည်းကမ်းကောင်းမွန်ခြင်းနှင့် အမိန့်နာခံခြင်းကို အခြေခံပြီး တစ်သွေးတည်း၊ တစ်သံတည်း၊ တစ်စိတ်တည်းဖြင့်၊ ညီအစ်ကိုစိတ်ဓာတ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ တိုင်းရင်းသား အဖွဲ့အစည်းများ အနေဖြင့်လည်း အောက်ခြေအဆင့်အထိပါ နားလည်လိုက်ပါ လုပ်ဆောင်စေခြင်းဖြင့် သံသယများကို လျှော့နည်းပယျောက်စေနိုင်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရန် အမှန်တကယ်လိုလားပါကြောင်းဖြင့် ပြောကြားပြီး လတ်တလောဖြစ်ပျက်နေသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာက နိုင်ငံတော်တည်ငြိမ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် တပ်မတော်က ကြိုးပမ်းဆောင်ရွက်ချိန်ဖြစ်ပြီး အားလုံးလိုက်နာမှ အောင်မြင်မည်ဆိုသည့် သဘောထားကို မိမိတို့တွင်လည်း ရှိပါကြောင်း၊ တိုင်းရင်းသားအားလုံး စုစည်း ပူးပေါင်းထူထောင်ထားသည့် နိုင်ငံဖြစ်၍ တည်ငြိမ်အေးချမ်းစွာဖြင့် လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရန်မှာလည်း နိုင်ငံသားအားလုံး၏ မျှော်လင့်ချက်ဖြစ်သည်မှာ အမှန်တရားပင်ဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ဖြေရှင်းရန် တိုင်းရင်းသားအားလုံး ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် လတ်တလောဖြစ်ပေါ်မှုများအပေါ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်မှ ယခုကဲ့သို့ နွေးထွေးစွာ ကြိုဆို၍ ရင်းနှီးပွင့်လင်းစွာ နှစ်ဖက်အပြန်အလှန် ဆွေးနွေးခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားသည်။

ဒုတိယစစ်ဦးစီးချုပ် အက်စ်ဝွမ်မော်က NCA လက်မှတ်ရေးထိုးမှုသည် နောင်တစ်ချိန် တိုက်ပွဲများ အတွက် ပြင်ဆင်ခြင်းမဖြစ်စေလိုဘဲ နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးတို့တွင် လက်တွေ့ကျကျ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး တည်ငြိမ်အေးချမ်းစွာအတူတကွ ပေါင်းစည်းနေထိုင်လိုစိတ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် လက်ရှိဖြစ်ပျက်နေသော အခြေအနေအရပ်ရပ်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(မြဝတီ)**

ထာဝရငြိမ်းချမ်းရေးဆီသို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀နာရီတွင် ကချင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာနှင့် အဖွဲ့အား နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံခြင်းသည် နိုင်ငံတော်သမ္မတနှင့် (ကေအိုင်အို) အဖွဲ့တို့ ပထမဦးဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်သော်လည်း ယုံကြည်မှုတည်ဆောက်ခြင်းကို ပိုမိုခိုင်မာအောင် ပြုလုပ်နိုင်ခဲ့ကြပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် (ကေအိုင်အို) အနေဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက် တော့မည်ဖြစ်သည်။ သို့ဖြစ်၍ ဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြသည့် တာဝန်ရှိသူများ၏ ငြိမ်းချမ်းရေး စကားသံများကို ဖော်ပြလိုက်ပါသည်-

ဦးအောင်မင်း
ပြည်ထောင်စုဝန်ကြီး

ဗိုလ်မှူးကြီး ဇော်တောင်

ဗိုလ်ချုပ် ဝွမ်မော်

ဦးအောင်မင်း
ပြည်ထောင်စုဝန်ကြီး

ကျွန်တော်တို့ ဒီနေ့လုပ်တဲ့ပွဲကတော့ နိုင်ငံတော်သမ္မတကြီးက KIA, KIO ကချင်တိုင်းရင်းသား ခေါင်းဆောင်တွေကို တွေ့ဆုံတဲ့ပွဲဖြစ်ပါတယ်။ သမ္မတကြီး နိုင်ငံခြားသွားခဲ့ပြီးတော့ အလုပ်တွေမအားလပ်တဲ့ကြားထဲမှာ ဒုတိယသမ္မတဦးစီးပြီး ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေမနေ့က MICC-2 မှာ အစည်းအဝေးလုပ်ခဲ့ပါတယ်။ သမ္မတကြီးကလည်း အခုတိုင်းရင်းသားခေါင်းဆောင်တွေကို လက်ခံတွေ့ဆုံပြီးတော့မှ ဆွေးနွေးပွဲလုပ်တာ ဖြစ်ပါတယ်။ ဒီမှာလည်း တိုင်းရင်းသားတွေဘက်က တင်ပြတာတော့ အဓိကအားဖြင့် တိုင်းပြည်က မခွဲထွက်ဘူး။ နောက်ပြီး ကျွန်တော်တို့ငြိမ်းချမ်းရေးကို မရောက်ရောက်အောင်သွားမယ်ဆိုတာကို အဓိကထားပြီးတော့ သူတို့က ကတိပြုပြီးပြောဆိုတာရှိပါတယ်။ ဒါကြောင့်မို့ ဘာပဲဖြစ်ဖြစ် ဒီနေ့သမ္မတကြီးနဲ့တွေ့တဲ့ပွဲဟာ ကောင်းမွန်တဲ့ပွဲဖြစ်ပါတယ်။ ယုံကြည်မှုတွေပိုပြီးတော့ တည်ဆောက်နိုင်တယ်လို့ ပြောလို့ရပါတယ်။ သိပ်မကြာခင်ကာလမှာလည်း ငြိမ်းချမ်းရေးတွေရတော့ မယ်လို့ ဒီလိုပဲ မျှော်လင့်တဲ့အကြောင်း တင်ပြလိုပါတယ်။

ဗိုလ်မှူးကြီးဇော်တောင်(ဗဟိုကော်မတီဝင်)
ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)

သမ္မတကြီးနဲ့ ကျွန်တော်တို့ KIO အဖွဲ့အနေနဲ့ကတော့ ပထမအကြိမ်တွေ့တာပေါ့နော်။ ဒီနေပြည်တော်မှာ ရောက်နေတဲ့အချိန်မှာ သမ္မတကြီးနဲ့ တွေ့ခွင့်ရတယ်၊ ပြီးတော့ ကျွန်တော်တို့က (၇) ကြိမ်မြောက် NCCDနဲ့ UPWC တွေ့တဲ့ တွေ့ဆုံဆွေးနွေးပွဲကို ကျွန်တော်တို့ KIO ကိုယ်စားလှယ်အနေနဲ့ ပါဝင်မှာဖြစ်တဲ့အတွက် ရန်ကုန်ကိုသွားရင်းနဲ့ ဝင်ခဲ့တာဖြစ်ပါတယ်။ ပြီးတော့မှ အခုချိန် KIO ဗဟိုကော်မတီဝင်ရှစ်ယောက် အင်အားပြည့် ပါဝင်တယ်ဆိုတာက KIO အနေနဲ့ NCCD ရဲ့ Peace Process မှာ အင်တိုက်အားတိုက် ပါဝင်ဖို့ရှိတယ်ဆိုတာ ဒီမှာ သမ္မတကြီးကို တင်ပြထားတာဖြစ်ပါတယ်။

အခုဒီလို နိုင်ငံတော်အကြီးအကဲတွေနဲ့ တွေ့ရတဲ့ အချိန်မှာ ကျွန်တော်တို့ KIO ရဲ့လက်ခံထားတာတွေကို ပွင့်ပွင့်လင်းလင်း ပြောနိုင်တဲ့အတွက်ကြောင့် ဝမ်းသာရပါတယ်။

ကျွန်တော်တို့ KIO အနေနဲ့ကတော့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုရရှိဖို့အတွက် အခုသွားနေတဲ့ လမ်းကြောင်းကနေပဲ ဆက်လက်ပြီးတော့ အင်တိုက်အားတိုက် ပါဝင်သွားမယ်ဆိုတာကိုပြောကြားလိုပါတယ်။

ဗိုလ်ချုပ်ဝွမ်မော်
ဒုတိယစစ်ဦးစီးချုပ် ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)

ကျွန်တော်တို့ကတော့ အခုလို သမ္မတနဲ့တွေ့ဆုံတဲ့ အခါမှာ ကေအိုင်အို၊ သဘောထားတွေကို ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့ပါတယ်။ ကချင်လူမျိုးတွေ ကေအိုင်အိုကနေ ပြည်ထောင်စုထဲမှာ ဘယ်လိုပါဝင်ခဲ့တယ်၊ ဒီပြည်ထောင်စုကြီးရဲ့ ငြိမ်းချမ်းရေးခရီးစဉ်မှာ ကေအိုင်အိုက ဘယ်လိုပါဝင်သွားဖို့ ဆန္ဒရှိတယ်ဆိုတာအတိုအကျ ကျွန်တော်တို့ ပြောဆိုခဲ့တာဖြစ်ပါတယ်။ ကေအိုင်အို၊ ရဲ့သဘောထားနဲ့(၆၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ သဘောထားထုတ်ပြန်ချက်အပေါ်မှာရယ်၊ နောက်အခု ရှေ့ဆက်ပြီးသွားမယ့် Peace Process အပေါ်မှာ ကေအိုင်အိုက အောင်မြင်အောင် ဘယ်လိုသွားမလဲဆိုတဲ့ အချက် (၃)ချက်ကို အဓိကပြောတာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ဒီစစ်မှန်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုပုံစံအတိုင်းသွားမှာဖြစ်ပါတယ်။ ပြီးတော့ ပြည်ထောင်စုထဲမှာ အတူတကွနေထိုင်ခဲ့ကြတဲ့ ကချင်လူမျိုးတွေ ဘိုးစဉ်ဘောင်ဆက်ကတည်းက ကျွန်တော်တို့ ဆန္ဒအမှန်နဲ့ တည်ရှိနေခဲ့ကြတယ်ဆိုတာ အားလုံးကို ကျွန်တော်တို့ အသိပေးလိုတာ ဖြစ်ပါတယ်။ ဒီတစ်ခေါက် (၇)ကြိမ်မြောက်ဟာ အရေးကြီးပါတယ်။ ကျွန်တော်တို့ NCCT မှာက (၁၆)ဖွဲ့ရှိပါတယ်။ ဒီ ၁၆ဖွဲ့ရဲ့ သဘောထားတွေကို သေချာစုစည်းပြီး ကျွန်တော်တို့ ဒီနိုင်ငံတော်မှာသွားနေတဲ့ လမ်းစဉ်တစ်ခုလုံးမှာ Time Frame က အရေးကြီးတယ်ဆိုတာလည်း ကေအိုင်အိုက နားလည်ပါတယ်။ အဲဒီတော့ Time Frame ကို အမိလိုက်နိုင်ဖို့နဲ့ ကျွန်တော်တို့နှစ်ဖက် အတိုးအလျှော့နဲ့ ညှိနှိုင်းနိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ကေအိုင်အိုအနေနဲ့ကတော့ အမျိုးသားညီလာခံကတည်းက တင်ပြချက်တွေ အကုန်လုံးကို တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ အချက်တွေကို အဓိကထားပါတယ်။ ပြည်ထောင်စုအရေးပေါ့။ အဲဒီတော့ အခုလို ဆွေးနွေးပွဲတွေမှာ ပြည်သူလူထုတစ်ရပ်လုံးက အကောင်းမြင်သဘောမျိုးနဲ့ ကြည့်ရှုပြီးတော့ ကြားကနေပြီးပြောနေတဲ့အသံတွေကိုအဓိက နားမထောင်ဘဲ သွားနေတဲ့ Process အပေါ်မှာထောက်ခံကြဖို့ ပြောလိုပါတယ်။ ကျွန်တော်တို့ အောင်မြင်အောင် လုပ်သွားမှာဖြစ်တယ်လို့ အားလုံးကို သတင်းကောင်းပေးလိုပါတယ်။ အလုပ်တွေမအားတဲ့ကြားထဲကနေ နိုင်ငံတော်သမ္မတကြီးက ကျွန်တော်တို့နဲ့ တွေ့ဆုံတာဖြစ်ပါတယ်။ ဒါတကယ်ခြေလှမ်းအသစ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကေအိုင်အိုတွေနဲ့ နေပြည်တော်မှာ အခုလို နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တွေ့ဆုံတာ ပထမအကြိမ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ခြေလှမ်းအသစ်အနေနဲ့ ရှေ့ဆက်ပြီးသွားဖို့ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မြန်မာ့သတင်းစဉ်အဖွဲ့

ဆောင်းပါး

(နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၆၈)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး)

နိုင်ငံတကာမျက်နှာစာမှာ ဂုဏ်သိက္ခာမြင့်မားလာသောမြန်မာ

တက္ကသိုလ် – ဟန်စိုးဦး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကို ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်နေ့မှာ စတင်တည်ထောင်ဖွဲ့စည်းခဲ့တာဖြစ်တဲ့အတွက် ဒီကနေ့ဟာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ (၆၈) နှစ်ပြည့်မြောက်တဲ့ အခါသမယဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါးအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ သမိုင်းကြောင်းနဲ့ ဆောင်ရွက်ချက်များကို အများပြည်သူများ သိရှိစေရေးအတွက် ရေးသားဖော်ပြအပ်ပါတယ်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံခြားရေးမူဝါဒချမှတ်ခြင်းနဲ့ နိုင်ငံတကာအသိုက်အဝန်းနဲ့ ထိတွေ့ဆက်ဆံရာမှာ နိုင်ငံခြားရေးဝန်ကြီးဌာနဟာ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားရေးမူဝါဒ၊ ကာကွယ်ရေးမူဝါဒနဲ့ နိုင်ငံခြားရေးမူဝါဒတို့ဟာ နိုင်ငံတော်ရဲ့ရည်မှန်းချက်များ ထမြောက်အောင်မြင်မှုရရှိရေး၊ နိုင်ငံနဲ့ပြည်သူများရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်ရေးအတွက် ရှေးရှုချမှတ်ထားတဲ့ မူဝါဒတွေဖြစ်ပြီး အပြန်အလှန် ဆက်စပ်မှုရှိသလို အပြန်အလှန်လည်း အထောက်အကူပြုလျက်ရှိပါတယ်။

မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်နေတဲ့ ၁၈၈၅ ခုနှစ်ကနေစပြီး နိုင်ငံရဲ့ နိုင်ငံခြားရေးရာကိစ္စများကို ဗြိတိသျှအစိုးရကိုင်တွယ်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၃၅ ခုနှစ် မြန်မာပြည် အက်ဥပဒေ (The Government of Burma Act, 1935) ပုဒ်မ (၇)အရ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးကိစ္စရပ်များနဲ့တကွ ကာကွယ်ရေး၊ သာသနာရေးကိစ္စရပ်တွေကို မြန်မာနိုင်ငံရဲ့ ဘုရင်ခံက တစ်ချက်လွှတ်အာဏာနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှအစိုးရ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံကို ပြန်လည်ဝင်ရောက်လာတဲ့အချိန်မှာ ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးဌာန (Defence and External Affairs Department) ကို တည်ထောင်ခဲ့ပြီး ဘုရင်ခံရဲ့ အတိုင်ပင်ခံအရာရှိတစ်ဦးက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။

မြန်မာပြည်သူများရဲ့ တောင်းဆိုချက်အရ ၁၉၄၆ ခုနှစ် အောက်တိုဘာလမှာ ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးဌာနကို ဘုရင်ခံရဲ့အမှုဆောင်ကောင်စီအောက်မှာထားရှိခဲ့ပြီး ထိုစဉ်က ဘုရင်ခံ၏အမှုဆောင်ကောင်စီ၊ သဘာပတိဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ ဗြိတိသျှအစိုးရတို့ ဆွေးနွေးသဘောတူညီချက်အရ နိုင်ငံခြားရေးရာကိစ္စများကို မြန်မာနိုင်ငံရဲ့သဘောဆန္ဒအလျောက် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်နေ့မှာ နိုင်ငံခြားရေးဌာန (Foreign Affairs Department) ကို သီးခြားတည်ထောင်နိုင်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ မြန်မာနိုင်ငံဟာ လွတ်လပ်တဲ့အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီးနောက် အဲဒီနှစ် မေလ ၄ ရက်နေ့မှာ နိုင်ငံခြားရေးဌာနကို နိုင်ငံခြားရေးရုံး (Foreign Office) လို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။ တစ်ခါ ၁၉၆၇ ခုနှစ် မေလ ၂၅ ရက်နေ့မှာ နိုင်ငံခြားရေးရုံးအမည်ကနေ လက်ရှိအမည် နိုင်ငံခြားရေးဝန်ကြီးဌာန (Ministry of Foreign Affairs) အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။

လက်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနကို ဝန်ကြီးရုံးနဲ့ ဦးစီးဌာနကြီး (၈) ခုနဲ့ ဖွဲ့စည်းထားပါတယ်။ ဌာနကြီး (၈) ခုကတော့ နိုင်ငံရေးရာဦးစီးဌာန၊ အာဆီယံရေးရာဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန၊ မဟာဗျူဟာနှင့် မူဝါဒရေးရာလေ့လာရေးဦးစီးဌာနတို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့တဲ့ အချိန်ကစပြီး တိကျသောကြားနေရေး နိုင်ငံခြားရေးမူဝါဒ (Positive Neutrality Foreign Policy) ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။ ၁၉၇၁ ခုနှစ်မှာတော့ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒ (Independent Foreign Policy) ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှာတော့ လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒ (Independent and Active Foreign Policy) လို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကြေညာချက် (၃/၈၈) ကို ထုတ်ပြန်ကြေညာပြီး လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးဝါဒကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ "နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ (Independent, Active and Non-aligned Foreign Policy) ကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်" လို့ အတိအလင်း ဖော်ပြထားပါတယ်။

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ဟာ ယနေ့အချိန်အထိ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒမှာ ပင်မအုတ်မြစ်တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိပါတယ်။ ၁၉၅၄ ခုနှစ်မှာ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းရဲ့ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း မြန်မာ၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ဟာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ချမှတ်ခဲ့ကြပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကတော့-

(က) တစ်နိုင်ငံရဲ့ နယ်မြေတည်တံ့မှုနဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊
(ခ) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရန်၊
(ဂ) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရန်၊
(ဃ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နဲ့ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရန်၊
(င) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်တို့ ဖြစ်ပါတယ်။

၁၉၅၄ ခုနှစ်မှာ စတင်ချမှတ်ခဲ့တဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ဟာ ၂၀၁၄ ခုနှစ်မှာ နှစ်ပေါင်း (၆၀) ပြည့်မြောက်ခဲ့တဲ့အတွက် နှစ် (၆၀) ပြည့်အထိမ်းအမှတ်အခမ်းအနားတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ ခမ်းခမ်းနားနားကျင်းပခဲ့ရာမှာ မြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရီကျင့်ဖျင်နဲ့ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာ ဟာမစ် အန်ဆာရီတို့ကိုယ်တိုင် ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအခမ်းအနားကနေ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ရာမှာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်ဖို့အတွက် အပြည်ပြည်ဆိုင်ရာ တန်းတူညီမျှမှုနဲ့ တရားမျှတမှုကို အလေးပေးရာမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးများဟာ အထူးအရေးပါကြောင်း၊ ကမ္ဘာ့နိုင်ငံများအကြားဆက်ဆံရေးမှာ တရားမျှတမှု၊ ယုံကြည်မှု၊ အတူလက်တွဲပါဝင်မှု၊ အပြန်အလှန်လေ့လာသင်ယူမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းဖြင့် ကမ္ဘာ့လူသားများ၏ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းရေးအတွက် မြန်မာ-တရုတ်-အိန္ဒိယ သုံးနိုင်ငံအနေနဲ့ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့ အခြားနိုင်ငံများနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။ အပြန်အလှန်လေးစားမှုနဲ့ တန်းတူညီမျှမှုတွေအပေါ် အခြေခံတဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးများကို လက်ကိုင်စွဲပြီး မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနဲ့ သံတမန်ဆက်ဆံမှုများတည်ထောင်ပြီး ထိတွေ့ဆက်ဆံလျက်ရှိပါတယ်။ နိုင်ငံတကာအသိုက်အဝန်းမှာ တာဝန်ရှိတဲ့အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်နိုင်ဖို့ ကြိုးပမ်းမှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ထူထောင်ထားသောနိုင်ငံများ

၁၉၄၇ ခုနှစ်မှ ယနေ့အချိန်အထိ မြန်မာနိုင်ငံဟာ နိုင်ငံပေါင်း (၁၁၃) နိုင်ငံနဲ့ သံတမန်အဆက်အသွယ် ထူထောင်ထားရှိပြီးဖြစ်ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံမှ သံရုံးများ သွားရောက်ဖွင့်လှစ်ထားပြီး သံအမတ်ကြီးများ ခန့်အပ်ထားတဲ့ နိုင်ငံပေါင်းက (၃၅) နိုင်ငံ ရှိပါတယ်။ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂအထူးအေဂျင်စီများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ကိစ္စရပ်တွေကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့နဲ့ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွေမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများဖွင့်လှစ်ထားပြီး မြန်မာအမြဲတမ်းကိုယ်စားလှယ်တွေ ခန့်အပ်ထားရှိပါတယ်။ ကူးသန်းရောင်းဝယ်ရေး၊ ကုန်သွယ်ရေးမြှင့်တင်ရေးရည်မှန်းချက်နဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၊ နန်နင်းမြို့၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၊ အိန္ဒိယနိုင်ငံ ကော်လကတ္တားမြို့၊ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွေမှာ ဖွင့်လှစ်ထားရှိပါတယ်။ ပြည်ပနိုင်ငံများမှာ ဖွင့်လှစ်ထားတဲ့ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတွေဟာ ပြည်ပနိုင်ငံများမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားတွေရဲ့အရေးကိစ္စတွေကို လည်း ချမှတ်ထားတဲ့ စည်းမျဉ်းဥပဒေများနဲ့အညီ ကူညီဆောင်ရွက်ပေးလျက်ရှိနေကြပါတယ်။ ဒီလိုဆောင်ရွက်ပေးမှုတွေဟာ ယခင်ကတည်းက ရှိခဲ့သော်လည်း ယခုလို သတင်းအချက်အလက်နည်းပညာ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာချိန်ကျမှ ပြည်သူလူထုတွေ ပိုမိုသိရှိလာခဲ့ကြပါတယ်။

မြန်မာအစိုးရသစ်လက်ထက် အောင်မြင်ဖြစ်ထွန်းလာသည့် နိုင်ငံတကာဆက်ဆံရေး

၂၀၁၀ ခုနှစ် မတ်လမှာ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်တဲ့ အစိုးရသစ်တစ်ရပ်ပေါ်ထွက်လာပြီးနောက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်ခဲ့ရာမှာ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကိုလည်း တက်ကြွစွာ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုမှု၊ ကြိုဆိုမှုနဲ့ ထောက်ခံမှုတွေရရှိခဲ့ပါတယ်။ နိုင်ငံတကာအသိုက် အဝန်းနဲ့ ကူးလူးဆက်ဆံမှုတွေ အများအပြား တိုးတက်ဖြစ်ပေါ်လာခဲ့ပါတယ်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဟာ ပြည်ပနိုင်ငံများကို ချစ်ကြည်ရေးခရီးနဲ့ လုပ်ငန်းသဘောခရီး (၃၇) ကြိမ်သွားရောက်ခဲ့ပါတယ်။ အလားတူ မြန်မာနိုင်ငံကိုလည်း ပြည်ပနိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများရဲ့ ခရီးစဉ် (၃၈) ကြိမ်၊ ဒုတိယသမ္မတနဲ့ ဝန်ကြီးများအဆင့် ချစ်ကြည်ရေးနဲ့လုပ်ငန်းဆိုင်ရာ ခရီးစဉ်ပေါင်း (၆၉) ကြိမ် လာရောက်ခဲ့ကြပါတယ်။ အခုလို များပြားလာတဲ့ အပြန်အလှန် သံတမန်ကူးလူးဆက်ဆံမှုဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေး တိုးတက်ဖြစ်ထွန်းအောင်မြင်မှုကို ထင်ဟပ်ဖော်ပြလျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ နှစ်ပေါင်းများစွာ ဆက်ဆံရေးမရှိသေးတဲ့နိုင်ငံများ၊ ဆက်ဆံရေးအေးတိ အေးစက်ဖြစ်နေတဲ့ နိုင်ငံများပင်လျှင် အခုအချိန်မှာ မြန်မာနိုင်ငံနဲ့ ပြန်လည်ဆက်သွယ်ဆက်ဆံမှုများပြုလုပ်လာတာကို တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ တိုးတက်ဖြစ်ထွန်းလာတဲ့ဆက်ဆံရေးမှာ ပြည်ပနိုင်ငံခေါင်းဆောင်များရဲ့ ထူးခြားခရီးစဉ်အချို့ကို ဒီနေရာမှာ မီးမောင်းထိုးဖော်ပြလိုပါတယ်။ အဲဒီခရီးစဉ်တွေကတော့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်ရဲ့ ၂၀၁၂ ခုနှစ် မေလအတွင်း လာရောက်ခဲ့တဲ့ခရီးစဉ်ဟာ နှစ်ပေါင်း (၃၀) အတွင်း တောင်ကိုရီးယားခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံ ခရီးစဉ်ဖြစ်ပါတယ်။ အလားတူ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်ကီးရဲ့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း လာရောက်ခဲ့တဲ့ခရီးစဉ်ဟာ နှစ်ပေါင်း (၆၀) အတွင်း နယူးဇီလန်ခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဖြစ်ပါတယ်။ အမေရိကန်သမ္မတ မစ္စတာအိုဘားမားရဲ့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ လာရောက်ခဲ့တဲ့ခရီးစဉ်ဟာ နှစ်ပေါင်း (၆၅)နှစ်အတွင်း အမေရိကန်ခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံခရီးစဉ် ဖြစ်ပါတယ်။ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးရဲ့ ၂၀၁၃ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံ လာရောက်ခဲ့တဲ့ ခရီးစဉ်ဟာ နှစ်ပေါင်း (၃၆)နှစ်အတွင်း ဂျပန်ခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံ ခရီးစဉ်ဖြစ်ပါတယ်။ ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ်ရဲ့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း လာရောက်ခဲ့တဲ့ ခရီးစဉ်ဟာ နှစ်ပေါင်း (၆၀) အတွင်း ဩစတြေးလျခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဖြစ်ပါတယ်။ မွန်ဂိုလီးယားနိုင်ငံ သမ္မတ ဆာကီယာဂျင် အယ်လ်ဘယ်ဒေါ့ချ်ရဲ့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ လာရောက်ခဲ့တဲ့ခရီးစဉ်ဟာ နှစ်ပေါင်း (၅၇)နှစ်အတွင်း မွန်ဂိုလီးယားခေါင်းဆောင်တစ်ဦးရဲ့ မြန်မာနိုင်ငံ ခရီးစဉ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများတွင် သံရုံးများဖွင့်လှစ်ထားရှိပြီး သံတမန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသလို အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံနဲ့ သံတမန်အဆက်အသွယ်ပြုလုပ်ထားပြီး မြန်မာနိုင်ငံမှာ သံရုံးလာရောက်ဖွင့်လှစ်ထားတဲ့ နိုင်ငံပေါင်းက (၄၄) နိုင်ငံရှိပါတယ်။

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို တည်ထောင်ပြီးတဲ့နောက် မြန်မာနိုင်ငံဟာ ၁၉-၄-၁၉၄၈ ရက်နေ့မှာ ကုလသမဂ္ဂရဲ့ (၅၇) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂမှာ အဖွဲ့ဝင်အဖြစ် စတင်ပါဝင်ခဲ့တဲ့အချိန်ကစပြီး ယနေ့အချိန်အထိ လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးမူဝါဒနဲ့အညီ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံသားဦးသန့်ဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ၁၉၆၁ ခုနှစ် နိုဝင်ဘာလမှ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလအထိ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပထမဆုံး အာရှတိုက်သား ဖြစ်ပါတယ်။ ဦးသန့်ဟာ စေ့စပ်ညှိနှိုင်းမှုမှာ ကျွမ်းကျင်တဲ့ ဝါရင့်သံတမန်တစ်ဦးအဖြစ် ကုလသမဂ္ဂ အသိုက်အဝန်းမှာ အသိအမှတ်ပြုခံရသူတစ်ဦးဖြစ်ပါတယ်။ ဦးသန့်ရဲ့ထင်ရှားတဲ့ ဆောင်ရွက်ချက်တွေအနက် ၁၉၆၂ ခုနှစ် အောက်တိုဘာလအတွင်းမှာ ထိုစဉ်က အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြား ဖြစ်ပေါ်ခဲ့တဲ့ ကျူးဘားဒုံးပျံအရေးအခင်း (Cuban Missile Crisis) ကို သိမ်မွေ့စွာ ကြားဝင်ဖျန်ဖြေစေ့စပ်ပေးနိုင်ခဲ့လို့ ကမ္ဘာက လေးစားရတဲ့ မြန်မာသံတမန်တစ်ဦး ဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ကြီးအပြင် ကုလသမဂ္ဂရဲ့ လက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ (၇၇) နိုင်ငံအုပ်စု၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ စတဲ့ အဖွဲ့အစည်းတွေမှာလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ဒေသဆိုင်ရာအဖွဲ့အစည်းတွေဖြစ်တဲ့ အာဆီယံ၊ ဘင်းမ်စတက် (BIMSTEC)၊ အက်မက်စ် (ACMECS)၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေး (GMS) စတဲ့ အဖွဲ့အစည်းတွေမှာလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ခြင်း

မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ် ဇူလိုင်လမှာ အာဆီယံအဖွဲ့ကြီးရဲ့ အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ အဖွဲ့ဝင်ဖြစ်ပြီး (၁၇) နှစ်ကျော်အကြာ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ရပါတယ်။ အာဆီယံဥက္ကဋ္ဌအဖြစ် ပထမဆုံးအစည်းအဝေးဖြစ်တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများရဲ့ သီးသန့်အစည်းအဝေး (AMM Retreat) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ ပုဂံမြို့၌ ကျင်းပခဲ့ပါတယ်။ (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ဗြေ့လအတွင်း နေပြည်တော်မှာကျင်းပခဲ့ပါတယ်။ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ အခြားဆက်စပ်ထိပ်သီးအစည်းအဝေးတွေကို နိုဝင်ဘာလအတွင်း နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးအတွက် ဘာသာရပ်ဆိုင်ရာ ပြင်ဆင်မှုတွေအပြင် နိုင်ငံတကာက တက်ရောက်လာတဲ့ နိုင်ငံအကြီးအကဲတွေ၊ အစိုးရအဖွဲ့အကြီးအကဲတွေ၊ နိုင်ငံခြားရေးဝန်ကြီးတွေ၊ အဆင့်မြင့်အရာရှိကြီးတွေအပါအဝင် ကိုယ်စားလှယ်တွေအတွက် နေထိုင်စားသောက်ရေး၊ တည်းခိုနေထိုင်ရေး အစစအရာရာ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဘာသာရပ်ပိုင်းမှာလည်း မတူညီတဲ့အကျိုးစီးပွားတွေအတွက် ထိန်းညှိပေးနိုင်တဲ့ ဥက္ကဋ္ဌကြေညာချက် ထုတ်ပြန်နိုင်ဖို့ အဘက်ဘက်ကညှိနှိုင်းဆောင်ရွက်ခဲ့ကြရပါတယ်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေနဲ့လည်း များပြားလှတဲ့ အာဆီယံနဲ့ ဆက်စပ်ထိပ်သီးအစည်းအဝေးတွေ တက်ရောက်စဉ် နှစ်နိုင်ငံဆက်ဆံရေးအတွက် တွေ့ဆုံဆွေးနွေးခွင့် တောင်းခံလာတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ အစိုးရအဖွဲ့အကြီးအကဲတွေကို လက်ခံတွေ့ဆုံနိုင်ဖို့ အစည်းအဝေး အားလပ်ချိန်တွေမှာ အနားမယူနိုင်ဘဲ တွေ့ဆုံခဲ့ရပါတယ်။ ဒီတွေ့ဆုံမှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်နိုင်ဖို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ အာဆီယံအသင်းကြီးရဲ့ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ရုံသာမက နှစ်နိုင်ငံချင်း ဆက်ဆံရေးတိုးမြှင့်နိုင်ဖို့အတွက်လည်း ဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများသာမက ကျန်ကမ္ဘာ့နိုင်ငံများကလည်း ချီးကျူးဂုဏ်ပြုခဲ့ကြပါတယ်။

အနှစ်ချုပ်ပြောရရင် မြန်မာနိုင်ငံမှာ ၂၀၁၀ ခုနှစ်အတွင်း ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွက်လာခဲ့ပြီးနောက်ပိုင်း နိုင်ငံတကာအသိုက်အဝန်းမှာ မြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာ (Image) ဟာ မြင့်မားလ

တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် ဖြေဆိုသူ ၅၄၇၆၉၀ ရှိ

နေပြည်တော် မတ် ၁၆

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက ယနေ့ နံနက် ၉ နာရီတွင် ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဓာတုဗေဒဘာသာရပ်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၅၄၇၆၉၀ ရှိပြီး မြန်မာစာဘာသာရပ် ဖြေဆိုခဲ့သည်နေ့ထက် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၅၀၀၇၈ ဦး လျော့နည်းကြောင်း သိရသည်။ **(သတင်းစဉ်)**

လားရှိုးခ္ဍ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

လားရှိုး မတ် ၁၆

လားရှိုးမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်ကို မတ် ၁၆ ရက်တွင် ဖြေဆိုရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။ လားရှိုးမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ကျောင်းသား ၁၅၇၄ ဦး၊ ကျောင်းသူ ၂၂၀၈ ဦး စုစုပေါင်း ၃၇၈၂ ဦး ဖြေဆိုကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

ရမည်းသင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဆက်လက်ဖြေဆို ညာလက်အရိုးအက် ကျောင်းသူတစ်ဦး ဖြေဆိုခွင့်ရ

ရမည်းသင်း မတ် ၁၆

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်တွင် ၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနလေးခု ဖွင့်လှစ်ထားရှိရာ မတ် ၁၆ ရက်တွင် ဖြေဆိုသော ဓာတုဗေဒဘာသာရပ်တွင် ဖြေဆိုရန် စာရင်းပေးကျောင်းသား ကျောင်းသူ ၂၅၁၅ ဦးအနက် ၂၄၁၁ ဦး လာရောက်ဖြေဆိုသဖြင့် ၉၅ ဒသမ ၈၆ ရာခိုင်နှုန်းဖြစ်ပြီး ပျက်ကွက်သူ ကျောင်းသား ၇၄ ဦးနှင့် ကျောင်းသူ ၃၀ စုစုပေါင်း ၁၀၄ ဦး ဖြစ်သည်။

ပညာရေး ဝန်ကြီးဌာနသည် ကျန်းမာရေး ချို့ယွင်းသူများအား နစ်နာမှုမရှိစေရေးအတွက် စာသင်ခန်းနှင့် ပြည်သူ့ဆေးရုံများတွင် စာဖြေဌာနများ ယာယီဖွင့်လှစ်ပေးခဲ့ပြီး ရမည်းသင်းမြို့ အမှတ်(၁) အထက်တန်းကျောင်း တက္ကသိုလ်ဝင်စာဖြေဌာနတွင် မတ် ၁၁ ရက်မှ ၁၃ ရက်အထိ သုံးဘာသာဖြေဆိုခဲ့ပြီးသော ကျောင်းသူ ခုံအမှတ် မရ-၁၀၉၇ မရတနာဦး (၁၅ နှစ်) (ဘ) ဦးနေလင်း အောင်မင်္ဂလာရပ် ရမည်းသင်းမြို့နေသူမှာ မတ် ၁၅ ရက် ည ၈ နာရီခွဲက အိမ်သာတက်ပြီး အဆင်းတွင် ခြေချော်ကျ၍ ညာလက်ဖြင့်ထောက်လိုက်ရာ အရိုးအက်သွားသဖြင့် ညာလက်ကို အဝတ်ဖြူဖြင့်ချည်နှောင်ကာ ဓာတုဗေဒဘာသာကို လာရောက်ဖြေဆိုခဲ့ရာ တစ်နာရီကျော်တွင် ညာလက်မှာ စာရေးမရအောင် နာကျင်ကိုက်ခဲလာသဖြင့် တာဝန်ရှိ ကြီးကြပ်ရေးမှူးများ၏ ကူညီပေးမှုကြောင့် မရတနာဦးအစား နဝမတန်း ကျောင်းသူ မနှင်းအိနိုင်က မရတနာဦး၏ ဖြေဆိုချက်များကို လိုက်လံရေးသားပေးခဲ့ရသည်။ **(ဝဘ)**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြစ်ကြီးနားမြို့နယ်အတွင်း စာစစ်ဌာန ၁၄ ခု ဖွင့်လှစ်၍ ကျင်းပလျက်ရှိပြီး မတ် ၁၆ ရက်တွင် ဓာတုဗေဒဘာသာရပ်ကို ကျောင်းသား ၂စ၁၅ ဦးနှင့် ကျောင်းသူ ၄၄၅၀ ငြိမ်းချမ်းစွာ ဖြေဆိုပြီး တွေ့ရစဉ်။

မိုးယံးကျ(မြစ်ကြီးနား)

ပြည်တွင်းသတင်း

တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

ပင်းတယ

၂၀၁၄- ၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်က စတင်ကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို စာဖြေဌာနနှစ်ခု ဖွင့်လှစ်၍ ဖြေဆိုရာ ဓာတုဗေဒ၊ ဘာသာအပြီးတွင် စာရင်းရှိ ၉၈၆ ဦးတွင် ဖြေဆို ၉၂၈ ဦး ဝင်ရောက်ဖြေဆိုပြီး ၅၈ ဦး ပျက်ကွက်လျက်ရှိရာ ရာခိုင်နှုန်းအနေဖြင့် ၉၃ ဒသမ ၇၅ ရာခိုင်နှုန်း ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

ကွတ်ခိုင်

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်က စတင်ဖြေဆိုလျက်ရှိရာ ကွတ်ခိုင်မြို့နယ်တွင် စာစစ်ဌာန သုံးခု၌ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၃၃၆ ဦးရှိသည့်အနက် ၁၂၆၂ ဦး အေးချမ်းစွာဖြေဆိုပြီး တာဝန်ရှိသူများက နေ့စဉ်ကြီးကြပ်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ကြီး

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၏ စတုတ္ထနေ့ဖြစ်သော ယနေ့တွင် ဓာတုဗေဒဘာသာရပ်ကို ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ စာစစ်ဌာနပေါင်း ၅၉ ခုတွင် စာရင်းရှိကျောင်းသား ၈၄၈၈ ဦး၊ ကျောင်းသူ ၁၃၅၂၉ ဦး စုစုပေါင်း ၂၂၀၁၇ ဦးဖြစ်ပြီး ဖြေဆိုသူ ကျောင်းသား ၇၇၅၂ ဦး၊ ကျောင်းသူ ၁၂၉၂၈ ဦး စုစုပေါင်း ၂၀၆၈၀ ဖြစ်ပြီး ပျက်ကွက်ကျောင်းသား ၇၃၆ ဦး၊ ကျောင်းသူ ၆၀၁ ဦး စုစုပေါင်း ၁၃၃၇ ဦး ဖြစ်၍ ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၃ ဒသမ ၉၃ ဖြစ်ကြောင်း သိရသည်။ တောင်ကြီးမြို့နယ်အတွင်း စာစစ်ဌာနပေါင်း ၁၃ ခု ရှိပြီး စာရင်းရှိ ၆၄၄၉ ဦး ဖြေဆိုသူ ၆၀၄၀၊ ပျက်ကွက် ၄၀၉ ဦးဖြစ်၍ စုစုပေါင်း ၉၃ ဒသမ ၆၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

(တောင်ကြီး-ကိုယ်မွား)

မင်းလှ

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်က စတင်စစ်ဆေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့ရှိ စာစစ်ဌာနသုံးခု၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

မတ် ၁၆ ရက် ဓာတုဗေဒဘာသာရပ်တွင် ဖြေဆိုသူ ၉၄၇ ဦးနှင့် ပျက်ကွက် ၄၅ ဦးရှိပြီး ကျောင်းသားကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သောအဖွဲ့များနှင့် ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် NGO အဖွဲ့အစည်းများက ကျောင်းစည်းပြင်ပမှ ကူညီစောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

ပေါက်စ(iprd)

စစ်တွေ

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်ကစတင်၍ မြန်မာနိုင်ငံတစ်ဝန်း တစ်ပြိုင်တည်း စစ်ဆေးလျက်ရှိရာ စစ်တွေမြို့နယ်အတွင်းရှိတက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို စာစစ်ဌာန ၁၀ ခုဖြင့် ဖွင့်လှစ်စစ်ဆေးလျက်ရှိပြီး ကျောင်းတွင်းဖြေ၊ အပြင်ဖြေစာရင်းရှိ ကျောင်းသားကျောင်းသူ စုစုပေါင်း ၃စ၁၁ ဦးအနက်မှ ၂၅၂ ဦးဖြေဆိုရန် ပျက်ကွက်ပြီး မတ် ၁၆ ရက်အထိ ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၃၅၅၉ ဦးမှာ မိမိတို့ ဖြေဆိုခွင့်ရ စာစစ်ဌာနအသီးသီး၌ အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း သိရသည်။

မြင့်သူ(စစ်တွေ)

မုဒုံ

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် မွန်ပြည်နယ်တစ်ခုလုံးရှိ စာစစ်ဌာန ၄၄ ခုတွင် ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုရန် စာရင်းပေးထားသူ ၁စ၆၉၅ ဦးအနက် ပျက်ကွက်သူ စ၄၄ ဦး၊ ကျောင်းသား ၄စ၂ ဦးနှင့် ကျောင်းသူ ၃၆၂ ဦး၊ ပျက်ကွက်မှု ရာခိုင်နှုန်း ၄ ဒသမ ၅၁ ရာခိုင်နှုန်းရှိပြီး ဖြေဆိုသူ ကျောင်းသား ၆စ၅၅ ဦးနှင့် ကျောင်းသူ ၁၀၉၉၆ ဦး(ဖြေဆိုမှုရာခိုင်နှုန်း ၉၅ ဒသမ ၄၉ ရာခိုင်နှုန်း)တို့က အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

ကိုချစ်(မုဒုံ)

မန္တလေး

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်အထက စာဖြေဌာနတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်ကို မတ် ၁၆ ရက်က ဖြေဆိုလျက်ရှိရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးလုပ်ငန်းများရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအား ဖိတ်ခေါ်ခြင်း
စိတ်ဝင်စားမှုဖော်ပြချက် (Expression of Interest)

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါနိုင်ငံတော်ပိုင် ခြံ/စက်ရုံ(၃၁) ခုအား စီးပွားရေးအရ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများအား အကျိုးတူနှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများနှင့်နိုင်ငံတော်အတွင်း တရားဝင်ခွဲတ်ပုံတင်ထားသည့် ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များအား စိတ်ဝင်စားမှုဖော်ပြချက် (Expression of Interest-EOI)ခေါ်ယူပြီး တင်ဒါစနစ်ဖြင့် ရွေးချယ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

စဉ်	ခြံ/စက်ရုံအမည်	တည်နေရာ
၁	မွေးမြူရေးဆေးဝါးထုတ်လုပ်ရေးစက်ရုံ	ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်
၂	ဒညင်းကုန်းအစာစပ်စက်ရုံ	ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်
၃	ငါးဆူတောင်ဥစားကြက်ခြံ အမှတ်(၁)	ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်
၄	ငါးဆူတောင်ဥစားကြက်ခြံ အမှတ်(၂)	ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်
၅	ငါးဆူတောင်အသားတိုးဘဲမွေးမြူရေးခြံ	ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်
၆	ရွှေမျှားရွှေမွေးမြူရေးခြံ	ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်
၇	ပျဉ်းမပင်ကြက်မျိုးများမွေးမြူစစ်းသပ်ရေးခြံ	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်
၈	ပျဉ်းမပင်အသားတိုးမျိုးကြက်မွေးမြူရေးခြံ	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်
၉	ပျဉ်းမပင်မျိုးသန့်ကြက်မွေးမြူရေးခြံ	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်
၁၀	ပျဉ်းမပင်စားကျက်စက်မှုစခန်း	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်
၁၁	ပျဉ်းမပင်ဝက်မွေးမြူရေးခြံ	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်
၁၂	ရွာသာကြီးနွားမွေးမြူရေးခြံ	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
၁၃	ရွာသာကြီးအစာစပ်စက်ရုံ	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
၁၄	ရွာသာကြီးဘဲမွေးမြူရေးခြံ	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
၁၅	ရွာသာကြီးယူနစ်(၄)ဘဲမွေးမြူရေးခြံ	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
၁၆	လှော်ကားဝက်မွေးမြူရေးခြံ	ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်
၁၇	ဒိုက်ဦးဝက်သားကုန်ချောစက်ရုံ	ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်
၁၈	ဒိုက်ဦးဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံ	ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်
၁၉	ဘုရားကြီးဝက်မွေးမြူရေးခြံ	ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်
၂၀	ဝမ်းဘဲအင်းမွေးမြူရေးခြံ	ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်
၂၁	ပြင်ဦးလွင်မျိုးရင်းစစ်ကြက်မွေးမြူရေးခြံ	မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်
၂၂	ဇီးပင်ကြီးကြက်မွေးမြူရေးခြံ	မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်
၂၃	မန္တလေးအစာစပ်စက်ရုံ	မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်
၂၄	ပျော်ဘွယ်မွေးမြူရေးခြံ	မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်
၂၅	သဖန်းမွေးမြူရေးခြံ	မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်
၂၆	မြိုင်ဆိတ်မွေးမြူရေးခြံ	မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်
၂၇	တာယောအစာသိုလှောင်ရုံ	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်
၂၈	ဆီဆိုင်မွေးမြူရေးခြံ	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်
၂၉	ဟိုမော်မွေးမြူရေးခြံ	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ သီပေါမြို့နယ်
၃၀	လားရှိုးဝက်မွေးမြူရေးခြံ	ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်
၃၁	ရိုဒ်ခေါဒါရ်မွေးမြူရေးခြံ	ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်

၂။ စိတ်ဝင်စားသူ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် ပဏာမအရည်အချင်းဆန်းစစ်ရန်အတွက် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(EOI)တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်ကို အဆိုပြုဖော်ပြလျက်လိုအပ်သော အထောက်အထားအချက်အလက်များနှင့်အတူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)နေပြည် တော်သို့ ၂၈-၃-၂၀၁၅ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ပါသည်။ ပဏာမအရည်အချင်းဆန်းစစ်၍ အရည်အချင်းပြည့်မီသည့် လုပ်ငန်းရှင်များကိုသာ တင်ဒါဝင်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာပုံစံများအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန Website တွင်လည်းကောင်း၊ ရုံးအမှတ်(၃၆) နေပြည်တော်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနတွင်လည်းကောင်း ရယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၄၀၈၂၀၁၊ ၀၆၇-၄၀၈၄၈၀၊ ၀၆၇-၄၀၈၄၇၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

နိုင်ငံတကာ

ကမ္ဘာ့လက်နက်ခဲယမ်း တတိယအများဆုံးတင်ပို့နိုင်ငံ တရုတ်နိုင်ငံဖြစ်လာ

စတော့ဟုမ်း မတ် ၁၆

တရုတ်နိုင်ငံသည် အမေရိကန်နှင့် ရုရှားတို့ပြီးလျှင် ကမ္ဘာ့တတိယ အကြီးဆုံးလက်နက်တင်ပို့ရောင်းချသည့်နိုင်ငံဖြစ်လာကြောင်း အစီရင်ခံစာအသစ်တစ်ရပ်ထွက်ပေါ်လာသည်။

တရုတ်နိုင်ငံသည် ဂျာမနီ၊ ပြင်သစ်နှင့် ယူကေတို့ကို ကျော်ပြီး ၂၀၁၀ နှင့် ၂၀၁၄ ခုနှစ်အတွင်း လက်နက်များ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စတော့ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနဌာန (SIPRI)က ပြောကြားသည်။ ယခုအခါ ကမ္ဘာ့လက်နက် တင်ပို့မှု၏ ၅ ရာခိုင်နှုန်းခန့်ကို တရုတ်က ရယူထားသည်ဟု အဆိုပါအစီရင်ခံစာက ဖော်ပြသည်။

ကမ္ဘာ့ဒုတိယ စီးပွားရေးအင်အား အကြီးမားဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ငါးနှစ်တာကာလ အတွင်း အာဖရိက ၁၈ နိုင်ငံသို့လည်း လက်နက်များ တင်ပို့နေသည်ဟု ဆိုသည်။

တရုတ်နိုင်ငံ၏ အဓိကလက်နက် တင်ပို့မှုသည် ၂၀၁၄ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ထိုငါးနှစ်မတိုင်မီကထက် ၁၄၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ ထိုကာလများအတွင်း ဂျာမနီက လက်နက်တင်ပို့မှု၏ ၄၃ ရာခိုင်နှုန်း၊ ပြင်သစ်က ၂၇ ရာခိုင်နှုန်းသို့ အသီးသီးကျဆင်းသွားခဲ့သည်။

(ဘီဘီစီ)

အမေရိကန်ရဲအရာရှိများကို ပစ်သတ်မှုဖြင့် လူငယ်တစ်ဦးကို တရားစွဲဆို

မစ်ဆောရီ မတ် ၁၆

အာဖရိကန် အမေရိကန် လူငယ်တစ်ဦးကို မစ်ဆောရီပြည်နယ် ဖာဂူဆန်မြို့ရှိ ရဲဌာန၏ အပြင်ဘက်တွင် ဆန္ဒပြမှုများကို စောင့်ကြည့်နေသော အမေရိကန်ရဲအရာရှိနှစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်မှုဖြင့် တရားစွဲဆိုထားသည်။

အသက် ၂၀ အရွယ်ရှိ အဆိုပါ လူငယ်က ၄င်းသည် ရဲအရာရှိများကို ရည်ရွယ်ပစ်ခတ်ခြင်းမဟုတ်ကြောင်း အာဏာပိုင်များကို ပြောဆိုခဲ့သည်ဟု စိန့်လူးစ်ပြည်နယ် အစိုးရရှေ့နေ ရောဘတ်မက်ခ် ကူလော့ဂ်ျက လွန်ခဲ့သော တနင်္ဂနေ့က ပြောခဲ့သည်။ ဂျက်ဖာရီဝီလီယံက ၄င်းသည် ရဲအရာရှိများကို ပစ်ခတ်ခြင်းထက် ၄င်းနှင့်စကားများနေသောသူကိုသာ ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များကို ပြောဆိုခဲ့သည်။

သို့သော်လည်း ရည်ရွယ်ခြင်းမရှိဘဲ ရဲအရာရှိများကို ထိမှန်ခြင်းဖြစ်နိုင်ကြောင်း အစိုးရရှေ့နေ ရောဘတ်မက်ခ်ကူလော့ဂ်ျက ပြောခဲ့သည်။

အဆိုပါလူငယ်ကို အလစ်တိုက်ခိုက်မှု၊ ကားပေါ်မှ သေနတ်ပစ်ခတ်မှုနှင့် လက်နက်ဖြင့် ရာဇဝတ်မှုကျူးလွန်မှုစသည်တို့ဖြင့် တရားစွဲဆိုထားသည်။

အစိုးရရှေ့နေ ရောဘတ်မက်ခ်ကူလော့ဂ်ျက စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်နေကြောင်း ပြောခဲ့သည်။ ရဲအရာရှိများသည် စိန့်လူးဝစ်မြို့၊ ဖာဂူဆန်ရဲဌာန အပြင်ဘက်တွင် ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် အင်္ဂါနေ့အစောပိုင်းက အပစ်ခံခဲ့ရခြင်း ဖြစ်သည်။

အဆိုပါ အခင်းဖြစ်ပွားရာနေရာသည် လူဖြူရဲတစ်ဦးဖြစ်သော ဒါရန်ဝယ်လ်ဆင်က လက်နက်မဲ့ လူမည်းဆယ်ကျော်သက် မိုက်ကယ်ဘရောင်းကို လွန်ခဲ့သောနှစ် ဩဂုတ်လက ပစ်ခတ်ပြီးခဲ့သော နေရာဖြစ်ရာ နိုင်ငံတကာ၏ အာရုံစူးစိုက်ရာနေရာတစ်ခု ဖြစ်လာခဲ့သည်။

အပစ်ခံရသော ရဲအရာရှိနှစ်ဦးအနက် တစ်ဦးမှာ အသက် ၄၁ နှစ်ရှိကာ စိန့်လူးဝစ်ပြည်နယ် ရဲတပ်ဖွဲ့မှဖြစ်ကြောင်းသိရပြီး အခြားတစ်ဦးမှာ အသက် ၃၂နှစ် ဖြစ်ပြီး စိန့်လူးဝစ်ဆင်ခြေဖုံးတစ်ခုဖြစ်သော ဝက်တ်စတာ ဂရို့ဗ်မှဖြစ်ကြောင်း သိရသည်။

အဆိုပါ ရဲအရာရှိနှစ်ဦးစလုံးသည် ယခုအခါ ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိပြီး လာမည့်ကြာသပတေးနေ့တွင် ဆေးရုံမှဆင်းမည်ဟု သိရသည်။

(ပရက်စ်တီဗွီ)

သိပ္ပံပညာရှင်များ ပစိဖိတ်သမုဒ္ဒရာတွင်း ကြီးမားသော ရေအောက်မီးတောင်ကို စူးစမ်းရှာဖွေ

ဆစ်ဒနီ မတ် ၁၆

နိုင်ငံတကာသိပ္ပံပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့တစ်ဖွဲ့သည် သြစတြေးလျှနှင့် နယူးဇီလန်ကမ်းခြေများတွင် ကျောက်ခဲတန်ပေါင်းများစွာ စုပုံနေအောင်ပြုလုပ်ခဲ့သော ကြီးမားသော ရေအောက်မီးတောင်ကြီးတစ်ခုကို စူးစမ်းလေ့လာရန် စတင်ခရီးထွက်ခွာလာပြီ ဖြစ်သည်။

အဆိုပါမီးတောင်ကြီးကို လေကြောင်းခရီးသွားတစ်ဦးက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၄င်းတွေ့ရှိခဲ့ပုံကို သိပ္ပံဆိုင်ရာအဖွဲ့စည်းသို့ သတင်းပေးပို့ခဲ့ခြင်းဖြစ်သည်။

မီးတောင်ပညာရှင် ဒေါက်တာရီဘက်ကာရေးသည် မီးတောင်ရှိရာ နယူးဇီလန်၏ မြောက်ဘက်ကီလိုမီတာ ၁၀၀၀ အကွာလောက်တွင်ရှိသော ကာမဒက် ဒေသသို့ သွားရောက်မည်ဟု သိရသည်။

မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် ၁ ကုဗကီလိုမီတာခန့်ရှိ အပေါ့စား မီးတောင်ကျောက်တုံးများကိုတွေ့ရကြောင်း မီးတောင်ပညာရှင် ကာရေးက သြစတြေးလျရုပ်သံ ထုတ်လွှင့်မှုကော်ပိုရေးရှင်း(ABC) သို့ တနင်္လာနေ့က ပြောကြားခဲ့သည်။

ရေအောက်မီးတောင်တစ်ခုဖြစ်သော ဟာဗီးမီးတောင်ပေါက်ကွဲမှုသည် နှစ်တစ်သောင်းတွင် တစ်ကြိမ်သာ ဖြစ်ပေါ်နိုင်သဖြင့် ကြုံတောင့်ကြုံခဲသောအခွင့်အရေးဖြစ်ကာ ၄င်းအခွင့်အရေးသည် သိပ္ပံပညာရှင်များအတွက် မီးတောင်နှင့် ပတ်သက်သော အချက်အလက်များကိုလေ့လာနိုင်မည့် ရှားပါးသော အခွင့်အရေးဖြစ်ကြောင်း ဒေါက်တာကာရေးက ပြောခဲ့သည်။

ကမ္ဘာ့မီးတောင်များ၏ ၇၅ ရာခိုင်နှုန်းသည် ရေအောက်ကြမ်းပြင်တွင် အမှန်တကယ်ရှိနိုင်ကြောင်း၊ ၄၄မီးတောင်များက ပင်လယ်ကို အပူနှင့်ဓာတုဖြစ်စဉ်များကို ထောက်ပံ့ပေးထားသဖြင့် ကမ္ဘာ့ဇီဝသံသရာကို လွှမ်းမိုးနိုင်ကြောင်း မီးတောင်ပညာရှင် ကာရေးက ပြောဆိုခဲ့သည်။

(ဆင်ဟွာ)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံး
တမူးခရိုင်၊ တမူးမြို့
၁/၂၀၁၅ ပစ္စည်းတင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာန်ယူဆောင်ရွက်မည့်လုပ်ငန်းအတွက် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၁။ ဘီလပ်မြေ	၉။ အင်သစ်ခွဲသား(အပါး)
၂။ အုတ်	၁၀။ ၂"-၄"ခွဲကျောက်
၃။ စက်ခွဲကျောက်	၁၁။ ၃" အောက်ခွဲကျောက်
၄။ သဲ	၁၂။ ၁"-၂" ခွဲကျောက်
၅။ ချောင်းဖြန်းကျောက်	၁၃။ ၁/၈" - ၃/၈" ခွဲကျောက်
၆။ သစ်မာခွဲသား(အထူ)	၁၄။ ၁/၄" - ၃/၄" ခွဲကျောက်
၇။ သစ်မာခွဲသား(အပါး)	၁၅။ ၆"-၉" ခွဲကျောက်
၈။ အင်သစ်ခွဲသား(အထူ)	

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၃-၂၀၁၅ ရက်
တင်ဒါပုံစံရောင်းချမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တမူးမြို့
နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - ၇-၃-၂၀၁၅ ရက်
တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တမူးမြို့။

၂။ အသေးစိတ်သိရှိလိုပါက တမူးခရိုင် အင်ဂျင်နီယာမှူးရုံးတွင် လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ၊ တမူးမြို့

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
စရီးစဉ်ဖျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ခယောက်စီးနှင့် Saloon, Van ကားဖျိုးစုံငှားနိုင်ပါသည်၊ လေဆိပ်ကားဖျိုးစုံငှားရန်ရှိသည်း (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ရွှေထူးလွင် ချောင်းသာ(စားတည်း)ငြိမ်း၊ ၂၅၀၀၆/-(မော်တင်စွန်း) (ငွေဆောင်)
ရွှေစက်တော်(၃)ရက်၊ ပုတ်(ရွှယ်တော်လေး)ဆု၊ ပုပ္ပါ(၃/၅)၊ အလောင်းတော်ကဿပ (၃/၆)ရက်၊ ဓနုလေး၊ ပြင်ဦးရွှင်း ခံရှာ(၃/၇)ရက်၊ တောင်ကြီး၊ ဘင်လေး၊ ပင်တယ (၅/၇)ရက် ဘာရားပါ ဘုရားဆုံ(၁၀)ရက်၊ ရန်ခိုင် မြောက်ဦး၊ စစ်တွေ၊ ပလပါ(ဘင်တော်ကြီး ပေခေ၊ ပလိခမြစ်ဆုံ မြစ်ကြီးနား) (လားရှိး၊ မူဆယ်၊ ရွှေလီ) ထားဝယ်ရှင်ကိုးရှင်း၊ မောင်မဂန်၊ မျှောရစ်၊ မြိတ်၊ ကန့်ဆုနုပူဂီ၊ ကရိုကမီ၊ ကျိုက်ထီးရိုး၊ ဝဲလံ၊ အိတော်ရှင်း၊ အကောက်တောင်၊ ဗလွန်၊ ငွေဆောင်
ကားစီးလုံးငှားသည်။ အိမ်အရောက် ပို့/ကြို။ (သက္ကြီးရိုးစဉ်များ ကြို့တင်လက်မှတ်ရောင်းပြီ)
အမှတ်(၄၄၄/၇)မြေညီထပ်ရွှေဘုံသာအထက်လမ်း Ph : 09450044494,09450044496,389920

In The Matter of Myanmar Companies Act and Siam Cement Myanmar Trading Ltd.(SCMT)
(In Member's Voluntary Windign-Up)

NOTICE IS HEREBY GIVEN that the above named company will be wound up by members' voluntary in accordance with section 203 of the Myanmar Companies Act. For this purpose member of all directors and shareholders shall attend to the Extra-ordinary General Meeting (EGM) which will be held on 30th Mar 2015, 10:00 A.M at No.9/A2, U Tun Nyein Street, Mayangone Township, Yangon.
In that EGM the company will appoint the liquidator and have to discuss about the liquidation process.

Date: Mar 17, 2015
Mr.Soontornpol Veerapravati
Siam Cement Myanmar Trading Ltd.,

ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Tender)ခေါ်ယူခြင်း

၁။ အမှတ်(၁၃၁) ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)ဖွင့်လှစ်ထားရှိရာ ချင်းချောင်းပရိုဝုဏ်အတွင်း ရေကန်ငယ်ဘေးရှိ ပန်းပုလက်တွေ့လေ့ကျင့်ဆောင် (၁)ထပ်အဆောက်အအုံကို ပြင်ဆင်မွမ်းမံ၍ ပန်းချီပန်းပုနှင့်လက်မှုအနုပညာပြပွဲ ခင်းကျင်းရောင်းချရေး(Arts Gallary)အဖြစ် အသုံးပြုနိုင်ရန်အတွက် ယင်းအဆောက်အအုံကို ငှားရမ်း၍လုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် လက်မှုအနုပညာလုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေသော မြန်မာနိုင်ငံသားများက အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၃-၂၀၁၅ ရက်
တင်ဒါတင်သွင်းရမည့်ရက် - ၂၅-၃-၂၀၁၅ ရက်
တင်ဒါတင်သွင်းရန်နေရာ - အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်
တင်ဒါဖွင့်မည့်ရက် - ၃၁-၃-၂၀၁၅ ရက်

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၆၇-၄၀၈၀၃၄၊ ၀၆၇-၄၀၈၀၃၇၊ ၀၆၇-၄၀၈၁၆၆(အနုပညာဦးစီးဌာန)

ပျောက်ဆုံး ကျွန်တော် မောင်ထက်ယုအောင် ၁၂/စခန(နိုင်)၀၆၈၈၃၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၆၆၈၈၃၂**

အောက်ပါအင်္ဂလန်တက္ကသိုလ်များမှ စုပေါင်းရှင်းလင်းပြောကြားမည့်
"UK UNIVERSITIES ADMISSION FAIR"
.University of Sheffield .University of Sussex .University of Leeds .University of Leicester .University of Strathclyde
.University of Surrey .University of Glasgow .University of Liverpool .City University London

CROWN EDUCATION Yangon Myanmar
31st Mar 2015
10:00 am - 1:00 pm
PARKROYAL HOTEL
Yadanar Room (2) & (3)

- မြန်မာကျောင်းသားများ အင်္ဂလန်တက္ကသိုလ်တွေတက်ဖို့ GCE'A' လို၊ မလို
- ဘာကြောင့်အင်္ဂလန်ဆေးကျောင်းက ကမ္ဘာမှာ အကောင်းဆုံးလဲ၊ အင်္ဂလန်ဆေးကျောင်းဘယ်လိုပြင်ဆင်မလဲ
- Business, Finance, Law ဘာသာရပ်တွေ သင်ယူမယ်ဆိုရင် ဘာကြောင့် အင်္ဂလန်တက္ကသိုလ် တွေက အကောင်းဆုံးလဲ

GCE 'A' Level Scholarship up to 70%

Tel : 09 50 85 185 - 099 75 0000 90, 09 730 40 688

အောင်ပြည့်စုံ
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ စေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

ပြည်တွင်းသတင်း

ကိုးကန့်သောင်းကျန်းသူအဖွဲ့ များ ခံစစ်ယူပြင်ဆင်ထားသည့် ပွိုင့်-၁၄၆၈ တောင်ကုန်းအား တိုက်ခိုက်ချေမှုန်း

နေပြည်တော် မတ် ၁၆

လောက်ကိုင်မြို့ အရှေ့ဘက်ရှိ ပွိုင့်-၁၂၁၉ တောင်ကုန်းတွင် လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား မတ် ၁၅ ရက် ည နေပိုင်းတွင် ကိုးကန့်သောင်းကျန်းသူအင်အားအချို့က လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထို့အတူ ပါစင်ကျော်ရွာမှ ဘီပီ-၁၃၇ သို့ သွားသောကားလမ်းကြောင်းတစ်လျှောက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခန့်တွင် ကားလမ်းမြောက်ဘက်ခြမ်းရှိ ပွိုင့်-၁၄၆၈ တောင်ကုန်းအနီး၌ ကိုးကန့်သောင်းကျန်းသူအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အဆိုပါတောင်ကုန်းတွင် ခံစစ်ယူပြင်ဆင်ထားသော ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်များတွင် တပ်မတော်မှ အရာရှိနှစ်ဦး တိုင်းပြည်အတွက် အသက်ပေးလျှောပြီး အရာရှိ၊ စစ်သည် ငါးဦး ဒဏ်ရာရရှိခဲ့၍ ဒဏ်ရာရရှိသူများကို တပ်မတော်ဆေးရုံများသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။ (မြဝတီ)

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ

ဘီးလင်းမြို့၌ ယာဉ်တိုက်မှုဖြစ်ပွား

မော်လမြိုင် မတ် ၁၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ် သပြေနီကျေးရွာအနီး ရန်ကုန်- မော်လမြိုင်ကားလမ်းမိုင်တိုင်အမှတ်(၁၁၈/၁)နှင့်(၁၁၈/၂)အကြား၌ မတ် ၁၄ ရက် နံနက် ၁၁ နာရီခွဲခန့်က ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နေ နေဝင်းထွန်း(၃၄ နှစ်)မောင်းနှင်ပြီး မသဇင်မွန်(၂၇ နှစ်) လိုက်ပါစီးနင်းလာသည့် နံပါတ်မပါ ဝေ့ဖ် ၁၁၀ အမျိုးအစားမော်တော်ဆိုင်ကယ်သည် ရှေ့မှမောင်းနှင်နေသည့် 8I/---- Micro Bus အမျိုးအစားမော်ယာဉ်ကိုကျော်တက်စဉ် မော်တော်ယာဉ်၏ ဝဲဘက်အနောက်ခြမ်းကိုတိုက်မိပြီး ဆိုင်ကယ်တိမ်းမှောက်ခဲ့သည်။ ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် မသဇင်မွန်တွင် ဒဏ်ရာများရရှိပြီး ဘီးလင်းမြို့ ပြည်သူ့ဆေးရုံတွင် (အတွင်းလူနာ)အဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘီးလင်းမြို့မရဲစခန်းက နေဝင်းထွန်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (လ/ဝ၁၂)

အနှိုင်းမဲ့များရဲ့ပုံရိပ်

* ကြည်း၊ ရေ၊ လေ ပြည်ချစ်သားတွေက
  မညည်းပေ ခရီးရှည် စေရာသွားပါလို့
  ပြည်တစ်လွှား ဝန်ထမ်းနေ၊
  လေးသစ္စာ သွေးသောက်ပေမို့
  ဘေးဖြစ်မှာ စိုးမကြောက်ပါဘု
  ထိုးဖောက်လာတဲ့ ရန်စွယ်အပေါင်း
  လှန်ပယ်ထောင်းချေ၊
  မမောစတမ်းပေ
  တောတောင်တန်းတွေ ခြေရာဆုံ၊
  မလွဲစတမ်းပေ
  အကဲစမ်းဖွေ အဏ္ဏဝါဖြန့်၊
  မကြောက်စတမ်းပေ
  ထောက်လှမ်းနေ ဝေဟင်အနှံ့၊
  လာမထိလေနဲ့
  ဇာတိအခြေခိုင်သမို့
  မသွေမယိုင် တို့သတ္တိ
  တိုင်းသိ ပတ်လှဲ့။
* မြန်ပြည်သူ မြန်ပြည်သားရယ်က
  စံနမူ ယူဖွယ်များပါပေ့
  အဖြူထည်စိတ်ထား တပ်အပေါ်ဝယ်၊
  မခြားမယွင်းပါဘု
  သားအရင်းပုံနှယ်၊
  ရှေ့တန်းမြေ နေရာတစ်လျှောက်
  မမေ့စတမ်းပေ ခြေရာကောက်ပါလို့
  သေချာအရောက်ပို့ဆောင်တယ်
  ဒို့နောင်မယ်ရဲ့ မေတ္တာတရား
  အို...မချို့အောင်ဆောင်ပို့ လက်ဆောင်များ၊
  ပန်းပမာ မွှေးစည်လို့
  စမ်းပမာ အေးကြည်အောင်
  တွေးရည်ဆောင် ဒီအချစ်တွေက
  ဒို့စစ်သည် "အား" ။
* ပြည်သူ့သည် တပ်
  တပ် ဟူသည် ပြည်သူ
  ထပ်တူညီတူ၊
  ရည်တူပြု တရားတွေနဲ့
  ညီတူပြု ပွားပါလို့
  တစ်သားတည်းမူ၊
  ပြည်သူက တံတိုင်းသဏ္ဌာန်တူ
  ရန်ဟူသမျှ ဒိုင်း လိုတား၊
  တပ်မတော်သားရယ်က
  မြတ်အဖော် မြန်နယ်သားတွေအတွက်
  ဟေ့ ရန်ဖယ်ရှားမယ့် ဓား။ ။

မျိုးမြတ်မြတ်မြင့်မောင်

(နှစ် ၇၀ မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ဦးထွန်းအောင် (ဒုဗိုလ်မှူးကြီး၊ ငြိမ်း)၊ ဒေါက်တာဖြူဖြူ (ဆေးရုံအုပ်ကြီး) နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၏ တစ်ဦးတည်းသောသား

မောင်ရွှေဇံအောင်

Master of Science in Electrical Engineering, California State University, Northridge, U.S.A
Engineer, Project & System Design, Omega Integration Pte.Ltd., Singapore

နှင့်

ဦးမြင့်သိန်း (မြို့နယ်တရားသူကြီး၊ ငြိမ်း)-ဒေါ်စန်းစန်းမြင့်တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာဟန်ဆုယဉ်

Ph.D, (Electrical Power), M.T.U, Associate Professor
Department of Electrical Power Engineering, West Yangon Technological University

တို့၏ ၁၄-၃-၂၀၁၅ရက်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးခြင်းနှင့် မင်္ဂလာညြဝါဒဆုံးမစကားပြောကြားပေးပါသော ပြည်ထောင်စုလွှတ်တော်တရားသူကြီး ဦးသာဌေး၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးမောင်မောင်စိုး-တွဲဖက်ပါမောက္ခ ဒေါက်တာနော်မာသေးတို့အား လည်းကောင်း၊ ၁၄-၃-၂၀၁၅ရက်တွင် နေအိမ်၌ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကပ်လှူခြင်းဇည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ကြသူများအား လည်းကောင်း၊ ၁၅-၃-၂၀၁၅ရက်တွင် နေပြည်တော် (MICC II, Banquet Hall)၌ ကျင်းပသော မင်္ဂလာဇည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသိန်းညွှန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့်ဇနီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နာယက၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းဝင်းမြတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ပေးပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့်ဇနီး၊ ဒုတိယသမ္မတ(၁) ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ(၂) ဦးဉာဏ်ထွန်းနှင့်ဇနီးတို့အားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးနှင့် စစ်တက္ကသိုလ်အပတ်စဉ်(၉)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ ဧည့်သည်တော်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများ၊ နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဧည့်ခံပွဲတွင် မင်္ဂလာပန်းကြံပေးပါသော ဒေါက်တာ ချစ်အေးအေးသန်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင် ဒေါက်တာခင်သော်တာလှမြင့်၊ သတို့သား၊ သတို့သမီးအရံများအဖြစ် ပါဝင်ဆောင်ရွက်ပေးပါသော ဒေါက်တာသီဟစည်သူအောင်၊ ဒေါက်တာလှိုင်မြင့်ထွေး၊ ဒေါက်တာ နော်စလာခိုင်၊ ဒေါက်တာ မိမိုအောင်တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း၊ မင်္ဂလာအခါတော်ပေး ဒေါ်မြခြေဝင်း၊ မင်္ဂလာစောင်းတီးခတ်ပေးပါသော မဏိသာတို့အားလည်းကောင်း၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ဓာတ်ပုံဘဲလေးနှင့်အဖွဲ့၊ မိတ်ကပ်၊ ဆံထုံးနှင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မိတ်ကပ်ကိုဇင်၊ သတို့သမီးဝတ်စုံအား စီစဉ်ပေးပါသော ဒီဇိုင်းပညာရှင် မကြီး(လပြည့်ဝန်း)၊ သတို့သား သတို့သမီးအရံများ၏ ဝတ်စားဆင်ယင်မှုဆောင်ရွက်ပေးသော Royal Hantha၊ မင်္ဂလာအခမ်းအနားနှင့် ပန်းအလှဆင်ခြင်း၊ အစားအသောက်များ တည်ခင်းဇည့်ခံပေးပါသော ဘောဂသိန္ဓိ Catering အဖွဲ့တို့အားလည်းကောင်း၊ MICC II တာဝန်ခံဌာနမှူးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မင်္ဂလာပွဲအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ရွှေဇံအောင်-မဟန်ဆုယဉ်

ပြည်တွင်းသတင်း

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် မတ် ၁၉ ရက်တွင် ရောက်ရှိမည်

မန္တလေး မတ် ၁၆

ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse 2 သည် အထောက်အကူပြု Cargo Aircraft တစ်စင်းနှင့် Passenger Aircraft တစ်စင်းတို့နှင့်အတူ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)သို့ မတ် ၁၈ ရက်တွင် ရောက်ရှိရန်ဖြစ်သော်လည်း ရာသီဥတုအခြေအနေအရ မတ် ၁၉ ရက် ညနေပိုင်း၌သာ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

Solar Impulse 2 သည် အဘူဒါဘီမြို့မှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်ကာ ခရီးစဉ်အတွင်း မန္တလေးမြို့၌ ရပ်နားမည့်ခရီးစဉ်မှာ စတုတ္ထမြောက်ရပ်နားခြင်းဖြစ်သည်။ မတ် ၁၉ ရက်တွင် ဆင်းသက်ရောက်ရှိသည့် နေ့မှစ၍ သုံးရက်ကြာ ရပ်နားသွားမည်ဖြစ်ကြောင်း၊ ရောက်ရှိပြီးနောက် လေယာဉ်၏နည်းပညာဆိုင်ရာများနှင့် လေကြောင်းကဏ္ဍအတွက် အကျိုးဖြစ်ထွန်းမှုတို့ကို လေယာဉ်နှင့်အတူ လေယာဉ်မှူးများနှင့် (Project Co Founder များက သတင်းစာရှင်းလင်းပွဲနှစ်ကြိမ်နှင့်သရုပ်ပြပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအား တက်ရောက်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ အဆိုပါလေယာဉ်ကို အနီးကပ်လေ့လာနိုင်ရန်နှင့် သရုပ်ပြပွဲများကို မီဒီယာများမှ ထုတ်လွှင့်ပြသပေးနိုင်ရေးအတွက် အစီအစဉ်များ သတ်မှတ်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန္တလေးမြို့မှ လေ့လာလိုသူများအတွက် ပထမရက်တွင် ဦးရေ ၁၃၀၊ ဒုတိယရက်တွင် ဦးရေ ၇၀ တို့အပြင် ကျောက်ဆည်၊ တံတားဦး၊ စဉ့်ကိုင် စသည့်မြို့ သုံးမြို့တို့မှလည်း လေ့လာနိုင်ရန်အတွက် ပထမရက်တွင် ဦးရေ ၇၀၊ ဒုတိယရက်တွင် ဦးရေ ၈၈ ဦးတို့ စာရင်းရရှိထားကြောင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ သတင်းရရှိထားသည်။ ထိုသို့ လိုက်ပါကြည့်ရှုလေ့လာလိုသူများအနေဖြင့် ဖုန်း ၀၂-၃၆၃၆၂ သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ရေလမ်းကြောင်းအသုံးပြုသွားလာနေသော ရေယာဉ်များ အကောက်စခန်းဖွင့်လှစ်ကြောင်း သတင်းထုတ်ပြန်

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစ်ချောင်းရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စီမံချက်များချမှတ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေအပိုဒ် ၈၉ ပါ ပြဋ္ဌာန်းထားရှိချက်အရ ဧရာဝတီမြစ်ရေလမ်းကြောင်းတွင် သွားလာနေသည့် ရေယာဉ်များအား ရေလမ်းကြောင်းဖြတ်သန်းခများကို ကောက်ခံသွားရန် ပြည်ရေလမ်းအကောက်စခန်းကို(၁-၄-၂၀၁၅)ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

ရေလမ်းကြောင်းအား အသုံးပြုသွားလာနေကြသော ရေယာဉ်များသည် အကောက်စခန်းများတွင် ရေလမ်းကြောင်းအသုံးပြုခများကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသောနှုန်းထားအတိုင်း မပျက်မကွက်ပေးဆောင်ကြရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ Website (www.dwir.gov.mm) တွင်လည်းကောင်း စုံစမ်းကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လယ်တောသူ အလှမယ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းက တတိယအကြိမ်မြောက် လယ်တောသူအလှမယ်ပြိုင်ပွဲကို မတ်၂၇ ရက်နှင့် ၂၉ ရက်နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လယ်တောသူ အလှမယ်ပြိုင်ပွဲတွင် အလှအပထက် ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး လယ်ယာလုပ်ငန်းခွင်ကို ဝင်ရောက်လုပ်ကိုင်နိုင်သည့် တင့်တယ်သည့်အနေအထားရှိသူများကို ရွေးချယ်သွားမည်ဖြစ်ပြီး အလှမယ်ပဏာမ ရွေးချယ်ပြိုင်ပွဲကို မတ် ၂၇ ရက်တွင်

ယမန်နှစ်က ကျင်းပခဲ့သည့် လယ်တောသူ အလှမယ်ပြိုင်ပွဲ။

သတင်းနှင့် ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ဆန်ခါတင်ရွေးချယ်ကာ နောက်ဆုံး လယ်တောသူအလှမယ်ပြိုင်ပွဲကို မတ် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် ပထမသိန်း၁၊ဒုတိယနှင့် ရွှေသရဖူဆု၊ ဒုတိယသိန်းသုံးဆယ်နှင့်ရွှေသရဖူဆု၊ တတိယသိန်းနှစ်ဆယ်ခြိုးမြင့်သွားမည်ဖြစ်ကာ ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို နိုင်ငံတကာကုန်စည်ပြပွဲများ၊ ကမ္ဘာ့အဆင့်ကုန်စည်ပြပွဲများနှင့် ပြည်ပလေ့လာရေးခရီးစဉ်များ သွားရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မုဒုံမြို့၌ ရထားနှင့် ဆိုင်ကယ်တိုက်မိ

မော်လမြိုင် မတ် ၁၆

မော်လမြိုင်ဘူတာမှ ရေးဘူတာသို့ စက်ခေါင်းမောင်း ဦးစိုးလွင်၊ ရထားထိန်း ဦးတင်သိန်း လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ်(၁၇၅) အဆန်အမြန်လူစီးရထားသည် မတ် ၁၄ ရက် နံနက် ၆ နာရီခွဲက ကမာဝက်ဘူတာနှင့်သံဖြူဇရပ်ဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ် (၂၀၄/၁၅ မှ ၁၆)တွင် ရပ်-ကြည့်-သွား တရားမဝင်လမ်းကူးဂိတ်၌ ၄၃ယ/. . . . ယမဟာ အနက်ရောင်ဆိုင်ကယ်စီးနင်းလာသူ ဦးထွန်းမြင့်(၂၅ နှစ်) လိပ်စာစိစစ်ဆဲက အမှတ်(၁၇၅)အဆန် လူစီးအမြန်ရထားစက်ခေါင်း(DD-942)ကို ဝင်ရောက် တိုက်မိသဖြင့် ဦးထွန်းမြင့်တွင် ဒဏ်ရာများရရှိသွားသဖြင့် ရထားလုံခြုံရေးရဲတပ်ဖွဲ့ဝင် ဝန်ထမ်းများက မော်လမြိုင်အထွေထွေ ရောဂါကုဆေးရုံကြီးသို့ တင်ပို့ထားပြီး ကမာဝက်ရဲစခန်းက ဆိုင်ကယ်မောင်းနှင်သူ ဦးထွန်းမြင့်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်ထွန်း

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမြင့်စိုး-ဒေါ်သန်းသန်းစုတို့၏သား ဒေါက်တာဟိန်းအောင်စိုးနှင့် နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး-ဒေါ်မြင့်မြင့်ခိုင်တို့၏သမီးထွေး မဖြူမွန်မွန်သိန်းတို့၏ ၁၅-၃-၂၀၁၅ရက်တွင် Sedona Hotel၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ(၁) ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုံ၊ ဒုတိယသမ္မတ(၂) ဦးဥာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ညွှန်ကြားကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌနှင့် ကမ္ဘာ့ရတနာဘဏ်ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြပါသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသင်မြင့်သန်း၊ မင်္ဂလာအခါတော်ပေး ဒေါ်ချိုပြုံးနှင့် တေးသံသာများ ဖျော်ဖြေပေးပါသော အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မစူးရှနိုင် (Patricia)၊ မင်္ဂလာဗန်း ကိုင်ဆောင်ပေးကြသော မအင်ကြင်းဖြူဖြူ၊ မရွှေသမီး၊ သတို့သားအရံ မောင်စည်သူအောင်၊ မောင်အောင်နိုင်ဦး၊ သတို့သမီးအရံ မခင်ရူပ၊ မခင်ခင်ဆွေနှင့် မင်္ဂလာသတို့သမီးအား မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်ယင်ပေးပါသော ဦးဝင်းနိုင်-ဒေါ်စန်းစန်း(Win & San)Jewellary၊ ဦးမျိုးမင်းဇော်-ဒေါ်လှလှ(The Rich Gem)Jewellary၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော Designer ကိုမင်းသက်စံ(Sweet & Smart)၊ Designer မည်ဩာသန့်(ဖူးသစ်ဖက်ရှင်)၊ မေတ္တာဖြင့်ပန်းအလှဆင်ပေးသော မသက်နှင်းလှိုင်(Inya Floral)၊ဗီဒီယိုနှင့်ဓာတ်ပုံ ကိုဝဏ္ဏခွန်း၊ မင်္ဂလာဖိတ်စာDagon ပုံနှိပ်တိုက်နှင့် Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ Wedding dinnerအခမ်းအနားမှူး မတင်မိုးလွင်၊ မိတ်ကပ်မေဦး၊ ရှိုင်းနှင့်အဖွဲ့၊ The Acessတေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံ 7 Picture တို့နှင့် ချစ်ခင်စွာဖြင့် ဝိုင်းဝန်းကူညီကြပါသော အနှီကယ်အန်တီတို့အားလည်းကောင်း၊ Dusit Inyalake Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဟိန်းအောင်စိုး-မဖြူမွန်မွန်သိန်း

လက်ထပ်ပြီးစီးခြင်း

ဦးထွန်းအောင် (ဒုဗိုလ်မှူးကြီး၊ ငြိမ်း)-ဒေါက်တာဖြူဖြူ(ဆေးရုံအုပ်ကြီး)
နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၏ တစ်ဦးတည်းသောသား
မောင်ရွှေဇံအောင်
Master of Science in Electrical Engineering
California State University, Northridge, U.S.A
Engineer, Project & System Design
Omega Integration Pte.Ltd., Singapore
နှင့်
ဦးမြင့်သိန်း (မြို့နယ်တရားသူကြီး၊ ငြိမ်း)-ဒေါ်စန်းစန်းမြင့်တို့၏ တစ်ဦးတည်းသောသမီး
ဒေါက်တာဟန်ဆုယဉ်
Ph.D, (Electrical Power), M.T.U
Associate Professor
Department of Electrical Power Engineering
West Yangon Technological University
တို့သည်၁၅-၃-၂၀၁၅ရက်တွင် နေပြည်တော် (MICC II, Banquet Hall)၌ နှစ်ဖက်သော မိဘများနှင့်ဂုဏ်သရေရှိ လူကြီးမင်းများ ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပြီး ဖြစ်ပါကြောင်း။
မောင်ရွှေဇံအောင်-မဟန်ဆုယဉ်

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်စန်းယုထွေး ၉/မကန(နိုင်)၁၀၁၅၆၁၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၄၄၅၆

ပျောက်ဆုံး
ကျွန်တော် မောင်စောလာကပေါ်ကျေး ၁၀/ဘလန(နိုင်)၀၈၁၃၀၁ ၏ PSC. RB လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၁၅၁၆

ရောင်းမည်
(1) Grand Carbin G 96 Power Slide door 8H/...
ရောင်းဈေး - 155 Lks
(2) Honda Fit 2012 late Smart Key, Eco mode
အပြာရောင်၊ စတိန်ပါတ်
ရောင်းဈေး - 115 Lks
ဆက်သွယ်ရန်
ဖုန်း - ၀၉-၅၁၀၀၈၆၇၊
၀၁-၅၇၃၈၈၂

အမြန်ရောင်းမည်
၂၀၂ အထူးယာဉ်လိုင်း
၁၈/၄၁၈၅ လက်ရှိပြေးဆဲ
ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
ဖုန်း-၀၉-၄၂၀၂၆၈၄၉၈၊
၀၉-၂၅၈၀၆၄၀၉၈

ပျောက်ဆုံးကြောင်း
ကျောက်တံတားမြို့နယ်၊ အမှတ် ၁၂၃၊ ၃၈လမ်း၊ (၆)ရပ်ကွက်နေ ဦးသန်းဦးဝိုင် လိုင်စင်အမှတ် ၇၃၁၄၊ လင၊လခ/၇မာ၊ မ၂-၀၀၂၁ ပေါက္ကံ ၈၅၅၉ ရေယာဉ်၏ ခရီးသည်ပို့ဆောင်ခွင့် လိုင်စင်သည် ၁၀-၃-၂၀၁၅ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၄၂၀၂၃၉၆၂၉

ဆေးဘေးပါး

နွေရာသီနှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်

မောင်သောင်းဝင်း-တာမန်ဟောင်း

မြန်မာနိုင်ငံသည် အီကွေတာရပ်ဝန်းတွင်တည်ရှိ နေသောကြောင့် ရာသီဥတုသည်လည်း ပူပြင်းခြောက်သွေ့သည့် ရာသီဥတုများဖြစ်သည်။ လက်ရှိအချိန်တွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် အပူချိန်သည် နေ့စဉ်တဖြည်းဖြည်းမြင့်တက်လာလျက်ရှိသည်။ အညာဒေသ အချို့တွင် အပူချိန် ၄၀ ဒီဂရီဖာရင်ဟိုက်ကျော်နေပြီဖြစ်သည်။ ထိုဒေသများတွင်နေထိုင်သော ပြည်သူများသည် အပူဒဏ်ကို လွန်ကဲစွာ စတင်ခံစားနေကြရပြီဖြစ်သည်။ မေလကုန် ဇွန်လဆန်းပိုင်းရောက်ရှိမှသာ မိုးဦးကျလေ့ ရှိသဖြင့် အပူဒဏ်ကို သုံးလကျော် လေးလနီးပါး ခံစားရလေ့ရှိပါသည်။ နွေရာသီတွင် အပူရှိန်မြင့်တက်လာမှုနှင့်အတူ နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည် (Ultraviolet-UV) ပါဝင်မှုနှုန်းသည်လည်း တစ်စတစ်စ မြင့်တက်လာလေ့ရှိသည်။ ထိုခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏ ခန္ဓာကိုယ်ပေါ်သို့ တိုက်ရိုက်ထိတွေ့ ကျရောက်ပါက ကျန်းမာရေးထိခိုက်နိုင်ပါသည်။ ထို့ကြောင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကြိုတင်ကာကွယ်သွားသင့်ပါသည်။

ခရမ်းလွန်ရောင်ခြည်ကို ၁၈၀၁ ခုနှစ်တွင် ဂျာမနီရူပဗေဒပညာရှင်တစ်ဦးက စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ခရမ်းလွန် ရောင်ခြည်သည် အီလက်ထရွန်နစ်ရောင်ခြည်တန်းတစ်ခုဖြစ်သည်။ ထိုရောင်ခြည်သည် သာမန်လူသားတို့၏ မျက်စိဖြင့် မြင်နိုင်သောအလင်းရောင်ထက် အလျားတိုပြီး X-rays ရောင်ခြည်တန်းထက် ပိုမိုရှည်လျားသည်။ နေရောင်ခြည်မှဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည်အား ရောင်ခြည်ဖြာထွက်မှုအလျားကို အခြေခံလျက် UV-a၊ UV-bနှင့် UV-c ဟူ၍ သုံးမျိုးခွဲခြား ထားရှိသည်။ ၄င်းရောင်ခြည်သုံးမျိုးအနက် UV-b သည် လူသားတို့အပေါ် ဆိုးကျိုးသက်ရောက်မှုအများဆုံးဖြစ်ပေါ်စေသည့် ရောင်ခြည်တန်းဖြစ်သည်။ ထိုရောင်ခြည် တိုက်ရိုက်ထိတွေ့ခံစားရပါက အရေပြားကင်ဆာရောဂါ ဖြစ်ပွားနိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို အိုဇုန်းလွှာမှကာကွယ်ပေးနိုင်သော်လည်း လူသားတို့ကိုယ်တိုင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့မှုမရှိအောင် ကြိုတင်ကာကွယ်ဆင်ခြင်နေထိုင် သွားလာသင့်ပါသည်။

လူ့ခန္ဓာကိုယ်ပေါ်သို့ ခရမ်းလွန်ရောင်ခြည်လွန်ကဲစွာ ထိတွေ့ကျရောက်ပါက အသားအရေနှင့်မျက်လုံးတို့ကို ထိခိုက်ခြင်း၊ နေလောင်ခြင်းဒဏ်မှသည် နောက်ဆုံးတွင် အရေပြားကင်ဆာရောဂါကိုပါ ဖြစ်ပွားလာနိုင်ပါသည်။ အရေပြားပေါ်သို့ ခရမ်းလွန်ရောင်ခြည်လွန်ကဲစွာ ထိတွေ့ကျရောက်ပါက နေလောင်ခြင်းဒဏ်ခံစားရလေ့ရှိသည်။ နေလောင်မှုကြောင့် အရေပြားသည် နှစ်နာရီမှ ခြောက်နာရီအတွင်း အနီရောင်သန်းလာပါသည်။ ထို့နောက် တစ်ရက်မှသုံးရက်အတွက် ရောဂါခံစားရမှုပိုမိုပြင်းထန်လာပါသည်။ ခရမ်းလွန်ရောင်ခြည်ကျရောက်မှု ပိုမိုများလေလေ နေလောင်ဒဏ် ပိုမိုပြင်းထန်လာလေလေပင်ဖြစ်သည်။ အသားအရေချောမွေ့ပြီး အဖြူရောင်သန်းသူများသည် အသားမည်းသူများထက် နေလောင်ဒဏ်ပို၍ ခံစားရသည်။ အသားအရေချောမွေ့သူများသည် နေရောင်ခြည်နှင့် ၁၁ မိနစ်ခန့် ထိတွေ့ရုံမျှဖြင့် နေလောင်ဒဏ်ခံစားရနိုင်ပါသည်။ နေလောင်ဒဏ်ခံစားရသူများသည် အမြင်မှန်ဝါးခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်း၊ အသားအရေပေါ်တွင် အစက်အပြောက်များဖြစ်ပေါ်ခြင်း၊ အသားအရေများ ကြမ်းတမ်းမာကျောလာခြင်းများကိုပါ ဖြစ်ပေါ်ခံစားရပါသည်။

လူ့ခန္ဓာကိုယ်ပေါ်သို့ ခရမ်းလွန်ရောင်ခြည်လွန်ကဲစွာ ထိတွေ့ကျရောက်ပါက အသားအရေနှင့်မျက်လုံးတို့ကို ထိခိုက်ခြင်း၊ နေလောင်ခြင်းဒဏ်မှသည် နောက်ဆုံးတွင် အရေပြားကင်ဆာရောဂါကိုပါ ဖြစ်ပွားလာနိုင်ပါသည်။

နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းမြင့်မားလာပါက ကြိုတင်ကာကွယ်သွားသင့်ပါသည်။ ထိုသို့ကာကွယ်ရာတွင် နေကာမျက်မှန်တပ်ခြင်း၊ ချောင်ချိပြီး လုံခြုံသောအဝတ်အစားများ ဝတ်ဆင်ခြင်း၊ နေလောင်ဒဏ်ကာကွယ်မှုပေးသည့် ထီး၊ ဦးထုပ်များဆောင်းခြင်း၊ အရိပ်အောက်တွင် နေထိုင်ခြင်းနှင့် ပူပြင်းသည့်နေရောင်ခြည်အောက်တွင် သွားလာခြင်းမှ တတ်နိုင်သမျှရှောင်ရှားခြင်းများပြုလုပ်သွားသင့်ပါသည်။ အထူးသဖြင့် နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းသည် မွန်းတည့်ချိန်တွင် အများဆုံးဖြစ်သည်။ တတ်နိုင်ပါက နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့မှုမခံရအောင် ရှောင်ရှားသွားလာသင့်ပါသည်။

ထိုအချိန်မျိုးတွင်မဖြစ်မနေ သွားလာရမည်ဆိုပါကလည်း နေရောင်ခြည်ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်၊ ထီးနှင့် ဦးထုပ်များယူဆောင်သွားသင့်ပါသည်။ ကလေးများသည် လူကြီးများထက် နေရောင်ခြည်နှင့်ထိတွေ့မှုအချိန်ပိုများသဖြင့် နေကာမျက်မှန်နှင့် အကျီလက်ရှည်၊ ဘောင်းဘီရှည်များ ဝတ်ဆင်ထားရေးအတွက် ကြပ်မတ်ပေးသင့်ပါသည်။ အရောင်ရင့်သည့် အဝတ်အထည်များသည် အရောင်ဖျော့သည့် အဝတ်အထည်များထက် နေလောင်မှုဒဏ်ကို ပိုမိုကာကွယ်ပေးနိုင်သည်။

အောက်ခြေလူတန်းစားများသည် နေ့စဉ် စား၊ ဝတ်၊ နေ၊ ရေးအတွက် မလွဲမရှောင်သာ ရုန်းကန်လှုပ်ရှားနေရမည်သာဖြစ်သည်။ ထိုသို့လုပ်ငန်းခွင်ဝင်ရာတွင်လည်း ပူပြင်းသောနေရောင်အောက်၌သာ အများဆုံးလုပ်ကိုင်ကြရသဖြင့် ခရမ်းလွန်ရောင်ခြည်သင့်မှုအန္တရာယ်သည် ရှောင်လွှဲ၍မရသော ဒြိမ်းခြောက်မှုကြီးပင်ဖြစ်နေသည်။ ထိုခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို တတ်နိုင်သမျှ ရှောင်ရှားသွားရန်သည် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို တတ်နိုင်ပါက နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီ အတွင်းလုပ်ကိုင်ဆောင်ရွက်ခြင်းကို ရှောင်ရှားသွားသင့်ပါသည်။ ထိုသို့ မရှောင်နိုင်ပါကလည်း ခရမ်းလွန်ရောင်ခြည် အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန် တပ်ခြင်း၊ အကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ၊ ဝတ်ဆင်လျက် လုပ်ငန်းခွင် ဝင်သင့်ပါသည်။

ခြုံ၍တင်ပြရလျှင် စာရေးသူတို့မြို့တင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ပူပြင်း ခြောက်သွေ့သော နွေရာသီကို နှစ်စဉ်ဖြတ်သန်းရလျက်ရှိသည်။ ထိုသို့ နွေရာသီရောက်ရှိချိန်တွင်လည်း နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းသည် နှစ်စဉ်မြင့်တက်လာလျက်ရှိသည်။ လူကို အန္တရာယ်ဖြစ်စေနိုင်သော ထိုခရမ်းလွန်ရောင်ခြည်ကို တတ်နိုင်သမျှ ကြိုတင်ကာကွယ်သွားသင့်ပါသည်။ ထိုသို့ ကြိုတင်ကာကွယ်ဆင်ခြင်နေထိုင်ခြင်းမရှိပါက မျက်လုံးရောင်ရမ်းခြင်းနှင့် နေလောင်ဒဏ်တို့ကို ခံစားရပြီး နောက်ဆုံးတွင်အရေပြားကင်ဆာရောဂါ ဖြစ်ပွားသည့်အဆင့်အထိ ပြင်းထန်စွာခံစားလာရမည်ဖြစ်သည်။ ထို့ကြောင့် နွေရာသီတွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် အပူချိန်မြင့်မားသည့် မွန်းတည့်ချိန်များတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့မှုကို တတ်နိုင်သမျှရှောင်ရှားသွားသင့်ပါသည်။ ထိုနေရောင်ခြည်အောက်သို့ မဖြစ်မနေ သွားလာရမည်ဆိုပါကလည်း နေကာမျက်မှန်တပ်ပြီး လုံခြုံသော အဝတ်အစားများ ဝတ်ဆင်သွားလာသင့်ကြောင်း အကြံပြု တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။

နေပြည်တော် တော်ဝင်ယာဉ်လိုင်း သင်္ကြန်ရုံးပိတ်ရက်များတွင် အဝေးခရီးစဉ်များ ပုံမှန်ပြေးဆွဲမည့်အပြင် နေပြည်တော်-ရန်ကုန် အထူးခရီးစဉ်ပါ ပြေးဆွဲပေးမည်

နေပြည်တော် မတ် ၁၆

နေပြည်တော် အခြေစိုက် တော်ဝင် အဝေးပြေးယာဉ်လိုင်း အနေဖြင့် ဧပြီလ သင်္ကြန်ရုံးပိတ်ရက်များတွင် ခရီးသွားပြည်သူများ အဆင်ပြေပြေ ခရီးသွားလာနိုင်ရေးအတွက် အဝေးခရီးစဉ်များ အားလုံးကို ပုံမှန်ပြေးဆွဲပေးသွားမည့်အပြင် အထူးခရီးစဉ်အနေဖြင့် နေပြည်တော်-ရန်ကုန် ခရီးစဉ်ပါ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန် ရုံးပိတ်ရက်များတွင် တော်ဝင်ယာဉ်လိုင်း နေပြည်တော်-ဘားအံ၊ နေပြည်တော်-မော်လမြိုင်၊ နေပြည်တော် -မကွေး-ဆင်ဖြူကျွန်း၊ နေပြည်တော်-ပခုက္ကူ စသည့် အဝေးခရီးစဉ်များကို ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး နေပြည်တော်-ရန်ကုန် ခရီးစဉ်ကို အထူးခရီးစဉ်အနေဖြင့် တစ်နေ့လျှင် ပုံမှန်တစ်စီး အသွားအပြန် ပြေးဆွဲပေးသွားမည်ဖြစ်သည်။ မြို့တွင်း ခရီး၊ ခရီးလတ်ဖြစ်သော နေပြည်တော်-မိတ္ထီလာ၊ နေပြည်တော်-တောင်ငူ၊ နေပြည်တော်-မန္တလေး စသည့်ခရီးစဉ်များကို သင်္ကြန်ရက်အတွင်း ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေကတော့ သင်္ကြန်တွင်းမှာ တော်ဝင်ယာဉ်လိုင်း ခရီးစဉ်အားလုံးကို ပြေးဆွဲပေးခဲ့ပါတယ်။ ဒီနှစ်ကိုတော့ ခရီးဝေးတွေကိုပဲ ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သင်္ကြန်တွင်းမှာက မူးတဲ့သူများတယ်လေ။ အဲဒီမှာ ရန်တွေဖြစ်ကြ၊ ခဲတွေနဲ့ ပေါက်ကြနဲ့ ကားတွေပျက်စီးတာတွေ ဖြစ်တယ်။ သင်္ကြန်ရေကစားသူတွေနဲ့ သွားလာရတာလည်း အဆင်မပြေဘူး၊ ဒါကြောင့်မို့ နေ့ခင်းဘက် မြို့တွင်းနဲ့ ခရီးလတ်တွေမှာ ပြေးဆွဲနေတဲ့ တော်ဝင်ယာဉ်လိုင်းတွေကို သင်္ကြန်ရက်အတွင်းမှာ ခေတ္တနားထားရခြင်း ဖြစ်ပါတယ်။ နေပြည် တော်-ရန်ကုန် ခရီးစဉ်ကတော့ သင်္ကြန်တွင်းကို အထူး ခရီးစဉ်အနေနဲ့ ပြေးဆွဲပေးထားတာပါ။ အခြားမထွက်တဲ့ ယာဉ်လိုင်းတွေ ရှိတဲ့အတွက် ခရီးသွားတွေ အဆင်ပြေအောင် တော်ဝင်ယာဉ်လိုင်းအနေနဲ့ ပြေးဆွဲပေးရခြင်းဖြစ်ပါတယ်။ အဝေးခရီးစဉ်အတွက် ကြိုတင်လက်မှတ်များကို ရောင်းချပေးနေပြီဖြစ်ပြီး လက်မှတ်စျေးနှုန်းများမှာလည်း စျေးနှုန်းပြောင်းလဲမှုမရှိ မူလခရီးစဉ်စျေးနှုန်းများ အတိုင်းပင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-ကိုမျိုး(ရွှေပေါက္ကံ)

သီးသန့်မီးသတ်သင်တန်းဆင်းပွဲ ကျင်းပ

မကွေး မတ် ၁၆

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ မတ် ၁၄ ရက် နံနက် ၈ နာရီက ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၃ ရက်ထိ ဖွင့်လှစ်ခဲ့သော သီးသန့်မီးသတ်သင်တန်းဆင်းပွဲ ကျင်းပသည်။ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်က သင်တန်းဆင်း အမှာစကားပြောကြားကာ သင်တန်းသားများအတွက် မီးသတ်ဝတ်စုံ အစုံ ၁၀၀ ပေးအပ်လျှက်ဒါန်းသည်။

သင်တန်းဆင်းပွဲတွင် စည်ပင်သာယာရေးကော်မတီမှ စျေးများမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေစုပ်စက်နှင့်ဆက်စပ်ပစ္စည်းများ၊ မီးသတ်ဆေးဘူးများ ပေးအပ်လျှက်ဒါန်းသည်။

မကွေးမြို့ပေါ်ရှိ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရှိမီးသတ်ကန် ၄၇ ကန်ပြုပြင်ရန်၊ မီးသတ်ကန်များသို့ ရေပိုက်လိုင်းများသွယ်တန်းရန် အလျှုဒွေများပေးအပ်လျှက်ဒါန်း၍ စျေးမ၊ စျေးဖ၊ စျေးအကျိုးတော်ဆောင်များကလည်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများလျှက်ဒါန်းကြောင်း သိရသည်။

သင်တန်းဆင်းပွဲအပြီးတွင် သင်တန်းသားများက လက်တွေ့ မီးငြိမ်းသတ်ခြင်းကို သရုပ်ပြသခဲ့ကြောင်း သိရသည်။

မေမိုးသဲ

ပြည်တွင်းသတင်း

မဟာသက္ကရံသီရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီး

နေပြည်တော် မတ် ၁၆

နေပြည်တော်ကောင်စီနယ်မြေ ဖိုးဆောင်းတောင်အောင်မောင်ဦးတောင်ညွှန့်တွင် တည်ထားကိုးကွယ်မည့် မဟာသက္ကရံသီ ရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ပူဇော်ခြင်းလုပ်ငန်းကို ပုဗ္ဗသီရိမြို့နယ် အေစီအီးအလုပ်ရုံဝင်းအတွင်းတွင် MORE C.N.C Group ကတာဝန်ယူပြီး အချောထည်ထုဆစ်ပူဇော်လျက်ရှိရာ မတ် ၁၄ ရက်တွင် ၅၀ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ထုဆစ်ပူဇော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်မှ စတင်၍ လုပ်သား ၂၀ ကျော်ဖြင့် နေ့ညနှစ်ဆိုင်းခွဲ၍ ၂၄ နာရီအချိန်ပြည့် ထုဆစ်နေခြင်းဖြစ်ပြီး ထုဆစ်ပူဇော်ရန်ကျန်ရှိနေသော သင်္ကန်းဒေါက်၊ ခြေတော်နှင့် ပလွင်တော်များကို ဆက်လက်ထုဆစ်သွားမည်ဖြစ်ကြောင်း စက်ပိုင်းဆိုင်ရာတာဝန်ယူသူ ဦးနေမျိုးထွန်း၏ ပြောကြားချက်အရ သိရှိရသည်။

ထုဆစ်ပူဇော်ခြင်းကာလတစ်လျှောက် နေပြည်တော်ကောင်စီနယ်မြေမှ ပြည်သူများသာမကဘဲ နေရာအနှံ့အပြားတွင်ရှိသော ရဟန်းရှင်နှင့် ပြည်သူများပါ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

ထွန်းလင်း

မိဘမဲ့ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ပွဲကျင်းပ

စဉ့်ကိုင် မတ် ၁၆

စဉ့်ကိုင်မြို့နယ်တွင် ကျင်းပခဲ့သော ယဉ်ကျေးလိမ္မာစာမေးပွဲ အောင်မြင်ခဲ့သည့် ဘ.က ကျောင်းများမှ တိုင်းရင်းသားမိဘမဲ့ ဆင်းရဲနွမ်းပါး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲနှင့် မြို့နယ်အတွင်းရှိ ရဟန်း၊ သံဃာများနှင့် သီလရှင်များ အသုံးပြုနိုင်ရန်အတွက် အရှင်အာဒိစ္စ၏ အခမဲ့အသုံးပြုရန် ပညာဒါန ကွန်ပျူတာခန်းမဖွင့်ပွဲကို မတ် ၁၁ ရက် နံနက် ၈ နာရီတွင် ရန်အောင်မြင်ရပ်ရွှေကျောင်း ကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ် ဗုဒ္ဓဘာသာဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ ရွှေကျီးနားကျောင်းတိုက် ဆရာတော်က ဩဝါဒကထာ ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးညီညီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့က ပြည်တော်သာ ပရဟိတကျောင်းနှင့် မာယိန္ဒာရာမ ဥယျာဉ်ငယ် ပရဟိတကျောင်းများမှ ပဒုံး၊ ပလောင်၊ ရှမ်း၊ မြန်မာစသည့် မိဘမဲ့ တိုင်းရင်းသားဆင်းရဲနွမ်းပါး ကျောင်းသားကျောင်းသူ ၉၇ ဦးကို ဂုဏ်ပြုဆုငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်အတွင်းရှိ ရဟန်းသံဃာများနှင့် သီလရှင်များအား အခမဲ့သင်ကြားပေးမည့် အရှင်အာဒိစ္စ၏ မွေးနေ့အကြို အဖြစ် ပညာဒါန ကွန်ပျူတာခန်းမကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ထိုင်းနိုင်ငံတွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

မဟာချိုင် မတ် ၁၆

မြန်မာအလုပ်သမားများ၏သားသမီးများဖြစ်ကြသော အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူများအတွက် ဗုဒ္ဓဘာသာအခြေပြု ယဉ်ကျေးလိမ္မာသင်တန်းကို မဟာချိုင်မြို့ ဝေလ ရပ်ကွက် (၁ လမ်း)ရှိ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (မဟာချိုင်ရုံးခွဲ)၌ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းဆရာကိုစောမောင်၏ ဆက်သွယ်ပြောချက်အရ သိရသည်။

မတ် ၁၆ ရက်မှ စတင်ကာ နှစ်လတာကာလကြာ အဆိုပါသင်တန်းကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

"သင်တန်းသား၊ သင်တန်းသူ ၃၅ ဦးရဲ့ အစားအသောက်များလည်း တာဝန်ယူထားပါတယ်။ သင်တန်းကနေ့တိုင်းဖွင့်မှာပါ။ ဘာကြောင့်လဲဆိုတော့ ကလေးမိဘတွေက တစ်ပတ်မှာတစ်ရက်ပဲ အလုပ်နားပြီး ကျန်တဲ့ရက်တွေမှာ အလုပ်သွားလုပ်ကြရပါတယ်။ ကလေးတွေပဲ အခန်းမှာကျန်ခဲ့တော့ မလုံခြုံမှုတွေရှိပါတယ်။ အဲဒါကြောင့် မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်းက ပုံမှန် ကျောင်းတက်ရသလိုမျိုးဖွင့်ဖို့ သင်တန်းကိုစီစဉ်လိုက်တာပါ" ဟု ကိုစောမောင်က ပြောသည်။

စိုးဝင်း(SP)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြ

သီပေါ မတ် ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မီဘေးတားဆီးရေးကော်မတီသည် မြို့နယ်အတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် စီမံချက်များရေးဆွဲပြီး မီဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လေ့ကျင့်သရုပ်ပြခြင်းကို မတ် ၁၄ ရက်က ယာယီပျံကျဝက်ဝံစျေး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်နှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်း ဦးဆောင်သော မီးသတ် တပ်ဖွဲ့ဝင်များနှင့် စျေးသူစျေးသားများက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြ လေ့ကျင့်ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးက မီးသတ်ဆေးဘူးများ အသုံးပြုနည်းတို့ကို ပြသဆောင်ရွက်ခဲ့ကြသည်။

စိုင်း(သီပေါ)

တစ်စတုရန်းပေအပေါ်သတ်မှတ်ဒဏ်ကြေးကြောင့် ကန်ထရိုက်လုပ်ငန်းများနှေးကွေး

ရန်ကုန် မတ် ၁၆

ရန်ကုန်မြို့ ဆင်ခြေဖုံးမြို့နယ်များ၌ တည်ဆောက်လျက်ရှိသော အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်မှုသည် လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဆက်တိုက်မြင့်တက်ခဲ့သော်လည်း တစ်စတုရန်းပေအပေါ် သတ်မှတ်လိုက်သည့် ဒဏ်ကြေးကို တိုးမြှင့်လိုက်ခြင်းကြောင့် ကန်ထရိုက်တိုက်ဆောက်လုပ်မှုလုပ်ငန်းများ နှေးကွေးသွားခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ အဆောက်အအုံတွေကို သုံးထပ်အထိသာခွင့်ပြု ထားတာဖြစ်ပါတယ်။ သို့ပေမယ့် ကန်ထရိုက်တာတွေက ပိုတဲ့အထပ်တွေအတွက် ဒဏ်ကြေးဆောင်ပြီး ဆောက်လုပ်နေကြတာပါ။ အရင်တုန်းကတော့ စီမံချက်ကာလဖြစ်တဲ့အတွက် အထပ်ပို ဆောက်လုပ်နေတာတွေ အပေါ် တစ်စတုရန်းပေအပေါ် ငွေကျပ် ၂၂၀၀ ပဲဒဏ်ရိုက်ခဲ့တာကြောင့် တစ်ထပ်ကိုသိန်း ၃၀ လောက်ပဲ ဒဏ်ရိုက်တာဆိုတော့ ဆောက်နိုင်ပါတယ်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ စီမံချက်ကာလပြီးဆုံးတဲ့ နောက်ပိုင်းမှာ တစ်စတုရန်းပေအပေါ် ဒဏ်ကြေးငွေ ကျပ် ၁၅၀၀၀ အထိတိုးမြှင့်လိုက်တဲ့အတွက် ပေ(၂၀×၅၀) တစ်ထပ်ကို ကျပ်သိန်း ၁၅၀ လောက်ဒဏ်ကြေးပေးဆောင်နေရပါတယ်။ နှစ်ထပ် ပိုဆောက်တဲ့အတွက် ကျပ်သိန်း ၃၀၀ လောက်အထိ ပေးဆောင်နေရပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

ယင်းကဲ့သို့ တစ်စတုရန်းပေအပေါ် ပေးဆောင်နေသည့် ဒဏ်ကြေး တိုးမြှင့်လိုက်သည့်အတွက် ယခုအခါ ဆောက်လက်စ အထပ်မြင့်အိမ်ရာများ၊ ဆောက်လုပ်ရန်စရန်ပေးထားပြီး အိမ်အဖျက်ခံထားရသူများ အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်အတွင်း သာကေတ၊ ဒေါပုံနှင့် သယ်နံးကျွန်း မြို့နယ်များသည် အထပ်မြင့်ဆောက်လုပ်မှု အများဆုံး မြို့နယ်များဖြစ်ပြီး တစ်စတုရန်းပေအပေါ် သတ်မှတ်သည့် ဒဏ်ကြေးကြောင့် ကန်ထရိုက်တိုက်ဆောက်လုပ်မှု လုပ်ငန်းများနှေးကွေးသွားကြောင်း ကန်ထရိုက်တိုက် ဆောက်လုပ်သူများထံမှ သိရသည်။ အဆိုးဆုံးမှာ စရန်ငွေချပြီး အိမ်အဖျက်ခံရသူများ

သတ်မှတ်ကာလအတွင်း အိမ်များ ပြန်မဆောက်နိုင်ကြ၍ အိမ်ငှားခ ဝန်ထုပ်ဝန်ပိုး အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။

သတင်း-ကြီတိုင်းအောင်
ဓာတ်ပုံ-သက္ကေ

ပထမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

မော်လမြိုင်ကျွန်းမြို့နယ် လပွတ်ကွဲတဲချောင်းကျေးရွာအုပ်စု ကျီးချောင်းကျေးရွာတွင် ကျေးရွာ(၁၀)ရွာမှာ ကျောင်းသားကျောင်းသူများနှင့်ဒေသခံလူငယ်မောင်မယ်များအတွက် ပထမအကြိမ် နွေရာသီအခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို မတ် ၁၂ ရက်က ကျီးချောင်းကျေးရွာမဟာဝံသာရုံကျောင်းတိုက်၌ ကျင်းပသည်။

ယင်းသင်တန်းဖွင့်ပွဲတွင် မဟာဝံသာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာ စရိယနှင့်ရွှေဒါးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝနတို့က အခြေခံဗုဒ္ဓ ဘာသာယဉ်ကျေးမှုသင်တန်းဖွင့်လှစ်ခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများကို မြွက်ကြားသည်။ အဆိုပါ အခြေခံဗုဒ္ဓဘာသာ ယဉ် ကျေးမှုသင်တန်းသို့ ကျောင်းသား ကျောင်းသူများနှင့်ဒေသခံလူငယ် ၁၁၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

တခင်းလုံးကျေးရွာ အလင်းပြ စာကြည့်တိုက်ဖွင့်

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တခင်းလုံးကျေးရွာတွင် "အလင်းပြ" စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက်က ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးချစ်လှိုင်နှင့် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်ကြူတို့က အမှာစကားပြောကြား၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ အလင်းပြ စာကြည့်တိုက်မှာ ကွန်ကရစ်ခင်းအဆောက်အအုံဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ကျေးရွာ၊ ပြည်သူထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့သော စာကြည့်တိုက်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သတင်းတိုများ

စလင်းမြို့၌ တိုင်းရင်းဆေးကုဌာနဖွင့်

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့နယ်တိုင်းရင်းဆေးကုဌာန အဆောက်အအုံတွင် တိုင်းရင်းဆေးကုဌာန ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဦးအောင်ကျော်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် မြို့နယ်အထောက်အကူပြု ဥက္ကဋ္ဌ ဦးအေးဟန်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး လူမှုရေးဝန်ကြီးက စလင်းမြို့နယ် တိုင်းရင်းဆေးကုခန်းကို ခွင့်ပြုငွေကျပ် သိန်း၂၀၀ ဖြင့် ဆောက်လုပ်ပေးခဲ့ပြီး မြို့နယ်ပြည်သူများ၏ ကျန်းမာရေးအား စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်းပြောကြား၍ မကွေးတိုင်းရင်းဆေးကုဌာနမှူးက ဆေးခန်းအတွက် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ရခိုင်ပြည်နယ် ကျေးလက်များ နိုင်ငံတော်ဓာတ်အားစနစ်သုံးစွဲနိုင်ပြီ

ရန်ကုန် မတ် ၁၆

ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သော ပြည်နယ်များတွင် ရခိုင်ပြည်နယ်လည်း ပါဝင်သည်။ ရေမြေတောတောင်သဘာဝလှပပြီး သယံဇာတပေါများသည့်အပြင် မြစ်ချောင်းများ ဖြတ်သန်းစီးဆင်းလျက်ရှိသော်လည်း ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပေ။ ယခု လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မှုကြောင့် တိုးတက်ဖွံ့ဖြိုးမှု အခြေခံကောင်းများ ရရှိနေပြီဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသများရှိ ပြည်သူများဘဝတိုးတက်လာစေရန် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

"ရခိုင်ပြည်နယ် အတွင်းမှာ နိုင်ငံတော် လျှပ်စစ်ဓာတ်အားလိုင်းစနစ်ကနေပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးတွေ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ လာမယ့် ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်ကာလအတွင်း ရခိုင်ပြည်နယ်အတွင်းမှာ ရှိတဲ့ကျေးရွာပေါင်း ၈၀ ကို နိုင်ငံတော်ဓာတ်အားလိုင်းစနစ်ကနေ မီးလင်းနိုင်ရေး ကြိုးပမ်းသွားမှာပါ" ဟု ရခိုင်ပြည်နယ် အင်ဂျင်နီယာမှူးသူရအောင်ကိုက ပြောသည်။

ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ရရှိနေပြီဖြစ်သောမြို့များမှာ ငပလီ၊ သံတွဲ၊ အမ်း၊ ကျောက်ဖြူ ရမ်းပဲ၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေနှင့် ပုဏ္ဏားကျွန်း စသည့်မြို့များဖြစ်သည်။ ကျောက်ဖြူနှင့်ရမ်းပဲမြို့များမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး လျှပ်စစ်ဓာတ်အားရရှိ အသုံးပြုနိုင်ကြခြင်းဖြစ်သည်။ စစ်တွေမြို့ ပတ်ဝန်းကျင် ကျေးရွာအချို့လည်း လျှပ်စစ်ဓာတ်အားများ ရရှိနေပြီဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် တာဝါတိုင်များ၊ မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းများကို ခက်ခက်ခဲခဲအကောင်အထည်ဖော်ခဲ့ရသည်။ တောတောင် မြစ်ချောင်းများကို ကျော်ဖြတ်သွယ်တန်းရသည်မှာ ခက်ခဲကြမ်းတမ်းပြီး မိုးရာသီကာလအတွင်း အန္တရာယ်ကြီးမားစွာ တည်ဆောက်အကောင်အထည်ဖော်ခဲ့ရခြင်းဖြစ်သည်။

သတင်းဆောင်းပါး-ဖောင်ဖောင်မြင့်ဆွေ
ဓာတ်ပုံ-ခင်ဇွန်ဇာလင်း

ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသများကို နိုင်ငံတော်ဓာတ်အားပေးစနစ်မှ ယခုအချိန်အထိ ကျေးရွာပေါင်း ၅၃ ရွာကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ရာ လျှပ်စစ်ဓာတ်အားခ သက်သာစွာဖြင့် လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

ရခိုင်ပြည်နယ် ကျေးလက်များတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ၅၃ ရွာ၊ ဒီဇယ်မီးစက်နှင့် စပါးခွံစွမ်းအင်သုံး ဓာတ်အားဖြင့် ၁၁၆၇ ရွာအပြင် ဆိုလာစနစ်ဖြင့် ရွာပေါင်း ၁၁၁ ရွာတို့ မီးလင်းနေပြီဖြစ်သည်။

ရခိုင်ပြည်နယ်ကျေးလက်များ လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကလည်း ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် ကျေးလက်ဒေသများ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရာတွင် ပုဏ္ဏားကျွန်းမြို့နယ်တွင် ရွာပေါင်း ၁၉၃ ရွာရှိရာ လောလောဆယ်တွင် ဓာတ်အားလိုင်းနှင့် နီးကပ်သော ရွာများကို နိုင်ငံတော်ဓာတ်အားစနစ်မှ မီးရရှိရေးဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကိုလည်း နိုင်ငံတော်က သတ်မှတ်ထားသည့် နှုန်းထားအတိုင်း သက်သာစွာကုန်ကျစေမည်ဖြစ်သည်။

ထို့အတူ ကျောက်တော်မြို့နယ်တွင် ကျေးရွာအုပ်စု ၇၉ အုပ်စု၊ ရွာပေါင်း ၁၀၀ ခန့်ရှိရာ ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ဓာတ်အားလိုင်းမှ နှစ်မိုင်နှင့် ငါးမိုင်ဝန်းကျင်ရှိသော ကျေးရွာများကို ပထမဦးစွာ ဓာတ်အားရရှိရန် ဆောင်ရွက်ပေးမည်ဖြစ်သည်။ နိုင်ငံတော်ဓာတ်အားလိုင်းမှ ငါးမိုင်အတွင်းရှိသော ရွာများမှာ ပုဏ္ဏားရွာ၊ ဘုရားပေါင်းရွာ၊ ကွင်းအုံနှင့် တောင်ပေါက်ရွာ စသည့်ရွာများဖြစ်ပြီး ဓာတ်အားကြိုးသွယ်တန်းကာ ဓာတ်အားရရှိရေးအကောင်အထည်ဖော်မည်ဖြစ်သည်။

တစ်ဖန် မြောက်ဦးမြို့နယ်တွင်လည်း ရွာပေါင်း ၄၀၀ ကျော်ရှိနေရာ နိုင်ငံတော်ဓာတ်အားလိုင်းနှင့် နှစ်မိုင်၊ ငါးမိုင်ခန့်အတွင်းရှိသော ရွာများဖြစ်သည့် ရှောက်ပုံကျွန်း၊ ပန်းမော်၊ သကြားရွာ၊ မောင်ညိုကျွန်းရွာ၊ လေးမြို့ရွာ၊ လောင်းကြက်ရွာ၊ နန်းကျရွာ၊ မြောင်းဗွေရွာ စသည့်ရွာများကို ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ကြိုးစားသွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးလာစေရန် အဓိက အချက်တစ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကို စျေးနှုန်းသက်သာစွာဖြင့် နိုင်ငံတော်ဓာတ်အားပေးစနစ်မှ ရယူသုံးစွဲနိုင်ခြင်းဖြင့် အထောက်အကူပြုဆောင်ရွက်နိုင်မည်မှာ အမှန်ပင်ဖြစ်သည်။

အင်တာနက်လိုင်းများ ကောင်းမွန်စွာအသုံးပြုနိုင်တော့မည်

မိုးညှင်း မတ် ၁၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ GSM BTS စခန်း ၁၁ ခုရှိပြီး မူလစခန်းသုံးခုရှိ 2G Network

သုံးစွဲရာမှ 2G/ 3G Network စနစ်သို့ ပြောင်းလဲတပ်ဆင်နေသကဲ့သို့ တိုးချဲ့တည်ဆောက်ထားသည့် မိုးညှင်းစာတိုက် GSM BTS စခန်းမှ မကြာမီ 2G/3G Network စနစ်ဖြင့် ဖွင့်လှစ်တော့မည်ဖြစ်ရာ GSM မိုဘိုင်းခေါ်ဆိုမှု ခက်ခဲခြင်းမှ ကျော်လွှားပြီး အင်တာနက်လိုင်းများ ကောင်းမွန်စွာအသုံးပြုနိုင်ကြတော့မည်ဖြစ်ကြောင်း ပြည်နယ်မန်နေဂျာ ဦးအောင်ဖြိုးမြတ်ထံမှ သိရသည်။

အလားတူ မိုးညှင်းမိုက္ကရိ GSM BTS စခန်း၊ မိုးညှင်းနည်းပညာ ကောလိပ် GSM BTS စခန်း၊ နန့်ပုတ် GSM BTS စခန်းသုံးခုကို ယခုမတ်လ ဒုတိယပတ်အတွင်း 2G Network သုံးစွဲရာမှ 2G/ 3G Network စနစ်သို့ ပြောင်းလဲတပ်ဆင်ခြင်း၊ Transmission အနေဖြင့် Fiber ဆက်ကြောင်းမှ တစ်ဆင့် PIN စက် အမျိုးအစားပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် ပြည်ပဆက်သွယ်ရေးကုမ္ပဏီများဖြစ်သော အော်ရီဇူး၊ တယ်လီနောတို့ထက် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု အရည်အသွေးပြည့်ဝပြီး သုံးစွဲသူပမာဏ မြင့်တင်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် သူများနှင့် ဒဏ်ရာရစစ်သည်များအား ကြည့်ရှုအားပေး

ကွမ်းလုံ မတ် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်၊ ချင်းရွှေဟော်မြို့နယ်များမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာ ရတနာဒီပသာသနာပြု ကျောင်းတိုက်နှင့် ဥဏှသိပ္ပံရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းတိုက်တို့တွင် ရောက်ရှိနေပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ငွေအေးတို့က မတ် ၁၀ ရက်က သွားရောက်ကြည့်ရှုအားပေးစကားပြောကြားခဲ့သည်။

ထို့နောက် လူမှုရေးဝန်ကြီးသည် ရတနာဒီပသာသနာပြုကျောင်းတိုက်ဆရာတော်နှင့် သာသနာပြု(ဗဟို) ကျောင်းတိုက် ဆရာတော်တို့အား အလျှင်ငွေများလျှဒါန်းခဲ့ပြီး ကွမ်းလုံ အထကကျောင်း၌ တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုမည့် စာဖြေဌာနကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ လူမှုရေးဝန်ကြီးသည် ကွမ်းလုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဒဏ်ရာရ အရာရှိ၊ စစ်သည်လူနာများအား ကြည့်ရှုအားပေးစကားပြောကြားခဲ့ပြီး အလျှင်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ဝါဆိုဆွမ်းလောင်းအမီ ရပ်ကွက်စုပေါင်းဓမ္မာရုံဆောက်လုပ်

နေပြည်တော် မတ် ၁၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁)အုပ်စု မကျည်းတောရပ်ကွက် ရပ်မိ ရပ်ဖများနှင့် တွဲဖက်ဖေးကူပရဟိတလူငယ်အဖွဲ့တို့ ဦးဆောင်၍ ရပ်ကွက်အတွင်းရှိ အလှူရှင်မိသားစုများက လျှုဒါန်းသော ရပ်ကွက် စုပေါင်းဆွမ်းလောင်းဓမ္မာရုံကို လာမည့်ဝါဆိုကာလဆွမ်းလောင်းရာသီအမီ ဆောက်လုပ်လျက်ရှိကြောင်း ဓမ္မာရုံဖြစ်မြောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးဌေးကိုကို (ကြယ်နီ)ထံမှ သိရသည်။

(၄၃×၃၈) ပေအကျယ်အဝန်းရှိ ဆွမ်းလောင်းဓမ္မာရုံမှာ ဘုံဆင့်ဓမ္မာရုံ၊ RC တစ်ထပ်ဖြစ်ပြီး ဘုရားခန်း၊ မီးဖိုဆောင်တို့ပါဝင်မည်ဖြစ်ကြောင်း၊ ဓမ္မာရုံကို ဖေဖော်ဝါရီ ၁၉ ရက်တွင် မြေနုတ်၊ မြေသန့်မင်္ဂလာပြုလုပ်၍ ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယခုအခါ အောက်ခံအကြမ်းထည်ပြီးစီးလုဖြစ်ပြီး မေလအကုန်အတွင်း အပြီးတည်ဆောက်မည်ဖြစ်သည်။

အဆိုပါ ဓမ္မာရုံအလှူရှင်က ဦးငြိမ်းမောင်-ဒေါ်ခင်ဆွေဝင်း(မကျည်းတော) မိသားစုဖြစ်ပြီး မကျည်းတော ရပ်မိရပ်ဖများနှင့် ရပ်ကွက်အတွင်းရှိ တွဲလက်ဖေးကူ ပရဟိတလူငယ်အဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကိုကြီးကျော်(ပျဉ်းမနား)

ပန်ဖြူထိုင်ဝမ်ဖူးစားပြောင်းမျိုးများ ရွေးချယ်စိုက်ပျိုးလာ၍ တောင်သူများ ဝင်ငွေရ

နတ်မောက် မတ် ၁၆

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း လွန်ခဲ့သောသုံးနှစ်ခန့်မှစ၍ မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် မိုးစိုက်သီးနှံများဖြစ်ထွန်းမှုနည်းပါးသဖြင့် တောင်သူများသည် စျေးကွက်ဝင် ပန်ဖြူထိုင်ဝမ်ဖူးစားပြောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးလာကြကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း ထိုင်ဝမ်ဖူးစားပြောင်း စိုက်ပျိုးရာတွင် ပန်ပတ္တမြား၊ ပန် 75 ပန်ဖြူမျိုးများအနက် စားသုံးသူစျေးကွက်မှ ကြိုက်နှစ်သက်သည့် ပန်ဖြူ ၊ ပန်ပတ္တမြားဖူးစားပြောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးလျက်ရှိကြသည်။ ပင်ဖြူမျိုးစေ့တစ်ဘူး ငွေကျပ် ၈၀၀၀၊ ပန်ပတ္တမြားမျိုးစေ့တစ်ဘူး ငွေကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရပြီး မျိုးစေ့တစ်ဘူးတွင် မျိုးစေ့ ၂၇၀၀ ခန့်ပါရှိကြောင်း၊ မျိုးစေ့နှစ်ဘူးစိုက်လျှင် မြေဧရိယာ ၀ ဒသမ ၄၀ ဧက စိုက်ပျိုးနိုင်ကြောင်း မျိုးစေ့နှစ်ဘူးသည် အပင်ရေ ၅၄၀၀ ခန့်ရကြောင်း၊ စိုက်စနစ်မှာ တန်းကြား နှစ်တောင်မိုက်တင်းခန့်၊ ပင်ကြားခြောက်လက်မထားရှိစိုက်ပျိုးခဲ့ရာ ရက်ပေါင်း ၆၀ အတွင်း စတင်အဖူးဖူးပြီး ၇၅ ရက်အတွင်း ဆွတ်သူးရောင်းချနိုင်ကြောင်း လက်ခုပ်ပင်ရွာမှ တောင်သူ ဦးမောင်ဝင်းက ရှင်းပြသည်။

မြေအကျယ် ၀ ဒသမ ၄၀ဧကတွင် ထိုင်ဝမ်ဖူးစားပြောင်းမျိုးစေ့ နှစ်ဘူးစိုက်ပျိုးလျှင် ယူရီးယားမြေဩဇာအိတ်ကြီး နှစ်အိတ်၊ အာမိုအိတ်ဝက်ခန့် သုံးစွဲခဲ့ကြောင်း၊ စျေးကွက်တွင် လက်ကားစျေးပြောင်းဖူး ၁၀ ဖူးကို ငွေကျပ် ၁၁၀၀ ရောင်းရပြီး မျိုးစေ့တစ်ဘူးစိုက်ပါက ဝင်ငွေကျပ် ၂၅၀၀၀၀ ရရှိကြောင်း၊ အပင်အောင်မြင်ရန် အဝီစိရေတွင်းတူးကာ ကူဘိုတာ ၅-၆ စက်ဖြင့် ငါးရက်တစ်ကြိမ် ရေသွင်းစိုက်ပျိုးရကြောင်း ကြူအိုင်ရွာမှ တောင်သူ ကိုမျိုးညွှန့်က ပြောသည်။

နတ်မောက်မြို့နယ်အတွင်း လက်ခုပ်ပင်၊ ကြူအိုင်၊ စျေးသာမြို့မ၊ အင်းကုန်း၊ ဘုန်းတော်ပြည့် ငွေးချိုစသည့်ရွာများတွင် စျေးကွက်ဝင် ထိုင်ဝမ်ဖူးစားပြောင်းများကို ဆောင်းနှင့်နွေတွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၁၂၇)

မိုးပွင့် (အထူး) စီမံချက်ဆိုင်းဘုတ်ဖွင့်

အမရပူရ မတ် ၁၆

မန္တလေးခရိုင် အမရပူရမြို့၌ ပြည်သူအားလုံးအတွက် မိုးပွင့်(အထူး) စီမံချက်လှုံ့ဆော်ရေးပိုစတာ ဆိုင်းဘုတ်စိုက်ထူပွဲကို မတ် ၁၄ ရက် နံနက် ၉ နာရီက တောင်သမန်အင်း ကန်ပတ်လမ်းနံဘေး အမရပူရမြို့၌ ကျင်းပရာ မန္တလေးခရိုင် လဝကဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်း၊ အမရပူရမြို့နယ် လဝကဦးစီးမှူး ဦးစန်းလွင်နှင့် ပြည်ကြီးတံခွန်မြို့နယ် လဝကဦးစီးမှူး ဦးသိန်းဇော်တို့က ဖွင့်လှစ်ပေးခဲ့ပြီး အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ လဝကဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

မောင်မောင်စိုး (မြစ်ငယ်)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

လဲချား မတ် ၁၆

လဲချားမြို့တွင် မြို့နယ်အတွင်းနှင့် မြို့မဝေးကြီးအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းသရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁၄ ရက်က စည်ပင်သာယာစျေးအရှေ့မျက်နှာစာ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ဆောင်ရွက်ခဲ့ပြီး ဌာနဆိုင်ရာများနှင့် စျေးသူ စျေးသားများက အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

မေ(iprd)

ပြည်တွင်းသတင်း

မောင်တောမြို့နယ်တွင် ကျောင်းဆောင်သစ်ဖွင့်

မောင်တော၊ မတ် ၁၆

အိန္ဒိယသမ္မတနိုင်ငံမှ ထောက်ပံ့လျှာ်ငါန်းငွေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် မြို့သူကြီး ကျေးရွာအုပ်စုခွဆုံပြင်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၄ ရက်က မြို့မအရှေ့ရပ်ကွက် အမှတ်(၂) အခြေခံပညာမူလတန်း (လွန်) ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသား သီချင်းကို မြန်မာ/ အင်္ဂလိပ် နှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသံအမတ်ကြီးမှစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းဆောင်သစ်အား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသံအမတ်ကြီးနှင့် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ကျောင်းဆောင်သစ် ဖွင့်လှစ်ဆောက်လုပ်ပေးခြင်းနှင့် ပတ်သက်၍ ကျေးရွာသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အိန္ဒိယသမ္မတနိုင်ငံမှ ထောက်ပံ့လျှာ်ငါန်းငွေဖြင့် တစ်ကျောင်းလျှင် ၈၈ ဒသမ ၉၄၄ သန်းဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် လေးကျောင်း၊ မောင်တောမြို့နယ်တွင် လေးကျောင်း၊ ကျောက်တော် မြို့နယ်တွင် တစ်ကျောင်း၊ သံတွဲမြို့နယ်တွင် တစ်ကျောင်း စုစုပေါင်း ၁၀ ကျောင်း ဖွင့်လှစ်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ခရိုင် ပြန်/ဆက်

ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

လွိုင်ကော် မတ် ၁၆

ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှနှင့်အဖွဲ့သည် မတ် ၁၃ ရက်က ဒီးမော့ဆို-ဒေါ်ညေးခူလမ်းပေါ်ရှိ ဒေါ်ဖုရွာအနီး၌ မိုးရာသီတွင် မိုးရေတိုက်စားမှုကြောင့်လမ်းများပြိုကျပျက်စီး၍ မြေထိန်းနံရံပြုလုပ်နေမှုနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၈၈ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၆၅ ဒသမ ၃၄၀ ဖြင့်ဆောင်ရွက်လျက်ရှိသော ဒေါ်ညေးခူ-ဘော်လခဲ ကျောက်ချောလမ်း ဖောက်လုပ်နေမှုနှင့်တံတားများ တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယခင်က အရေးပေါ်လူနာများသွားရောက်ဆေးကုသရာတွင် လူနာများကို ဝါးပိုးဝါးဖြင့်ထမ်း၊ တောလမ်းအတိုင်းသွားပြီး တောင်ကမ်းပါးယံများကို ဖြတ်၍ ဘော်လခဲမြို့နယ်ဆေးရုံသို့ ခြေကျင်ခရီးဖြင့် သွားရောက်ဆေးကုသရကြောင်း ဒေါ်ညေးခူကျေးရွာနေ ဦးစိုးနိုင်က ပြောသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ကယားပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စိပိလွီးချောင်းသစ်သားကားကူးတံတား ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီး

တွန်းဓံ မတ် ၁၆

တွန်းဇံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သော ကျိခါးမြို့နှင့် ကန်ဆောက်ကျေးရွာ အကြားရှိ စိပိလွီးချောင်းကူးသစ်သားကားကူးတံတားကို ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၀၀သန်းဖြင့် ကန်ဆောက်ကျေးရွာ တံတားတည်ဆောက်ရေး ကော်မတီမှ တာဝန်ယူဆောက်လုပ်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်က ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားကို မတ်လ ပထမပတ်က ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ချင်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီး ဦးကျင့်လျန်းပေါင်၊ တွန်းဇံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလွန်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ စိပိလွီးချောင်းသစ်သားကားကူးတံတား တည်ဆောက်ပေးခြင်းအားဖြင့် အများပြည်သူသွားလာမှုအဆင်ပြေချောမွေ့ခြင်း၊ ကုန်စည်စီးဆင်းမှုမြန်ဆန်လာခြင်းနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများခံစားရမည်ဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

(၁၆) ခုတင်ဆုံ တိုက်နယ်ဆေးရုံသစ်တည်ဆောက်လျက်ရှိ

ကျွန်းလှ မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အိမ်ခြေကျေးရွာအုပ်စု ရွာကုန်းကြီးကျေးရွာ၌ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် (၁၆)ခုတင်ဆုံ တိုက်နယ်ဆေးရုံသစ်ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတိုက်နယ်ဆေးရုံတွင် အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်းအကြီးအသေး၊ ဆရာဝန်ခန်း၊ သူနာပြုခန်း၊ ဆေးပေးခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ အစည်းအဝေးခန်းနှင့် သန့်စင်ခန်းများ ပါဝင်မည်ဖြစ်ပြီး အလျား ၁၂၆ ပေ၊ အနံ ၈၉ ပေရှိ အာရ်စီတစ်ထပ်အဆောက်အအုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ သုံးခန်းတွဲဝန်ထမ်းအိမ်ရာများကို မြန်မာ့ခေတ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရေယိမ်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ထိန်တောကျေးရွာကျန်းမာရေးဌာနခွဲတို့ကိုလည်း အသစ်တည်ဆောက်လျက်ရှိပြီး မကျီးအင်းကျေးရွာကျေးလက်ကျန်းမာရေးဌာနနှင့် စံပြကျေးရွာကျန်းမာရေးဌာနခွဲတို့ကိုလည်း ကျေးရွာကော်မတီများကပြုပြင်လျက်သည်။

မျိုးဝင်းညို(ကျွန်းလှ)

ကျေးရွာစာကြည့်တိုက်များသို့ စကိုင်းနက်ရုပ်သံဖမ်းစက်များ ပေးအပ်

မြင်းမူ မတ် ၁၆

မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ထောက်ပံ့သော Sky Net ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်ပွဲကို မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ မတ် ၁၄ ရက်က ကျင်းပသည်။

ရုပ်သံဖမ်းစက်များပေးအပ်ပွဲတွင် မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးယဉ်မင်းအောင်က ကျေးလက်နေပြည်သူများ စာဖတ်ခြင်းအပြင် ရုပ်သံအစီအစဉ်များကြည့်ရှုခြင်းဖြင့်လည်း အသိပညာ၊ ဗဟုသုတများ တိုးပွားနိုင်ရန်နှင့် ပြည်တွင်းပြည်ပသတင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် စကိုင်းနက်ရုပ်မြင်သံကြားဖမ်းစက်များ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဂုံညင်းဆိပ်ကျေးရွာ၊ သမ္မတောကျေးရွာနှင့် ပဲတောင်း(တ) ကျေးရွာရှိ ကျေးရွာစာကြည့်တိုက် သုံးတိုက်အတွက် စကိုင်းနက်ရုပ်မြင်သံကြားဖမ်းစက် သုံးစုံ ပေးအပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက် ငါးတိုက်အတွက် စကိုင်းနက်ရုပ်မြင်သံကြားဖမ်းစက် ငါးစုံနှင့် ကျေးရွာစာကြည့်တိုက် နှစ်တိုက်အတွက် ၃၂ လက်မ ဆမ်ဆောင်းရုပ်မြင်သံကြားစက်နှစ်လုံးကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ(iprd)

ဖြူးချောင်းရေအားလျှပ်စစ်မှ ရေလွှတ်ပေး၍ သုံးရေလုံလောက်စွာရရှိ

ဖြူး မတ် ၁၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ဖြူးချောင်းတာတမံ ရေအားလျှပ်စစ်ထုတ်လုပ်ရေး ရေပိုလွှမြောင်းမှုရေများ နေ့စဉ်လွှတ်ပေးနေသဖြင့် ချောင်းဘေးတစ်လျှောက် ကျေးရွာများတွင် သုံးရေလုံလောက်စွာ ရရှိလာကြောင်း သိရသည်။

ဖြူးမြို့နယ်အတွင်း၌ မတ်လပထမပတ်မှစ၍ အပူချိန် စံချိန်တင် မြင့်တက်လျက်ရှိရာ ရေတွင်း ရေကန်များနှင့် ချောင်းမြောင်းများတွင် ရေများလျော့ပါးခမ်းခြောက်နေပြီး ဒေသခံပြည်သူများအနေဖြင့် သုံးရေအခက်အခဲဖြစ်နေကြောင်း၊ ယခုကဲ့သို့ ရေအားလျှပ်စစ်မှ ရေလွှတ်ပေးသဖြင့် သုံးရေနှင့် အိမ်တွင်မွေးမြူထားသော ကျွဲ၊ နွားများအတွက် သောက်ရေအတွက် အဆင်ပြေကြောင်း သိရသည်။

နိုဝင်ဘာ၊ ဒီဇင်ဘာလများမှစ၍ ဖြူးချောင်းရေမှာ ချောင်းအတွင်း ရေစီးရေလာမရှိသလောက်နည်းပါးခဲ့သဖြင့် ဖြူးချောင်းရေကို အမှီပြုလုပ်ကိုင်ဆောင်ရွက်နေကြရသူများမှာ ရေအခက်အခဲနှင့် ရင်ဆိုင်တွေ့ကြုံနေကြရပြီး ယခုအချိန်တွင် ဖြူးချောင်းတာတမံ ရေအားလျှပ်စစ်ထုတ်လုပ်ရေး ရေပိုလွှမြောင်းမှ ရေများ နေ့စဉ်လွှတ်ပေးနေသဖြင့် ဖြူးချောင်းတွင် ရေပေါများလာကာ ရေလုံလောက်စွာသုံးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ဖြူးမြင့်ဦး

ပြည်တွင်းသတင်း

ကျေးရွာများအတွက် အပေါ့စားမီးသတ်စက်များ ထောက်ပံ့ပေးအပ်

မြင်းမူ မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိကျေးရွာလေးရွာ၌ အသုံးပြုရန် အပေါ့စားမီးသတ်စက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က မတ် ၁၄ ရက်တွင် ထောက်ပံ့ပေးအပ်ခဲ့သည်။

မြင်းမူမြို့နယ်အတွင်းရှိ လက်ထုတ္တော၊ ဆပ္ပကုန်း၊ ကုလားပျံနှင့် လက္ကပင် ကျေးရွာများတွင် အသုံးပြုရန်အတွက် အပေါ့စားမီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မီးလောင်မှုဖြစ်ပွားပါက အမြန်ဆုံး မီးငြိမ်းသတ်နိုင်ရန်အတွက် အပေါ့စားမီးသတ်စက်၊ ရေစုပ်ပိုက်၊ ရေပက်ပိုက်နှင့် ဆက်စပ်ပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းများ ပေးထားပြီးဖြစ်သည့်အတွက် အပေါ့စားမီးသတ်စက်များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်နေပြီဖြစ်ကြောင်းနှင့် မီးသတ်စက်များရရှိသည့်အတွက် ကျေးရွာများ၏ မီးဘေးကာကွယ်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေမင်းထွန်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေဖြင့် မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် အပေါ့စားမီးသတ်စက်များနှင့် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နှစ်လုံးနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရှစ်လုံးကို ကျေးရွာ ၁၀ ရွာသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မိုးခါး(iprd)**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးအတွက် နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မြို့တွင်းမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် နေပြည်တော်ယာဉ်ထိန်းအဖွဲ့များပူးပေါင်း၍ မတ် ၁၄ ရက်က ရှောင်တခင်စစ်ဆေးစဉ်။ (အဆိုပါစစ်ဆေးမှုတွင် ယာဉ်မောင်းလိုင်စင်မပါသူ ၁၇ ဦးနှင့် ယာဉ်လိုင်စင်(ဌီးတက်)မပါသူ ၂၇ ဦးကို အရေးယူခဲ့ကြောင်း သိရသည်။) **(၁၀၇)**

ဒေသီးနှံစိုက်ပျိုးရေးလိုအပ်ချက်များ တောင်သူများနှင့်ဆွေးနွေး

ငါန်းဇွန် မတ် ၁၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ခုနှစ် နွေသီးနှံစိုက်ပျိုးရေးအတွက် တောင်သူများ၏ လိုအပ်ချက်များကို ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့တို့က ငါန်းမြောကျေးရွာအုပ်စုမှ တောင်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မတ် ၁၂ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

နွေသီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ ရာသီအချိန်မီ စိုက်ပျိုးရေး၊ ရေသုံးစွဲမှုနှင့် ဓာတ်မြေဩဇာသုံးစွဲမှုများ စနစ်တကျရှိစေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး စသည့်အချက်များနှင့် နွေသီးနှံစိုက်ပျိုးရေးအတွက် တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့်ပတ်သက်၍ ဒေသခံတောင်သူများ၊ တိုင်းဒေသကြီးရေအရင်းအမြစ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတိုးအောင်လင်းနှင့် ခရိုင်ဦးစီးဌာနမှူး ဦးအောင်ခိုင်မင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ၊ ခရိုင်မျိုးစေ့တာဝန်ခံ၊ ခရိုင်ပိုးမွှားတာဝန်ခံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမြင့်အောင်၊ မြို့နယ်ရေအရင်းအမြစ်တာဝန်ခံ ဦးသန်းဖေနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

အင်းတော်ကြီးဒေသတွင် ငါးသယံဇာတကြွယ်ဝရေးဆောင်ရွက်နေ

မိုးညင်း မတ် ၁၆

ကချင်ပြည်နယ် မိုးညင်းမြို့နယ် အင်းတော်ကြီးအင်းတွင် သဘာဝဒေသမျိုးရင်း ငါးမျိုးစိတ်များ ပေါများကြွယ်ဝလာစေရေး၊ ဒေသခံပြည်သူများကို ငါးရိကွာပိုမိုဖြည့်ဆည်းပေးနိုင်ရေးနှင့် ဒေသတွင်းငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် အင်းတော်ကြီးဒေသ မမုံကိုင်ကျေးရွာအုပ်စု မမုံကိုင်ကျေးရွာ ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးသားဖောက်စခန်းမြေနေရာတွင် သဘာဝငါးသယံဇာတ ပေါများကြွယ်ဝရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သဘာဝငါးသယံဇာတများ ပေါများကြွယ်ဝလာစေရေးအတွက် ငါးသားဖောက် အဆောက်အအုံနှင့် ငါးမှုန်၊ ငါးသန်ပြုစုရေးကန်များ တည်ဆောက်လျက်ရှိကာ ငါးမျိုးစိတ် ၁၅ မျိုးခန့်ကို ပြုစုစောင့်ရှောက်ပြီး မွေးမြူသွားနိုင်ရန် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

အင်းတော်ကြီးအင်းတွင် ငါးသယံဇာတ ကြွယ်ဝစေရန် ဆောင်ရွက်မှုနှင့်ပတ်သက်၍ အင်းတော်ကြီးဒေသ ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံ ဦးပြည့်ဖြိုးဇော်က "ကျွန်တော်တို့ အင်းတော်ကြီးအင်းထဲမှာ သဘာဝငါးသယံဇာတတွေ ပိုမိုပေါများလာပြီးတော့ နှစ်စဉ်ငါးထုတ်လုပ်နိုင်မှုတွေ ပိုမိုတိုးတက်မြင့်မားလာအောင် ဆောင်ရွက်နေတာပါ။ အင်းတော်ကြီးအင်းအတွက်ကတော့ ငါးသားပေါက်တွေကို အခမဲ့နှစ်စဉ်လွှတ်ပေးနေပါတယ်။ အရင်နှစ်တွေက ငါးသားပေါက်တွေကို မီးရထား၊ မော်တော်ကားတွေနဲ့ သယ်ယူရတဲ့အတွက် ကုန်ကျစရိတ်လည်းများသလို ဆုံးရှုံးမှုလည်းများပါတယ်။ အခုလို ဒီဒေသ ဒီနေရာမှာ ကျွန်တော်တို့ ငါးမွေးမြူရေးလုပ်ငန်းက ငါးသားဖောက်အဆောက်အအုံနဲ့ ငါးမှုန်၊ ငါးသန် ပြုစုရေးကန်တွေကို တည်ဆောက်ပြီး ထုတ်လုပ်နိုင်မယ်ဆိုရင် ကုန်ကျစရိတ်လျော့နည်းပြီး ဆုံးရှုံးမှုလည်း နည်းပါးမယ်။ ဒေသတွင်း ငါးမွေးမြူရေးလုပ်ကိုင်နေသူတွေဆီကိုလည်း တိုက်ရိုက်ဖြန့်ဖြူးပေးနိုင်မှာဖြစ်တဲ့အတွက် ဒေသအကျိုးကိုလည်း များစွာဖြစ်ထွန်းစေမှာပါ" ဟု ပြောသည်။

ငါးမျိုးများ ဖြန့်ဝေရေးနှင့်ပတ်သက်၍လည်း "ငါးထုတ်လုပ်နိုင်မှု ယခုထက် ပိုမိုတိုးတက်လာရင် ဒီအင်းကြီးကို အမှီပြုပြီး ငါးလုပ်ငန်းကို လုပ်ကိုင်နေကြသူတွေအတွက် ဝင်ငွေတိုးတက်လာမယ်။ နောက်ပြီးတော့ ဒီဒေသ အနီးတစ်ပိုက်က ငါးမွေးမြူတဲ့သူတွေနဲ့ ဖားကန့်မြို့နယ်အတွင်းထိပါမကျန် ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်လိုသူတွေကို လုပ်ကိုင်နိုင်အောင် ကျွန်တော်တို့ ငါးမွေးမြူရေးဌာနက ငါးသားပေါက်တွေကို စနစ်တကျ ဖြန့်ဖြူးရောင်းချသွားမှာပါ"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ငါးသားဖောက်အဆောက်အအုံနှင့် ငါးမှုန်၊ ငါးသန် ပြုစုရေးကန်များ တည်ဆောက်မှု အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးအတွက် အင်းတော်ကြီးဒေသ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအဆောက်အအုံများပြီးစီးပါက ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ မြက်စားငါးကြင်း၊ ငါးဒိန်းစသော ဒေသရင်းငါးမျိုးစိတ်ပေါင်း ၁၅ မျိုးတို့ကို သားဖောက်ထုတ်လုပ်ပြီး အင်းတော်ကြီးအင်းအပြင် ဒေသတွင်း ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နီတိုး(မော်လူး)**

ခရမ်းချဉ်များအောင်မြင်သော်လည်း စျေးကောင်းမရ၍ တောင်သူများအခက်ကြုံနေ

ဟုမ္မလင်း မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ရွှေတွင်းကျေးရွာအုပ်စုမှ ခရမ်းချဉ်စိုက်တောင်သူများအနေဖြင့် ခရမ်းချဉ်သီးများ စျေးကောင်းမရသဖြင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းသော်လည်း တွက်ခြေကိုက်ဖြစ်နေကြောင်း သိရသည်။

"ကျွန်မတို့က မြေပြန့်နှစ်ဧကရှိတဲ့အနက် တစ်ဧကမှာ ခရမ်းချဉ်တွေ စိုက်ပျိုးထားပါတယ်။ ဒီဧင်ဘာလက စတင်စိုက်ပျိုးခဲ့ပြီး ကနဦးခရမ်းချဉ်သီး ပေါ်ချိန်မှာ တစ်ပိသာကို ၇၀၀ ကျပ်နှုန်းရောင်းရပါတယ်။ အခု တစ်ပိသာကို ၃၀၀ ပဲ ရောင်းရတော့တယ်။ အသီးထွက်နှုန်းကတော့ တော်တော်ကောင်းပါတယ်။ ကျွန်မကတော့ ကနဦး ခရမ်းချဉ်သီး စပေါ်ချိန်မှာ ပိသာ ၁၀၀၀ ကျော်ကို စျေးကောင်းရလို့ ခုနှစ်သိန်းကျော်ရပါတယ်။ ဒုတိယအသုတ်မှာတော့ စျေးကျသွားလို့ တစ်ပိသာကို ၃၀၀ ကျပ်နှုန်းပဲ ရောင်းရလို့ တစ်သိန်းကျော်ပဲ ရပါတယ်။ သီးနှံအထွက်ကောင်းပေမယ့် စျေးမရှိတော့ တွက်ခြေမကိုက်ဘူးပေါ့"ဟု ရွှေပြည်မြင့်ကျေးရွာမှ ခရမ်းချဉ်စိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

ဟုမ္မလင်းမြို့နယ် ရွှေတွင်းကျေးရွာအုပ်စုအတွင်းရှိတောင်သူများအနေဖြင့် ပန်းအမျိုးမျိုး၊ မုန်ညင်း၊ ဌက်ပျော၊ ပြောင်းဖူး၊ ဖရဲစသည့် သီးနှံများကိုလည်း စိုက်ပျိုးကြပြီး ခရမ်းချဉ်သီးစိုက်ပျိုးမှုမှာ အများဆုံးဖြစ်ကြောင်း သိရသည်။ **နီတိုး(မော်လူး)**

ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

ရေစကြို မတ် ၁၆

ရေစကြိုမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား အသုံးမပြုနိုင်သေးသူပြည်သူများအနေဖြင့် ဓာတ်အားရရှိသုံးစွဲနိုင်ရန်နှင့် ဖြန့်ဝေပေးနေသော ဓာတ်အားလျော့နည်းပျောက်ဆုံးမှုများမဖြစ်စေရန်နှင့် ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ဓာတ်တိုင်များနှင့် ထရန်စဖော်မာသစ်များကို ရေစကြိုမြို့ လေးရာပြည့်ရပ်ကွက်၌ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှမျိုးက "လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ရန်ပုံငွေနဲ့ လေးရာပြည့်ရပ်ကွက်မှာ ၁၁ ကေဗွီလိုင်း၊ ၂၀၀ ကေဗွီ ထရန်စဖော်မာနဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းတွေကို တိုးချဲ့တည်ဆောက်နေပါတယ်"ဟု ပြောသည်။

၄၀၀ ဗို့ ဓာတ်အားလိုင်း အရှည် ၀ ဒသမ ၅၅ မိုင်အတွက် တည်ဆောက်မှုများပြီးစီးနေပြီဖြစ်ပြီး ၁၁ ကေဗွီလိုင်း အရှည် ၀ ဒသမ ၄ မိုင်မှာ တည်ဆောက်နေဆဲဖြစ်ကာ မကြာမီပြီးစီးမည်ဖြစ်ကြောင်း၊ ဓာတ်အားလိုင်းများ တပ်ဆင်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် ဓာတ်အားပိုမိုရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဖေထွေး(ရေစကြို)

စက်အသုံးပြု သီးနှံရိတ်သိမ်းခြင်း သရုပ်ပြ

ချောင်းဦး မတ် ၁၆

သီးနှံအထွက်တိုးရေးအတွက် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များအသုံးပြု၍ ဂျုံနှင့်ကုလားပဲများရိတ်သိမ်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာ ပေါက်အင်းစိုက်ကွင်း၌ မတ် ၁၄ ရက်က သရုပ်ပြသသည်။

မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန နည်းပညာဖွံ့ဖြိုးရေးဌာနခွဲက သရုပ်ပြခဲ့ခြင်းဖြစ်ပြီး တတိယအကြိမ်မြောက် ရိတ်သိမ်းသရုပ်ပြခြင်းဖြစ်ကြောင်းနှင့် ဂျုံသီးနှံစံကွက်ကို ရိတ်သိမ်းသရုပ်ပြခဲ့ရာ တစ်ဧက ၃၅ တင်းအထိ ထွက်ရှိကြောင်း သိရသည်။ သရုပ်ပြပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က အမှာစကားပြောကြားပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်က အိန္ဒိယနိုင်ငံထုတ် (Combine Harvester) စက်ကြီးများဖြင့် ဂျုံရိတ်သိမ်းခြွေလှေ့ခြင်းဖြင့် တောင်သူများအတွက် အကျိုးပြုမှုအခြေအနေများအကြောင်း ရှင်းလင်းပြောကြားသည်။ သရုပ်ပြရိတ်သိမ်းမှုကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးလုပ်ငန်းများဆောင်ရွက်နေ

ထားဝယ် မတ် ၁၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းမှ ကြက်မွေးမြူရေးလုပ်ငန်းများတွင် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးစီး၍ မြို့နယ်အသီးသီး၌ ကြိုတင်ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ကြက်မွေးမြူရေးခြံများတွင် ဇီဝလုံခြုံရေးစစ်ဆေးခြင်း၊ စွန့်ပစ်အညစ်အကြေးများကို စနစ်တကျသန့်ရှင်းရေး၊ အတွင်းစည်း အပြင်စည်းများ ပိုးသတ်ဆေးဖျန်းခြင်း၊ ခြံအလုပ်သမားများအား ရောဂါကြိုတင်ကာကွယ်ရေး ပညာပေးခြင်း၊ စေးများအတွင်းမှ ကြက်သားရောင်းချသူများအား စစ်ဆေးခြင်းနှင့် ပညာပေးခြင်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ကွင်းဆင်းပညာပေးမှုများကို ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေး၊ ဒုတိယဦးစီးမှူး ဒေါက်တာကောင်းမြတ်စံ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးခင်တိုးနှင့် စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စေးတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက်တွင် ထားဝယ်မြို့မစေ့၊ ကမ်းနားစေ့၊ ကြက်စားပြင်ရပ်ကွက်စေ့များရှိ ကြားသားနှင့် ဝက်သားဆိုင်များ၊ ကြက်ဥဆိုင်များတွင် ရောင်းချနေသော အသားများအား ဝင်ရောက်စစ်ဆေးခဲ့သည်။

ထို့အတူ မတ် ၇ ရက်နှင့် ၈ ရက်တွင် ရေဖြူမြို့နယ် (ဃ)ရပ်ကွက်၊ ညင်းထွေးရွာနှင့် ကျောက်ကညာကျေးရွာများရှိ ကြက်မွေးမြူရေးခြံများကို ရေဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းဇင်ဦးနှင့် ဒုတိယဦးစီးမှူးဒေါက်တာအေးမင်းထွေးတို့ကလည်းကောင်း၊ လောင်းလုံမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများရှိ ကြက်မွေးမြူရေးခြံများကို လောင်းလုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းဇော်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ သရက်ချောင်းမြို့နယ် မြို့မရပ်ကွက်ရှိ ကြက်ခြံများကို သရက်ချောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်အောင်ထွေးနှင့် ဒုတိယဦးစီးမှူး ဒေါက်တာကြည်လင်းစိုးတို့ကလည်းကောင်း ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး ကြက်ခြံလုပ်သားများအား ရောဂါကာကွယ်ရေး ပညာပေးခြင်း၊ ကြက်ခြံများတွင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

မြို့နယ်ပြန်/ဆက်ရုံး၌ အင်တာနက်အခမဲ့သုံးနိုင်မည်

ပုသိမ်ကြီး မတ် ၁၆

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ အင်တာနက်အခမဲ့အသုံးပြုရန်အတွက် ဝိုင်ဖိုင်လွှင့်ပေးထားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ် ပြန်/ဆက်ရုံးပြည်သူ့စာကြည့်တိုက်အတွက် MBAPF မှ ပေးအပ်ထားသော တက်ဘ်လက်နှင့် အော်ရီဒူး၏ အင်တာနက်လိုင်းမှတစ်ဆင့် ဝိုင်ဖိုင်အခမဲ့ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်းနှင့် စာဖတ်သူများအနေဖြင့် အဆိုပါဝိုင်ဖိုင်ထုတ်လွှင့်မှုမှတစ်ဆင့် အင်တာနက်အခမဲ့အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ပြန်/ဆက်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ဝိုင်ဖိုင်အခမဲ့လွှင့်ပေးရန်အတွက် အစည်းအဝေးကို မတ် ၁၄ ရက်တွင် ပြုလုပ်ခဲ့ပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး၊ စာရေးဆရာအသင်းနာယကနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက်များတွင် ယခင်ကအင်တာနက်အခမဲ့သုံးစွဲရန် ဆောင်ရွက်ပေးထားခြင်းမရှိဘဲ Public Digital Library Services ဖြင့် ဝိုင်ဖိုင်မှတစ်ဆင့် စာအုပ်များဖတ်နိုင်ရန်သာ စီစဉ်ပေးထားခြင်းသာရှိရာမှ ယခုအခါ အင်တာနက်အခမဲ့သုံးစွဲနိုင်ရန် ဝိုင်ဖိုင်လွှင့်ပေးရန် စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

လောက်ကိုင်ဒေသတွင် ထိခိုက်ဒဏ်ရာရသူများအတွက် စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၁၆

လောက်ကိုင်ဒေသတွင် ဖြစ်ပွားလျက်ရှိသော စစ်ပွဲများတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သော ပြည်သူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများအား နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ

နှင့် ပြည်သူများက မတ် ၁၄ ရက်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဒေါ်ခင်မိုးမိုး ဦးဆောင်သည့် သူနာပြုတပ်ဖွဲ့ဝင်များနှင့် စည်းရုံးထားသော သွေးလှူရှင်ပြည်သူ ၅၀ က ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်ဆေးရုံ ခုတင်(၁၀၀၀)နေပြည်တော်၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

လောက်ကိုင်ဒေသတွင် ဖြစ်ပွားနေသော တိုက်ပွဲများတွင် ဒဏ်ရာရရှိသည့် ပြည်သူများနှင့် တပ်မတော်သားများအား ယခုကဲ့သို့ စုပေါင်းသွေးလှူခဲ့ကြသည့်အပြင် လောက်ကိုင်ဒေသမှ ပြည်သူများနှင့် တပ်မတော်သားများအတွက် မြန်မာနိုင်ငံ အရပ်ရပ်ရှိ ပြည်သူလူထုနှင့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း အလှူငွေများ ထောက်ပံ့ပေးအပ်နေသည့်အပြင် လောက်ကိုင်ဒေသမှ တိမ်းရှောင်လာသော ပြည်သူများကိုလည်း အကူအညီများပေးလျက်ရှိသည်။ **သန့်မောင်**

ကျေးလက်လူငယ်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

ကလေး မတ် ၁၆

ကျေးလက်လူငယ်များ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် စွမ်းရည်ထက်မြက်စေရေး၊ အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရေးရည်ရွယ်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လက်ပံချောင်းကျေးရွာ၌ ကျေးလက်လူငယ်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို မတ် ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးအောင်ကျော်မျိုးက "နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ကျေးလက်နဲ့မြို့ပြဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွေ အောင်မြင်စေဖို့ဆိုရင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေက အခရာကျပါတယ်။ ကျေးရွာတွေမှာ ရုပ်ပိုင်းဆိုင်ရာတွေဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနေပါတယ်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးလာတာနဲ့အညီ စိတ်ပိုင်းဆိုင်ရာတွေလည်း ဖွံ့ဖြိုးလာအောင်လေ့ကျင့်သင်ကြားပေးရင်း ကျေးရွာတွေကနေ အားကိုးရတဲ့ လူငယ်လေးတွေဖြစ်လာအောင် ဒီသင်တန်းကို ပို့ချပေးတာပါ"ဟု ပြောသည်။

ကျေးလက်တွေဖွံ့ဖြိုးဖို့အတွက် နိုင်ငံတော်ကနေ အထူးဦးစားပေးအစီအစဉ်နဲ့ ဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေ ပြင်ပပုဂ္ဂလိက အဖွဲ့အစည်းတွေကလည်းလာပြီး ကျေးလက်တွေမှာ လုပ်ငန်းတွေလာရောက်ဆောင်ရွက်တဲ့အခါမှာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ဒီသင်တန်းက များစွာအထောက်အကူပြုမှာဖြစ်ပြီး ကျေးရွာတွေအတွက် အကျိုးရှိပါတယ်"ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားသည်။

သင်တန်းတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာရှိန်၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ရှိသူများက သင်ကြားပို့ချပြီး မောက်လင်းကျေးရွာအုပ်စုမှ သင်တန်းသား ၄၀ တက်ရောက်ခဲ့သည်။

ကလေးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအနေဖြင့် ကျေးလက်လမ်းတံတားများ၊ သောက်သုံးရေရရှိရေးများ၊ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ၊ ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်ငွေကျပ်သန်းပေါင်း ၃၄၆ သန်းကျော်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၇၀၉ သန်းကျော်ကို သုံးစွဲခဲ့ပြီး လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၅၂၁ သန်းကျော်ကို သုံးစွဲကာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

သောက်သုံးရေစင် တည်ဆောက်ပြီးစီး

ဆားလင်းကြီး မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ အမှတ်(၁) ရပ်ကွက် မြေစွန်ရပ်တွင် ပြည်သူများအတွက် သောက်သုံးရေစင်တည်ဆောက်ပြီးစီးသဖြင့် မတ် ၁၃ ရက်တွင် သောက်ရေများစတင်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

ရေစင်ကို ရပ်ကွက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရန်နှင့် မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ်နေ ဆားလင်းကြီးမြို့ဇာတိ ဦးစံတင်မိသားစုက ငွေကျပ်သိန်း ၇၀ မတည်လျှဒါန်း၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပေ ၂၀ အမြင့်ရှိ သံရေစင်၊ စတီးရေတိုင်ကီ နှစ်လုံးနှင့် သောက်သုံးရေဘုံဘိုင်နှစ်တိုင်ကိုပါ ရပ်ကွက်သို့ လျှဒါန်းခဲ့ကြောင်း၊ ဆားလင်းကြီးမြို့ အမှတ်(၁)ရပ်ကွက်ရှိ ရေတွင်းမှရေကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးသွယ်တန်း၍ ရေမော်တာဖြင့် ရေစင်သို့စုပ်တင်ပြီး ရပ်ကွက်အတွင်းသို့ သောက်သုံးရေများ ဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်

မြင်းခြံ မတ် ၁၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဇီးပင်ကန်ကျေးရွာ ရတနာဒီပံကျောင်းတိုက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်လျှဒါန်းသည့် ၂၀၁၅-ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရရှိသော အမေရိကန်ဆရာတော် သာသနာ့ဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဇောသအား ဇီးပင်ကန်ကျေးရွာရှိ ပြည်သူများက မတ် ၁၂ ရက်တွင် ဂုဏ်ပြုပူဇော်ပွဲ ကျင်းပပူဇော်ခဲ့ကြသည်။

ဂုဏ်ပြုပူဇော်ပွဲတွင် ဇီးပင်ကန်ကျေးရွာ ဓမ္မစကြာဝတ်အသင်းက ဝတ်ရွတ်စဉ်များရွတ်ဆိုခြင်း၊ ရတုပိုဒ်စုံများရွတ်ဆိုခြင်းတို့ဖြင့် ပူဇော်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်စံနှင့် ကျေးရွာနေပြည်သူများက အမေရိကန်ဆရာတော်နှင့် ကြွရောက်လာသော သံဃာတော်များအား သက်နီးပရိက္ခရာနှင့် လျှုဖွယ်ပစ္စည်းများဆက်ကပ်လျှဒါန်းခဲ့ကြသည်။

ဇော်မင်းနိုင်(မြင်းခြံ)

Yangon Runway ရုပ်ရှင် ဗြေလအတွင်းရိုက်ကူးမည်

ရန်ကုန် မတ် ၁၆

မြန်မာနှင့် ဂျပန်သရုပ်ဆောင်များစွာပါဝင်ရိုက်ကူးမည့် Yangon Runway ရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံ၌ ယခုနှစ်ဗြေလအတွင်း စတင်ရိုက်ကူးမည်ဖြစ်ကြောင်း မြန်မာဘက်မှ တွဲဖက်ဒါရိုက်တာနှင့် ထုတ်လုပ်သူ ကိုကျော်မရမ်က သရုပ်ဆောင်များ အားလုံး မိတ်ဆက်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ယင်းဇာတ်ကားတွင် မြန်မာနိုင်ငံမှ နာမည်ကျော်သရုပ်ဆောင် မင်းသမီး မို့မို့မြင့်အောင်၊ မော်ဒယ်လ်သရုပ်ဆောင်အွန်ဆိုင်းတို့ ပါဝင်ကြမည်ဖြစ်ပြီး ဂျပန်သရုပ်ဆောင်များတွင် ဂျပန်နိုင်ငံမှ နာမည်ကျော်သရုပ်ဆောင်မင်းသားကြီး ဆန်နီချီးဘား၊ အက်ရှင်မင်းသမီး ရီးနာတာကဲရာ၊ မင်းသမီး ယူကိုဖုအီးကီတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံကို ရောက်ရှိပြီး မန္တလေးနဲ့ ပုဂံကို ခရီးသွားခဲ့တယ်။ လမ်းပေါ်က မြင်ကွင်းတွေက ကြည့်ရတာနဲ့ကို နောက်ထပ် ဇာတ်ကားတွေရိုက်ဖို့အထိ စိတ်ကူးတွေဖြစ်ပေါ်ခဲ့ရတယ်။ နိုင်ငံတကာက စိတ်ဝင်စားမှုရှိတဲ့ မြန်မာနိုင်ငံမှာ သရုပ်ဆောင်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်" ဟု ဂျပန်မင်းသားကြီး ဆန်နီချီးဘားက ပြောကြားသည်။

"မမို့အနေနဲ့ ဒီဇာတ်ကားမှာ တွဲဖက် သရုပ်ဆောင်ရမယ့် မင်းသားကြီးဆိုတာ ငယ်ငယ်ကတည်းက နှစ်သက်သဘောကျတဲ့ မင်းသားကြီး တစ်ယောက်ပါ။ ဒီဇာတ်ကားမှာ မိခင်တစ်ဦးရဲ့မေတ္တာ၊ သမီးချင်း ကိုယ်ချင်းစာတဲ့သူ၊ ကိုယ့်သမီးကို တောင်ရောင်းစားခဲ့တဲ့ မိန်းမတစ်ဦး နေရာက သရုပ်ဆောင်ရမှာဖြစ်ပါတယ်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ"ဟု မို့မို့မြင့်အောင်က ပြောသည်။

အဆိုပါဇာတ်ကားကို Living Song Entertainment မှ အကုန်အကျခံ ရိုက်ကူးသွားမည် ဖြစ်ကြောင်း၊ အာရှတိုက်တွင်ဖြန့်ချိပြီးမှ နိုင်ငံတကာသို့ ဆက်လက်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတကာ အဆင့်အထိမီတဲ့ ဇာတ်ကားအဖြစ် ရိုက်ကူးဖို့ စိတ်ကူးထားတာ ကြာပါပြီ။ မြန်မာအလှအပတွေ အများကြီး ပါဝင်မယ်။ အကောင်းဆုံး ကြိုးစားရိုက်ကူးပြီး နိုင်ငံတကာမှာပြရင် သူ့နိုင်ငံအလိုက် စာတန်းထိုးဖို့ စီစဉ်သွားပါမယ်" ဟု ကိုကျော်မရမ်က ပြောကြားသည်။ "ဒီ ဇာတ်ကောင်စရိုက်နဲ့ အွန်ဆိုင်းက လိုက်ဖက်မှုရှိတယ်လို့ ထင်ပါတယ်။ ဇာတ်ကောင်က မော်ဒယ်လ်တစ်ယောက်လည်း ဖြစ်တာကြောင့်ပါ။ ဖက်ရှင်ပိုင်းရော သရုပ်ဆောင်ပိုင်းမှာပါ အကောင်းဆုံးဖြစ်ဖို့ ကြိုးစားသွားမှာပါ" ဟု မော်ဒယ်လ်သရုပ်ဆောင် အွန်ဆိုင်းက ပြောသည်။

ရိုက်ကူးပြီးပါက မြန်မာနိုင်ငံ၌ ပွဲဦးထွက် ပြသသွားမည်ဖြစ်ကြောင်း ဇာတ်ဝင်ခန်းတချို့ကို မြန်မာနှင့် ဂျပန်နိုင်ငံတို့တွင် အနည်းငယ် စတင်ရိုက်ကူးထားပြီးဖြစ်ကြောင်း သိရသည်။

မွန်းဦးနဒီ

ပြည်တွင်းသတင်း

ကောလင်းမြို့ မြောက်အင်းရပ်ကွက်တွင် မီးလောင်

ကောလင်း မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့ မြောက်အင်းရပ်ကွက်တွင် မတ် ၁၃ ရက် ည ၈ နာရီခွဲက လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မီးရထားစက်ခေါင်းရုံအနီးမြောက်အင်းရပ်ကွက် ကောလင်းမြို့နေ ကိုကိုအောင်(ခ)ကုလားကြီး၏နေအိမ်အတွင်း အင်ဗာတာမှ အပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးစတင်လောင်ကျွမ်းခဲ့ရာ ည ၈ နာရီ ၃၅ မိနစ်က ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက ပိုင်းဝန်းဖြိုမ်းသတ်နိုင်ခဲ့သည်။ မီးကို ပေါ့ဆစွာအသုံးပြုသူ ကိုကိုအောင်(ခ)ကုလားကြီးကို ကောလင်း မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုနိုင်(အင်းတော်)

မိတ္ထီလာမြို့ ကျီကုန်းကျေးရွာမီးလောင်

မိတ္ထီလာ မတ် ၁၆

မိတ္ထီလာမြို့ သီးပင်ကုန်းကျေးရွာအုပ်စု ကျီကုန်းကျေးရွာတွင် မတ် ၁၃ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် ၁၆ လုံး ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျီကုန်းကျေးရွာနေ မောင်နေမျိုးလင်း (ခုနစ်နှစ်)ပဲစင်းငုံ ကိုင်းခြောက်ကို မီးရှို့ဆော့ကစားရာမှ နေအိမ်ထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ပွားသည့် ကျေးရွာသို့ တာဝန်သိပြည်သူများ၏ တယ်လီဖုန်းဖြင့် သတင်းပေးအကြောင်းကြားမှုအရ မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့နှင့်အတူ ဦးစီးအရာရှိ ဦးကျော်ဆန်း ဦးဆောင်သည့် သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုးထရံကာ နှစ်ထပ်လူနေအိမ် ရှစ်လုံး၊ သွပ်မိုးထရံကာ တစ်ထပ်လူနေအိမ် ရှစ်လုံးနှင့် မျိုးခြားပျဉ်တစ်တန်ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ မီးလောင်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် အိမ်ထောင်စု ၁၇ စုမှ လူဦးရေ ၁၀၄ ဦးအား ကျီကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ဆွေမျိုးများနေအိမ်တွင် ယာယီနေရာချထားပေးကာ လိုအပ်သည့် ကူညီထောက်ပံ့မှုကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မီးလောင်မှုနှင့်ပတ်သက်၍ မောင်နေမျိုးလင်း၏မိခင်ဖြစ်သူ ဒေါ်သန်းဆင့်(၄၃ နှစ်)ကို ရှမ်းမင်ယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ဌာနေပြန် ပျူကချေသည်များ

ကိုယ်ပိုင်ယဉ်ကျေးမှု ထွန်းကားခဲ့သော မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် ပျူလူမျိုးတို့၏ အခန်းကဏ္ဍသည် အဓိကနေရာမှ ပါဝင်လျက်ရှိသည်။ ပျူတို့သည် မြန်မာနိုင်ငံအတွင်းသို့ ခရစ်တော်မေပေါ်ဒီကတည်းက ရောက်ရှိနေခဲ့ကြကြောင်း ပညာရှင်များက ယူဆထားကြရာ ထိုအချက်ကို အေဒီ (၁)ရာစုမှ (၅) ရာစုအတွင်း စည်ပင်ထွန်းကားခဲ့သော ရွှေဦးပျူတို့အခြေချခဲ့သည့် ပျူမြို့တောင်း ဗိသုဒ္ဓိနီးမြို့က သက်သေပြလျက်ရှိပေသည်။ ပျူလူမျိုးတို့သည် မြန်မာနိုင်ငံအတွင်း တောင်တွင်းကြီးဧရာရှိ ဗိသုဒ္ဓိနီးမြို့တွင်သာမက ပြည်မြို့နယ် မော်ဇဝရို သရေခေတ္တရာ၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်မှ ဟန်လင်း၊ မြစ်သားမြို့အနီးမှ မိုင်းမောအစရှိသော ဧသေများတွင်လည်း ပျူမြို့ပြများကို ထူထောင်အခြေချနေထိုင်ခဲ့ကြကြောင်း ခေတ်အဆက်ဆက် တူးဖော်ခဲ့ကြသည့် ရွှေဟောင်းသုတေသနတူးဖော်တွေ့ရှိမှုများက အခိုင်အမာပြဆိုလျက် ရှိနေပေသည်။ ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့်ဧသေများမှ ပျူလက်ရာ အိုးများ၊ ပုတီးစေများ၊ ဒင်္ဂါးများ၊ ကျောက်စာချပ်များ၊ လက်နက်များ၊ လက်ကောက်၊ လက်စွပ်၊ နားတောင်းစသည့် အဆင်တန်ဆာများ တူးဖော်ရရှိခဲ့သည်ကိုလည်း အများသိရှိကြပြီး ဖြစ်ပေသည်။

အေဒီ (၄) ရာစုတွင် ရေသားခဲ့သော တရုတ်မှတ်တမ်းများတွင် ပျူလူမျိုးများကို ပြောင်(**P'iao**) တို့ ခေါ်ဆိုသုံးနှုန်းခဲ့ကြသည်။ ပျူမြို့တောင်း ဗိသုဒ္ဓိနီးသည် အင်ဒို ချိုင်းနားဒေသတွင် မွန်မောလူမျိုးများ တည်ထောင်ခဲ့သည့် ဗုဒ္ဓနိုအင်ပါရာနှင့် ခေတ်ပြိုင်ဖြစ်ခဲ့သည်။ အေဒီ ၈၀၀ ခုနှစ် အထက် တရုတ်မှတ်တမ်းတစ်ခုတွင် ပျူသံတမန်အဖွဲ့တစ်ဖွဲ့သည် တရုတ်ပြည်သို့ ရောက်ရှိခဲ့ကြကြောင်း ဖော်ပြထားခဲ့သည်။ အေဒီ ၈၀၀ ခုနှစ်တွင် သရေခေတ္တရာမှ ပျူအကြီးအကဲတစ်ဦး ခေါင်းဆောင်သော သံအဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံ (T'ang) သို့ သွားရောက်ခဲ့ကြရာ ယင်းပျူသံအဖွဲ့တွင် ဂီတအနေပညာရှင် ၃၅ ဦး လိုက်ပါသွားခဲ့ကြသည်။ တရုတ်နိုင်ငံ ဆီးချုအန့်(Hsi-chuan) မြို့ဝန်က ထိုသံအဖွဲ့ယူဆောင်လာခဲ့သည့် ပျူဂီတတူရိယာ (၂၂) မျိုးကို ပုံများရေးဆွဲကာ မှတ်တမ်းတင်ခဲ့ပြီး ယင်းတို့တင်ဆက်ခဲ့သည့် ဗုဒ္ဓမေဃဂီတသံစဉ် (၁၂) ပုဒ်ကို မှတ်တမ်းတင် ရေးသားထားခဲ့သည်။ တူရိယာ ၂၂ မျိုးအား ဝါး၊ သားရေ၊ ဆင်စွယ်၊ ဒီးနှဲ့ အစရှိသည့် ပစ္စည်းရှစ်မျိုးဖြင့် မြေလုပ်ထားပုံနှင့် လာရောက်ဖော်ပြကြသော ပျူတို့၏ဝတ်စားဆင်ယင်ပုံများကိုပါ မှတ်တမ်းပြုထားခဲ့သည်။

ပျူနိုင်ငံတော်မှ တရုတ်ပြည်သို့ လာရောက်ကြသည့် ပျူကိုယ်စားလှယ်အဖွဲ့များအကြောင်းကို တန်မင်းဆက် (အေဒီ ၆၁၈ မှ ၉၀၅)၊ တရုတ်စာရေးဆရာများ၏ ရေသားချက်များနှင့် တရုတ်ခရီးသည်များဖြစ်ကြသည့် ဖွန်ချောင်(အေဒီ ၆၂၉ မှ ၆၄၅)၊ အိုင်ချင်း (အေဒီ ၇၈၅ မှ ၈၀၅) တို့ရေးသားခဲ့သော ဘုရားဖူးမှတ်တမ်းများတွင် ရွှေကိုအထူးနေရာသက်ကြီး ရွေ့ပမ်းတိမ်အတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ခဲ့ကြကြောင်းကို ပျူဧသေယများမှ တူးဖော်ရရှိခဲ့သည် ရွှေဖြင့်ပြုလုပ်ထားသည့်လက်တတ်တန်ဆာများက သက်သေပြလျက်ရှိနေပေသည်။

ယဉ်ကျေးမှုအဆင့်မြင့်မားခဲ့သည့် ပျူတို့သည် လက်ရာမြောက်လှသည့် ကြေးသွန်းရုပ်များကိုလည်း ပြုလုပ်နိုင်ခဲ့ဖွယ်ရှိကြောင်းကို ၁၉၆၇ ခုနှစ်၊ ရန်နာပါရီလတွင် ရေးဟောင်း ပျူဧသေ သဝေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ထောင့်ရှိ ဘုရားမာအနီးမှတူးဖော်ရရှိခဲ့သော ပျူကချေသည် ရုပ်လေးများက သက်သေထူခဲ့သည်။ ထိုစဉ်က နိုင်ငံတော်အစိုးရက သရေခေတ္တရာ ပျူမြို့ဟောင်း တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ပုံမှန် ၄ ၁၁မ ငါးလက်မခန့်မြင့်သော ပျူကချေသည် ကြေးရုပ်လေး ငါးရုပ်အား ၁၁ လက်မအမြင့် ရှိသော ခေါင်းလောင်းတစ်ခု၏အောက်မှ တူးဖော်ရရှိခဲ့သည်။ ပျူကချေသည်ရုပ်များသည် စုစုပေါင်း ငါးရုပ်ခန့်ဖြစ်ကာ ကခုန်နေသူက တစ်ရုပ်၊ ဝုတ်ဒေနေသူကတစ်ရုပ်၊ ပလွေမှတ်သူက တစ်ရုပ်၊ လင်းကွင်းတီးနေသူက တစ်ရုပ်ဖြစ်ပြီး ကျန်အရုပ်မှာ ကျောပေါ်တွင် တစ်စုံတစ်ခုကို သယ်ပိုးထားသော လူပုလေးတစ်ယောက်နှင့်တူသည့် အရုပ်ဖြစ်သည်။ ထိုပဋိပေ္ခကြောက်အရုပ်သည် ကျန်အရုပ်လေးခုစီ၏ တစ်ဝက် ကျော်ကျော် အရွယ်မျှသာရှိပြီး ကခေသည်များကို လိုက်လဲကြည့်ရှုနေသူ တစ်ယောက်၏ပုံသွင်ကို ထုလုပ်ထားသော အရုပ်တစ်ရုပ်ဖြစ်နိုင်ကြောင်းလည်း ယူဆကြသည်။ အရုပ်များသည် ဦးခေါင်းအနည်းငယ်ကြီးနေသည်မှအပ ခန္ဓာကိုယ်က အချိုးအစားကျသည်။ ဟော်ရွှင်မြူးကြွနေသည့် ဟန်အမူအရာများ ပေါ်လွင်နေသည့်အပြင် ကခေသည် ရုပ်လေးများအား ထုလုပ်ထားသည်မှာ အထူးလက်ရာမြောက်လှသည်။ ဤရိယာဝိုင်းတော်သားများဖြစ်ဟန်တူသည့် ပျူကချေသည် အရုပ်များသည် လှပစွာဝတ်ဆင်ထားကြရဲသာမက လက်ဝတ် ရတနာပစ္စည်းများကိုပါ ဆင်မြန်းထားသည့်ပုံကို ထုလုပ်ထားပေသည်။

ယင်းပျူကချေသည်ရုပ်လေးများကို တူးဖော်ရရှိခဲ့ပြီး သည်နှင့် ရေးဟောင်းသုတေသနဌာနက တူးဖော်မှုများ ပြုလုပ်နေသည့် သရေခေတ္တရာ၊ မော်ဇဝလုပ်ငန်းခွင်ပြတိုက်တွင် ယာယီထိန်းသိမ်းပြသထားခဲ့သည်။ သို့သော်လည်း ၁၉၆၇ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ထိုကချေသည် ရုပ်လေးရုပ်သည် ပြတိုက်မှ ပျောက်ဆုံးသွားခဲ့ပေသည်။ ပြတိုက်ကို ဖောက်ထွင်းခဲ့သူသည် ဒီးယူသွားသည့် ပျူကချေသည် ရုပ် ငါးခုအနက် လေးခုကိုသာရရှိသွားခဲ့ပြီး အယ်ဆုံးအရုပ် ဖြစ်သည့် သုံးလက်မနီးပါးသာမြင့်သော လူပုရုပ်လေးသည် ပြတင်းပေါင်နှင့် တိုက်မိဟန်တူကာ ကြမ်းပြင်တွင်ကျ ကျန်နေခဲ့သည်ကို တွေ့ရှိခဲ့ကြရပေသည်။ ထိုစဉ်က ပညာရှင်များသာမက ပြည်သူများကပါ ပျူကချေသည်ရုပ်လေးများ ပျောက်ဆုံးသွားရခြင်းအတွက် များစွာနှမြောတသ ဖြစ်ခဲ့ကြရသည်။ သို့သော်လည်း မန္တလေးမြို့မှ ကြေးသွန်းပညာရှင်တစ်ဦးက ပျောက်ဆုံးသွားခဲ့သော ပျူကချေသည် ရုပ်လေးများ၏ ဓာတ်ပုံကို မြင်လိုက်ရသဖြင့် ပုံစံတူပျူကချေသည်ရုပ်များကို ကြေးဖြင့်သွန်းလောင်းပြီး ရောင်းချခဲ့ရာ အနုပညာမြတ်နိုးကြသူများက အမှတ်တရယယ်ယူဝယ်ယူနိုင်ခဲ့ကြသည်။ မြည်ပမှလာရောက်ကြသူများသည်လည်း ထိုပုံစံတူ ရုပ်တုလေးများကိုပင် ဝယ်ယူသယ်ဆောင်သွားခဲ့ကြပေသည်။ မူလပျူကချေသည် ကြေးရုပ်လေးများသည်ကား နှစ်အတန်ကြာခဲ့သည် အထိ မည်သည့်နေရာ၊ မည်သူ့ထံတွင်ရောက်ရှိနေခဲ့သည်ကို မသိရှိခဲ့ကြပါ၁။

ပျူနိုင်ငံတော်ကြီးသည် နန်ချောင်တို့တိုက်ခိုက်မှုကြောင့် အေဒီ ၈၃၂ ခုတွင် ပျက်သုဉ်းခဲ့သည်ဟု ယူဆချက်များရှိခဲ့သဖြင့် အဆိုပါကြေးရုပ်တုများသည် အေဒီ ၇ ရာစုနှင့် ၉ ရာစုအတွင်း သွန်းလုပ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ဆရာကြီး ဒေါက်တာနိုင်ပန်းလှသည် ကလုပ် သုံးသပ်ခဲ့သည်။ ပျူလူမျိုးများသည် အိန္ဒိယယဉ်ကျေးမှုများကို ရွေးခေတ်အစောပိုင်းကပင် လက်ခံခဲ့ကြသဖြင့် ကြေးရုပ်ငယ်များသည် အိန္ဒိယဟန်များလည်း ပါဝင်လျက်ရှိနေပေသည်။ ထိုသို့ ပျူကရေသည်ရုပ်များသည် အိန္ဒိယဟန်များနှင့် ဆင်နေသည့်အတွက် အိန္ဒိယမှ ရောက်ရှိလာသော အရုပ်များဖြစ်နိုင်ကြောင်း ယူဆချက်များ လည်းရှိပေသည်။

ပျူကရေသည်များသည် မြန်မာနိုင်ငံမှ ပျောက်ဆုံးသွားခဲ့ပြီး ၁၆ နှစ်ခန့်အကြာ ၁၉၈၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ သမိုင်းပညာရှင် ဒေါက်တာနိုင်ပန်းလှသည် ပျောက်ဆုံးနေသော ပျူကရေသည်ရုပ်များအကြောင်းကို ထိုစဉ်က မြန်မာနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော (The Working People's Daily)သတင်းစာတွင် ဆောင်းပါးများ စဉ်ဆက်မပြတ် ရေးသားကာ ပျူအရုပ်ငယ်များ မြန်လည်ရရှိရေးကို ကြိုးပမ်းခဲ့သည်။ ယင်းဆောင်းပါးများကို ဖတ်ရှုမိသော အမျိုးသားပထဝီဆိုင်ရာ မဂ္ဂဇင်း(National Geographic Magazine) မှ အကြီးတန်း အယ်ဒီတာတစ်ဦးဖြစ်သူ စစ္စတာဘာရိုင်ရန်ဟော်ဆန်သည် ၁၉၈၂ ခုနှစ်၊ ဧပြီလတွင် မြန်မာနိုင်ငံသို့ လာရောက်ကာ ပညာရှင်များဖြစ်ကြသော ဒေါက်တာနိုင်ပန်းလှ နှင့် ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)တို့အား သွားရောက် တွေ့ဆုံခဲ့သည်။ စစ္စတာ ဟောဒ်ဆန်ကပျောက်ဆုံးနေသော ပျူကြေးရုပ်များကို မိခင်မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ရန် အစွမ်းကုန်ကြိုးပမ်းပေးမည့်အကြောင်း ပြောဆိုခဲ့သည်။

စစ္စတာဟောဒ်ဆန် ပြန်သွားပြီး တစ်နှစ်ကျော်ခန့်အကြာ ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့နေ စစ္စတာရောဘတ်အိပ်ချ် အယ်ဒေါ်သည် ပျောက်ဆုံးနေသော မှရင်းပျူကြေးရုပ်လေး လေးရုပ်နှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ စစ္စတာ ရောဘတ်အိပ်ချ်အယ်ဒေါ်သည် ထိုအရုပ်ငယ်လေးရုပ်ကို နိုင်ငံတစ်ခု၏ ရေးဟောင်းပစ္စည်း အရောင်းဆိုင်တစ်ခုမှ ဒေါ်လာ ၅ သိန်းဖြင့် ဝယ်ယူ သိမ်းဆည်းထားခဲ့ခြင်းဖြစ်ပြီး ယင်းအရုပ်များကို ဦးရာဝါပစ္စည်းများမှန်မမသိခဲ့သဖြင့် ဝယ်ယူထားခဲ့ခြင်းဖြစ်သည်ဟုလည်း ဆိုပေသည်။

စစ္စတာ ရောဘတ်အိပ်ချ်အယ်ဒေါ်သည် ဆရာကြီး နိုင်ပန်းလှ၏ဆောင်းပါးများကို ဖတ်ရှုအပြီးတွင် ဆောင်းပါးတွင် ရေးသားဖော်ပြထားသည့် ပျောက်ဆုံးနေသည့် အရုပ်များသည် မိခင်လက်ဝယ်တွင်ရှိသော အရုပ်များနှင့်တူညီနေသဖြင့် ဘော့စတွန်ပြတိုက်မှ အာရှအနုပညာကျွမ်းကျင် ပညာရှင်ဒေါက်တာဂျန်နွန်တိနီကို ပြသခဲ့သည်။ ဒေါက်တာ ဖွန်တိနီက ကြေးရုပ်များကို အသေအချာစစ်ဆေးပြီး မစ္စတာ ရောဘတ်အိပ်ချ်အယ်ဒေါ်သမ်ထံတွင်ရှိနေသည့် အရုပ်များ သည် မြန်မာနိုင်ငံမှ ပျောက်ဆုံးနေသည့် ပစ္စည်းများ အစစ်အမှန်ဖြစ်ကြောင်း ဆုံးဖြတ်ပေးခဲ့သည်။ ထိုစဉ်က အမေရိကန်နိုင်ငံသမ္မတကတော် နန်စီရီဂင်ကလည်း စစ္စတာ ရောဘတ်အိပ်ချ်အယ်ဒေါ်သံကို ခေါ်ယူတွေ့ဆုံကာ မြန်မာနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် ပျူကရေသည် ရုပ်များအား မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်ခြင်းဖြင့် မြန်မာနိုင်ငံပြည်သူများနှင့်တကွ ကမ္ဘာတစ်ဝန်းမှ စစေတနာ ရှင်များ၏ ခိုးမှမ်းထောမနာပြုမှုကို ရရှိမည်ဖြစ်ကြောင်း အကြံပြုတိုက်တွန်းခဲ့သည်။ သမ္မတကတော် နန်စီရီဂင်က မြန်မာနိုင်ငံနှင့် အမေရိကန်နန်စီနိုင်ငံအကြား တည်ရှိနေသော ခင်ပင်ရင်းနှီးမှုကို ပိုမိုနိုင်မြဲစေမည်ဖြစ်ကြောင်း ကိုလည်း ပြောဆိုခဲ့သည်။

မြန်မာတို့၏ ရေးဟောင်းတန်ဖိုး၊ ယဉ်ကျေးမှု တန်ဖိုး၊ အနုပညာတန်ဖိုးမဖြတ်နိုင်သည့် ပျူခေတ်လက်ရာ ကချေသည် အရုပ်များသည် အနီးယုခံအရုပ်များဖြစ်ကြောင်း သိရှိခဲ့ရသဖြင့် အမေရိကန်လူမျိုး သန်းကြွယ်သူဌေး စစ္စတာရောဘတ်အိပ်ချ်အယ်ဒေါ်သည် မိမိဝယ်ယူကုန်ကျထားခဲ့သော များပြားလှသည့်ငွေကြေးကို မင့်ကွက် ဘဲ မူလပိုင်ရှင် မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ခဲ့ပေသည်။ စစ္စတာရောဘတ်အိပ်ချ်အယ်ဒေါ်သံ၏ နှီးငှယ်မရှိသော စေတနာကြောင့် ပျူကရေသည် ရုပ်များကို မြန်မာနိုင်ငံက ပြန်လည်ရရှိခဲ့ခြင်းဖြစ်ရာ စစ္စတာ ရောဘတ် အိပ်ချ်အယ်ဒေါ်သံ၏ ကျေးဇူးအား မြန်မာ ပြည်သူများက မမေ့နိုင်မည် မဟုတ်ပါ၁။

စစ္စတာရောဘတ်အိပ်ချ်အယ်ဒေါ်သည် ယင်းပျူကရေသည်ရုပ်လေးရုပ်အား ထိုစဉ်က ယဉ်ကျေးမှုမှန်ကြီးဌာန၊ ရေးဟောင်းသုတေသနနှင့်ဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးဥဂျိထံသို့ ၁၉၈၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် တရားဝင် လွှဲပြောင်းပေးခဲ့သည်။ ယင်းအခမ်းအနားတွင် စစ္စတာရောဘတ်အိပ်ချ်အယ်ဒေါ်သံက ကွဲကွာနေသော ပျူကရေသည် ရုပ်လေးနှင့် လူပုရုပ်လေးတို့ ပြန်လည် ပေါင်းစည်းခွင့်ရသည်ကို မြင်တွေ့ရသဖြင့် များစွာဝမ်းမြောက်ပီတိဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ ပျူမြို့ဟောင်း တူးဖော်မှုများတွင် မည်သည့်နေရာတွင်မှ ဤကဲ့သို့ကချေသည်ရုပ်များကို တူးဖော်ရရှိခဲ့ခြင်း မရှိသေးပါ၁။ ထို့အတူ အခြားနိုင်ငံ တစ်ခုခုတွင်လည်း အလားတူ ပျူကရေသည်ရုပ်များ တူးဖော်ရရှိခဲ့ခြင်းများ မရှိသေးပါ၁။ အလွန်ရှားကျပြီး ပျူလူမျိုးတို့၏ ယဉ်ကျေးမှု ဝတ်စားဆင်ယင်ပုံ၊ အသုံးပြုခဲ့သည့် တူရိယာပစ္စည်းများကို တိကျစွာ ဖော်ညွှန်းပြသနေသည့် လက်ရာမြောက်လှသည့် ကချေသည်ရုပ်လေးများ ကတော့ ကမ္ဘာ့ရှားပါးဆုံးပစ္စည်းများ ဖြစ်ကြပေသည်။ ယင်းကဲ့သို့ ရှားပါးတန်ဖိုးကြီးသော ပစ္စည်းများ ပြန်ရရှိခြင်းသည် ကမ္ဘာ့ရှေးဟောင်းပစ္စည်းများ ရှာဖွေရေးလုပ်ငန်းများ ကျယ်ပြန့်ထွန်းကားလာ ရန်အတွက် ကောင်းကျိုးပြုနိုင်ပေသည်။ ကမ္ဘာ့ရှေးဟောင်းပစ္စည်းများ ရှာဖွေရေးလုပ်ငန်းများ ကျယ်ပြန့်ထွန်းကားလာ ရန်အတွက် ကောင်းကျိုးပြုနိုင်ပေသည်။ ယခုအကြိမ်သည် အဆိုပါအသင်းကို မတ် ၁၁ ရက်က တောသောင်းမြို့နယ် ခုနစ်မိုင်ကျေးရွာအုပ်စု ချောင်းစလန်းကျေးရွာ မူလတန်းလွန်နေကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြစိမ်းရောင်စိမ်ကိန်းကျေးရွာ ရန်ပုံ ငွေကျပ်သိန်း ၃၀၀ စီကို ချောင်းစလန်းကျေးရွာနှင့်တာဝ၊ ပါ၁ကျေးရွာများသို့ တိုင်းသေကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ဦးစီးမှူးနှင့်ကော့သောင်းခရိုင် ငါးလုပ်ငန်းဌာနဦးစီးမှူးတို့က မြစိမ်းရောင်ကျေးရွာရန်ပုံငွေ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ များထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်စိုး(iprd)**

ဧရေပြည်တော်ကောင်စီနယ်ခြေ ပုဗ္ဗသိရိမြို့နယ် လယ်သာကျေးရွာအုပ်စု ဂုံမင်းကွင်းကျေးရွာ၌ မြန်နယ်လဝကဦးစီးမှူး ဦးကျော်စိုးအောင်နှင့်ဝန်ထမ်းများက ဖိုးယွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသည့်သူများအား ကွင်းဆင်း ဆောင်ရွက်ပေးရာ မတ် ၁၁ ရက်က ဒေသခံတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။

(မြန်မာ့အလင်း)

သွားနင့်ခံတွင်းအခမဲ့ကုသပေးမည်

မန္တလေး၊ မတ် ၁၆

မန္တလေး Online ပရိတ်တ Family အသင်းက ဝါဆိုကျောင်းရှိ သံယာတော်များအား မတ် ၁၅ ရက်က သွားနင့်ခံတွင်း အခမဲ့ကုသပေးခဲ့သည်။

အဆိုပါ ဝါဆိုကျောင်းတွင် သံယာတော်အပေါ် ၄၀၀ ကျော်ရှိပြီး သွားနာတိုင်ခြင်း၊ သွားဖာခြင်း၊ ချိုးခြစ်ခြင်းများကို သွားဆရာဝန် ၁၅ ဦး ဖြင့် ကုသပေးခဲ့ပြီး ယခုအကြိမ်သည် အဆိုပါအသင်း၏ (၁၀)ကြိမ်မြောက် ကုသပေးခြင်းဖြစ်ပြီး ဧပြီလတွင် ချင်းပြည်နယ်၌ နယ်လှည့်ဆေးကုသမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မြစိမ်းရောင်စိမ်ကိန်း ရန်ပုံငွေလှေပြောင်းပေးအပ်

ကော့သောင်း၊ မတ် ၁၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် မြစိမ်းရောင်စိမ်ကိန်းကျေးရွာ ရန်ပုံငွေလှေပြောင်းပေးအပ်ခြင်း အခမ်းအနားကို မတ် ၁၂ ရက်က တောသောင်းမြို့နယ် ခုနစ်မိုင်ကျေးရွာအုပ်စု ချောင်းစလန်းကျေးရွာ မူလတန်းလွန်နေကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြစိမ်းရောင်စိမ်ကိန်းကျေးရွာ ရန်ပုံငွေကျပ်သိန်း ၃၀၀ စီကို ချောင်းစလန်းကျေးရွာနှင့်တာဝ၊ ပါ၁ကျေးရွာများသို့ တိုင်းသေကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ဦးစီးမှူးနှင့်ကော့သောင်းခရိုင် ငါးလုပ်ငန်းဌာနဦးစီးမှူးတို့က မြစိမ်းရောင်ကျေးရွာရန်ပုံငွေ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ များထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပျူကရေသည်များသည် မြန်မာနိုင်ငံမှ ပျောက်ဆုံးသွားခဲ့ပြီး ၁၆ နှစ်ခန့်အကြာ ၁၉၈၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ သမိုင်းပညာရှင် ဒေါက်တာနိုင်ပန်းလှသည် ပျောက်ဆုံးနေသော ပျူကရေသည်ရုပ်များအကြောင်းကို ထိုစဉ်က မြန်မာနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေခဲ့သော (The Working People's Daily) သတင်းစာတွင် ဆောင်းပါးများ စဉ်ဆက်မပြတ်ရေးသားကာ ပျူအရုပ်ငယ်များ ပြန်လည်ရရှိရေးကို ကြိုးပမ်းခဲ့သည်

ဗဟုသုတ(ရေးဟောင်းသုတေသန)

သစ်တောသစ်ပင်
တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလုတိုး

NAMA MYA KYWUN THA
M-M-A-C
ACADEMIC CENTRE
မဟာမြကျွန်းသာ
အကယ်ဒမစ်စင်တာ
ဒေါ်ခင်ရီမောင်(ကျိုင်းတောင်)

နိုင်ငံတကာဒဿနာစား

အင်္ဂလန်ဘောလုံးလောက အရောင်တောက်ပဖို့ စိန်ခေါ်ပွဲ

မိုးမြင့်လင်းလက်

အင်္ဂလန်ဘောလုံးလောကရဲ့ဂုဏ်သိက္ခာ အင်္ဂလန်ထိပ်တန်းအသင်းတွေရဲ့ ခြေစွမ်းတောက်ပမှု ပရီမီယာလီဂ်ရဲ့ အောင်မြင်မှုလွှမ်းခြုံနိုင်တဲ့ အဆင့်အတန်းတွေ လျော့ကျ မသွားအောင် အာဆင်နယ်နဲ့ မန်စီးတီးတို့ရဲ့ ပခုံးပေါ်ကျရောက်လာခဲ့ပါပြီ။ လက်ရှိအနေအထားက အောက်စည်းဖြစ်နေပေမယ့် ချန်ပီယံလီဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့အဖြစ် မတ် ၁၈ ရက်နဲ့ ၁၉ရက်တွေမှာ ဒီနှစ်သင်းဟာ ပြိုင်ဘက်တွေကို ချွေးသီးချွေးပေါက်ကျအောင်ကစားရပါတော့မယ်။

ကမ္ဘာတစ်ဝန်းက ပရိသတ်တွေရဲ့ အာရုံစူးစိုက်မှုက ချန်ပီယံလီဂ်မှာ တင်ကျန်ရစ်နေတဲ့ အာဆင်နယ်နဲ့ မန်စီးတီးအပေါ်မှာ စူးနစ်ကျရောက်နေတဲ့အပြင် လက်ရှိရပ်တည်မှုကလည်း ခပ်ယိုင်ယိုင်ဖြစ်နေတာမို့ စိုးရိမ်ပူပန်မှုရှိနေကြတာလည်းအမှန်ပါပဲ။ မိုနာကိုနဲ့ရင်ဆိုင်ရမယ့် အာဆင်နယ်တို့အတွက် ပထမအကျော့ အာဆင်နယ်ကွင်းမှာ တစ်ဝိုး-သုံးဝိုးနဲ့ ရှုံးခဲ့တဲ့အကြွေးကို အခုပွဲမှာသုံးဝိုးပြတ်သွင်းပြီး အောင်ပွဲခံနိုင်မလားဆိုတဲ့အမြင်စိတ်နဲ့ တွေးဆကြည့်ပေမယ့် ရင်မောစရာတော့ ကောင်းနေပါတယ်။

အာဆင်နယ်ရဲ့ ခံစစ်ပိုင်းလျော့ရဲမှု တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်မရေရာ မသေချာမှုတွေကြောင့် အခုဒုတိယအကျော့ပွဲစဉ်မှာ ပရိသတ်တွေ အာဆင်နယ်ကို မယုံရဲတာ မဆန်းပါဘူး။ တိုက်စစ်မှူးဂျီရော့ဒ်ရဲ့ ဂိုးသွင်းချက်တွေအပေါ် ထောင်ဘေးလွတ်ဖြစ်ခဲ့တာတွေ အပေးအယူ လွဲချော်မှုတွေက အခုထိ ပရိသတ်ရင်ကို မွမ်းကျပ်နေဆဲပါပဲ၊ နောက်တစ်ဆင့်တက်ဖို့အတွက် မိုနာကိုကွင်းမှာ အာဆင်နယ်တို့ သုံးဝိုးပြတ်သွင်းနိုင်ပါ့မလား၊ နည်းပြအာစင်ဝင်း၀ါးရဲ့ ပွဲထွက်ကစားသမား အခင်းအကျင်း ဗျူဟာပိုင်းနဲ့ လူစားလဲမှုတွေမှာ ထိရောက်မှုရှိနိုင်ပါ့မလား ဒါတွေက မသေချာပါဘူး။

သေချာတာကတော့ အာဆင်နယ်ကစားသမားတွေ ဖိအားများနေခဲ့ပြီ ဖြစ်တာပါပဲ။ မန်ယူကို အနိုင်ကစားထားတဲ့ အောင်ပွဲစိတ်ဓာတ်အရှိန်နဲ့ မိုနာကို အပေါ် ဖိအားပေးနိုင်မလား ဘောလုံးပိုင်ဆိုင်မှုများ များနဲ့ အမှားအယွင်းမရှိ ကစားခဲ့ရင်တောင် အာဆင်နယ် နောက်တစ်ဆင့်တက်ဖို့ အိပ်မက်ပျက်ပြယ်သွားနိုင်ပါတယ်။

အိမ်ရှင်မိုနာကိုတို့ အခုပွဲမှာ ခံစစ်ကိုပိတ်ကစားဖို့ ပြင်ဆင်လာပါလိမ့်မယ်။ အာဆင်နယ်ရဲ့တိုက်စစ်ကို အမှားအယွင်းမရှိ တည်တည်ငြိမ်ငြိမ်နဲ့ ဟန့်တားကစားနိုင်ခဲ့ရင် ချန်ပီယံလီဂ် နောက်တစ်ဆင့်တက်မှာ ဖြစ်တဲ့အတွက် အိမ်ရှင်အနေနဲ့ ရွေးချယ်စရာ နည်းလမ်းများများ မရှိပါဘူး။ ဘာဘာတော့ပဲ၊ မော်ရင်ဟို၊ ဒိုင်ရာ၊ မာတာနယ်တို့ အတွဲညီညီနဲ့ကစားနေတဲ့ မိုနာကိုအပေါ် အာဆင်နယ်တို့ ပြတ်သားလွန်းတဲ့ရလဒ် ဖော်ထုတ်ဖို့ ခဲယဉ်းမှာဖြစ်ပြီး မိုနာကိုတို့ ချန်ပီယံလီဂ် ခရီးဆက်ပါလိမ့်မည်။

နောက်ထပ်အင်္ဂလန်ထိပ်သီးအသင်းဖြစ်တဲ့ မန်စီးတီးရဲ့ ဒုတိယအကျော့ခရီးစဉ်မှာတော့ ဘာစီလိုနာကွင်းကို ချီတက်ရမှာဖြစ်ပါတယ်။ နှစ်ဝိုး-တစ်ဝိုးနဲ့ရှုံးခဲ့တဲ့ မန်စီးတီးရဲ့ စွမ်းဆောင်မှုက အကောင်းဆုံးပုံစံရရှိခဲ့ပေမယ့် နှစ်ဝိုး-တစ်ဝိုးဆိုတဲ့ ရလဒ်ဆိုးကို ချေဖျက်ဖို့တာဝန်က အခုပွဲမှာ ကြီးလေးလွန်းနေတာတော့ အမှန်ပါပဲ၊ အင်္ဂလန်မြေပေါ်မှ ထွက်ခွာခဲ့တဲ့ ဆွာရက်စ်ရဲ့ခြေစွမ်းကြောင့် မန်စီးတီးတို့ရှုံးနိမ့်ခဲ့ပေမယ့် ခြေစွမ်းကောင်းမွန်ခဲ့တာတော့ အမှန်ပါပဲ။

ဒါပေမယ့်ဘာစီလိုနာလို ဘက်စုံကောင်းမွန် တောင့်တင်းနေတဲ့အသင်းကို လေးဝိုးအထိသွင်းယူဖို့ဆိုတာ အဖြေမထွက်နိုင်တဲ့ ပုစ္ဆာတစ်ပုဒ်တွက်ချက်ရသလို ဖြစ်နေမှာပါ။ ဆွာရက်စ်၊ နေမာ၊ မက်ဆီတို့ရဲ့ တိုက်စစ်အတွဲက အဂူရို၊ ဆေးလ်ဗား၊ မီနာလ်နဲ့ နာ၀ရီတို့ မယှဉ်နိုင်တာအမှန်ပါ။ ချန်ပီယံလီဂ်မှာ မန်စီးတီးထက်စာရင် ဘာစီလိုနာတို့က မှတ်တမ်းကောင်း ပိုမိုရေးထိုးနိုင်တော့မှာမို့ ဘယ်လိုရလဒ်ပဲဖြစ်ဖြစ် မန်စီးတီးတို့နိုင်ပွဲမရနိုင်ပါဘူး။ အခုပွဲ နူကမ့်ကွင်းမှာ တိုက်စစ်အပြိုင်ဖွင့်ဖို့ရှိပေမယ့် ပီကေး၊ မာရှေ ယာနို၊ အယ်လ်ဘာတို့လူစုနဲ့ တည်ဆောက်ဖို့ရှိနေတဲ့ ဘာစီလိုနာ ခံစစ်တံတိုင်းကို မန်စီးတီးတိုက်စစ်မှူးတွေ ကျော်လွှားဖို့ ခဲယဉ်းပါလိမ့်မယ်။

ဒါပေမယ့် ယာယာတိုရေး၊ ဖာနန်ဒင်ဟိုတို့ ဖြန့်ဝေမယ့် မန်စီးတီးကွင်းလယ် ကစားအားက ဘာစီလိုနာရဲ့ အင်နီယေစတာ၊ ရာကီတစ်နဲ့ ဘက်ကွစ်တို့ကို ယှဉ်ပြိုင်နိုင်တာတော့ အမှန်ပါပဲ။ ဒါပေမယ့် အမှားအယွင်းနည်းပြီး တိုက်စစ်ကို ပံ့ပိုးမှုအပိုင်းမှာ ဘာစီလိုနာတို့ကပိုပြီးထိရောက်မှုရှိတာမို့ မန်စီးတီးတို့ရဲ့ ချန်ပီယံအိပ်မက်ကလန့်နိုးရတော့မယ်အဖြစ်ကို ကြုံတွေ့ရမှာပါ။

ပရီမီယာလီဂ်မှာပါ ဘန်လေကိုရုံးပွဲကြုံပြီး ဝေဖန်မှုနဲ့ ဖိအားတွေများနေတဲ့ မန်စီးတီးတို့ဟာ ပရီမီယာလီဂ်မှာရော ချန်ပီယံလီဂ်မှာပါ မျှော်လင့်ချက် ဝေ၀ါးစရာတွေ ရင်ဆိုင်နေရပြီဖြစ်တာမို့ ခြေကုန်လက်ပန်းကျအောင် ရုန်းကန်ရမယ့် အနေအထားဖြစ်နေပါတယ်။ အဂူရိုကို အထောင် တိုက်စစ်ထားပြီး ရည်မှန်းချက် ပြည့်ဝဖို့ ကြိုးစားမယ့် မန်စီးတီးရဲ့ဗျူဟာကို ဘာစီလိုနာတို့ အိမ်ကွင်းမှာချေဖျက်ပစ်ဖို့ စွမ်းအားတွေရှိနေတာတော့ အမှန်ပါပဲ။

ဒါပေမယ့် တစ်ဟုန်ထိုး တိုက်စစ်ဆင်တတ်တဲ့ မန်စီးတီးရဲ့လျင်မြန်တဲ့တိုက်စစ်ဟာ ဘာစီလိုနာအဖွဲ့သားတွေ အလစ်အငိုက်မိသွားရင်တော့ ဘာစီလိုနာတို့ ဂိုးတွေပေးရနိုင်ပေမယ့် အနိုင်ဆိုတာ မန်စီးတီးတို့နဲ့ မထိုက်တန်ကြောင်း ဘာစီလိုနာတို့ဖော်ထုတ်ပြသပါလိမ့်မယ်။ လက်ရှိမှာ ခြေစွမ်းမတည်ငြိမ်ဖြစ်လာတဲ့ မန်စီးတီးတို့ဟာ ချန်ပီယံလီဂ်က ချယ်လ်ဆီးထွက်ခွာခဲ့ရပြီးနောက်မှာ အင်္ဂလန်အသင်းတွေရဲ့ သူရဲကောင်းအဖြစ် မားမားမတ်မတ် ရပ်တည်နိုင်မှာကတော့ မျှားနေပါတယ်။

ဒါကြောင့် အင်္ဂလန်အသင်းတွေမပါဘဲ ချန်ပီယံလီဂ်ပွဲစဉ်တွေ ဆက်လက်ဆင့်နွှဲဖို့ ရှိ မရှိ ဆိုတာရယ်၊ အင်္ဂလန်ဘောလုံးလောကရဲ့ ဂုဏ်သိက္ခာတွေ၊ အရောင်တောက်ပနိုင်ဖို့ဆိုတာတွေက အာဆင်နယ်နဲ့ မန်စီးတီးတို့အပေါ်မှာ ကျရောက်လာပြီဖြစ်တာမို့ ရင်ခုန်စွာနဲ့ စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

လာမယ့်ရာသီမှာ မန်ယူနဲ့ အတူရှိနေမယ့် ဒီမာရီယာ

ကောင်းမြတ်သူ စုစည်းသည်

တောင်ပံတိုက်စစ်မှူး ဒီမာရီယာဟာ လာမယ့်ရာသီမှာ မန်ယူနဲ့ အတူဆက်ရှိနိုင်တယ်လို့ နည်းပြ ဗန်ဟားလ်က ပြောဆိုလိုက်ပါတယ်။ ဒီနှစ်ထဲမှာ မန်ယူနဲ့ကစားကွက်အနေအထား အံဝင်ခွင်ကျမဖြစ်သေးပေမယ့် မန်ယူအတွက် ဂိုးတွေသွင်းပေးနိုင်မယ့် ခြေစွမ်းရှိထားတယ်လို့ ဗန်ဟားလ်ကဆိုပါတယ်။

ပြီးခဲ့တဲ့နှစ်က ပေါင် ၅၉ ဒသမ ၇ သန်းနဲ့ ရောက်လာတဲ့ ဒီမာရီယာဟာ မန်ယူအတွက် ဂိုးတွေသွင်းပေးနိုင်မယ့် ခြေစွမ်းရှိထားတယ်လို့ ရီးရဲမက်ဒရစ်မှ ပြောင်းလာပြီး ဂိုး မသွင်း နိုင်သေးပါဘူး။ ဒီဇင်ဘာ ၁ ရက် နောက်ပိုင်း ၁၀ ပွဲပါ၀င်ကစားခဲ့ရာမှာ အခြားကစားသမားတွေကို ဂိုးသွင်းနိုင်အောင် သုံးကြိမ်သာ ဂိုးပေါက်ဖန်တီးပေးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် နည်းပြဗန်ဟားလ်ကတော့ သူ့ရဲ့ကစားကွက်အပေါ် ပရိသတ်တွေရဲ့ဝေဖန်မှုကို ခံနေရပါတယ်။ မန်ယူမှာ အဓိကတိုက်စစ်မှူးတွေဖြစ်တဲ့ ရွန်းနေ၊ ဖယ်ဘာအိုတို့ရှိပေမယ့် ဗန်ဟားလ်ရဲ့ ကစားကွက်နည်းဗျူဟာကြောင့်ကစားသမားတွေ ဂိုးမသွင်းနိုင်ဘဲဖြစ်နေတယ်လို့ ဆိုပါတယ် ။

ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက သူ့လိုအောင်မြင်မှုအပေါ်အောင်ပွဲခံပျော်နိုင်တဲ့ နည်းပြအနည်းငယ်သာ ရှိတယ်လို့ ပြောဆိုလိုက်ပါတယ်။ အသက် ၅၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နည်းပြမော်ရင်ဟိုဟာ ပေါ်တို၊ အင်တာမီလန်၊ ရီးရဲမက်ဒရစ်နဲ့ချယ်လ်ဆီးအသင်းတို့ကို ကိုင်တွယ်ခဲ့ပြီး ဥရောပချန်ပီယံလီဂ်ဖလားနှစ်လုံးနဲ့ လီဂ်ပြိုင်ပွဲ ဖလားနှစ်လုံးဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ "ကျွန်တော့်ကို ကျွန်တော် အခြားနည်းပြတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါမှာတော့ ကျွန်တော့်လို ပျော်နိုင်တဲ့သူက ကျွန်တော်ပထမဆုံးပါပဲ"လို့ မော်ရင်ဟိုကပြောပါတယ်။ အခြားသူတွေကော ရှိနိုင်မလား။ မရှိနိုင်ပါဘူး။ ကျွန်တော့်လိုပျော်နိုင်တဲ့ နည်းပြက ကျွန်တော်တစ်ယောက် တည်းပါပဲလို့ မော်ရင်ဟိုကဆိုပါတယ်။ မော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်းကို ငါးနှစ်အတွင်း ပထမဆုံး ပရီမီယာလီဂ်ဖလားဆွတ်ခူးပေးနိုင်ဖို့ ကြိုးစားလျက်ရှိပါတယ်။ အာစင်ဝင်း၀ါးနဲ့ ကျွန်တော်က ပရီမီယာလီဂ်ဖလားနှစ်လုံး သို့မဟုတ် နှစ်လုံးထက်ပိုပြီး ရယူမယ့် နည်းပြတွေဖြစ်ပါတယ်"လို့ သူက ထပ်လောင်းပြောဆိုလိုက်ပါတယ်။

မော်ရင်ဟိုလိုပျော်နိုင်တဲ့ နည်းပြရှိနိုင်မလား

မက်ဆီယခုနှစ် ရာသီအတွင်း ၄၃ ဂိုးအထိ သွင်းယူထားပြီ

ယခုနှစ် စပိန်လာလီဂါမှာတော့ မက်ဆီနဲ့စီရိုနယ်ဒိုတို့ကတော့ ဂိုးတွေအပြိုင်သွင်းယူနေကြပါတယ်။ မက်ဆီက အီဘာကိုနိုင်တဲ့ပွဲမှာ အနိုင်ဂိုး နှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့ပါတယ်။ ဒီပြိုင်ပွဲအပြီး တိုက်စစ်မှူး မက်ဆီဟာ ယခုနှစ်ရာသီမှာ စုစုပေါင်း ၄၃ ဂိုးအထိသွင်းယူထားပြီဖြစ်ပါတယ်။ သူဟာ ဒီနှစ်ထဲ ဟက်ထရစ်ဂိုးတွေလည်း သွင်းပေးနိုင်ခဲ့ပါတယ်။ စပိန်လာလီဂါ အသင်းမှာတော့ ဟက်ထရစ်ဂိုး ၂၄ ကြိမ်သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးက မက်ဆီဖြစ်ပါတယ်။ သူ့နောက်မှ စီရိုနယ်ဒိုက ၂၃ ကြိမ်နဲ့ဒုတိယအများဆုံး ဟက်ထရစ်ဂိုးသွင်းယူထားပါတယ်။ ဒီနှစ်လက်ကျန်ပြိုင်ပွဲတွေမှာ သူတို့နှစ်ဦးရဲ့ ဂိုးသွင်းစံချိန်တွေကို ပရိသတ်တွေက အထူးစိတ်ဝင်စားနေကြပါတယ်။

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-43029798, 09-43064181, 09-252424002
MDY 09-31406813, 09-91050973
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

FAME Nephrotec®
For healthy kidney
ကျောက်ကပ်ဆေး
TMR 012139 (0516)
၂/ ၂၀၁၂ တဆထလ/တိုး(ဝ၆၅၃)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Rejuvir®
Phytoestrogen supplement
ပျိုမေအားဆေး
TMR 007907 (1214)
၂/ ၂၀၁၂ တဆထလ/တိုး(ဝ၆၅၃)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရုပ်ကွက် အမှတ်(၁၃)၊မြေကွက်အမှတ် ၃၂၉၊ မြေကွက်တည်နေရာ အမှတ်(၃၂၉/က)၊ ကောလိယ(၃၀)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ဒေါ်ကျင်စိန်အမည်ပေါက် နှစ်ဝိ၀ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်စိန်နှင့် ဦးအောင်သန်း ကွယ်လွန်သဖြင့် ဒေါ်ရီရီဌေး ၁၂/ဥကတ(နိုင်)၀၆၃၂၃၉၊ ဦးသက်နိုင် ၁၂/ဥကတ(နိုင်)၁၂၉၆၉၊ ဒေါ်ခင်ဖုန်းသန်း ၁၂/ဥကတ(နိုင်)၀၆၃၂၃၀၊ ဦးမင်းသူ ၁၂/ဥကတ(နိုင်)၀၆၃၁၉၈၊ ဦးအောင်ကျော်မိုး ၁၂/ဥကတ(နိုင်)၀၆၃၂၃၂တို့က သားသမီးများ တော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြောလမ်း၊ အရှေ့အမှတ် ၇၀၇/ကနေ ဒေါ်ကျင်အေး (ဘ) ဦးစိန် ၁၂/သကတ(နိုင်)၀၁၀၉၄၇က ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြော ၅ လမ်း၊ အမှတ် ၃၁နေ ဒေါ်အေးအေးမြင့် (ဘ) ဦးကျော်ဆန်း ၁၂/ကမနန(နိုင်)၀၅၇၄၈ထဲသို့ လွှဲအပ်ထားသည့် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ ၂-၅-၂၀၁၃ ရက်စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၆၇၈၉/၂၀၁၃အား ၂၅-၂-၂၀၁၅ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကျင်အေး
၁၂/သကတ(နိုင်)၀၁၀၉၄၇

ဦးအောင်တိုးဝေ၊ ဒေါ်သန်းဌေး အမှတ် ၈၂၅၊ ဘိုးရာဇာ ၁ လမ်း၊ (၁၄/ဂ)ရပ်ကွက်၊ ရွှေပေါက္ကံဖြို့သစ်၊မြောက်ဥက္ကလာပဖြို့နယ်နေသူတို့နှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း

ဒေါ်တင်တင်ဝေ ၁၂/မဂဒ(နိုင်)၀၅၀၁၃၇နှင့် ဒေါ်နှောင်းဝယန် ၁/ဗမန(နိုင်) ၀၄၆၇၂၃တို့၏ လွှဲအပ်ညှိနှိုင်းကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်တိုးဝေတို့နှင့် ချုပ်ဆိုခဲ့သော ၃၅-၁-၂၀၁၅ရက်စွဲပါ အဆောက်အအုံဆက်လက်ဆောက်လုပ်ရန်အခန်း၀ယ်ယူသူများနှင့် မြေဒုံတို့ချုပ်ဆိုကြသော သဘောတူကတိစာချုပ် အရ ပေးဆောင်ရန်ရှိသော ဒဏ်ကြေးငွေအရှုပ်ရပ်ကို ပေးဆောင်ရန် ကျွန်ုပ်၏မိတ်ဆွေများ ဘက်မှ ယခင်ကတည်းက အဆင်သင့်ရှိနေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ ဒဏ်ကြေးငွေပေးဆောင်ရန် အတွက် ၁၅-၁-၂၀၁၅ရက်စွဲ သဘောတူကတိစာချုပ် စာမျက်နှာ(၂)ပါ အပိုဒ်(၅)အရ မြေရှင်ဖြစ်သူ ဦးအောင်တိုးဝေတို့နှင့် သက်ဆိုင်ရာဌာနသို့ အတူတကွ သွားရောက်ပေးဆောင်ရန် သဘော တူညီခဲ့ ကြသော်လည်း မြေရှင်ဘက်မှလိုက်ပါဆောင်ရွက်ပေးရန် ပျက်ကွက်နေသဖြင့် ယခုကဲ့သို့ ကြန့်ကြာနေရခြင်းဖြစ်ပါသည်။ သို့ပါ၍ ယခုဆောက်လုပ်ဆဲဖြစ်သော အဆောက်အအုံအား ဒေါ်တင်တင်ဝေနှင့် ဒေါ်နှောင်း ဝယန်ဆိုတို့မသိရှိဘဲ တစ်စိတ်တစ်ရာပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ အခြားနည်းတစ်ရပ်ပါဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ထိုကဲ့သို့ ပြုလုပ်ခဲ့ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းကြားချက်အရ-
ဦးသက်အောင်ထူး LL.B တရားလွှတ်တော်ရှေ့နေ-၉၆၉၄
ဖုန်း-၀၉-၂၆၁၁၉၀၈၈

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ မအူပင်လမ်း၊ အိမ်အမှတ်(၁)ရှိ နှစ်ခန်းတွဲ (ဖ)ထပ်တိုက်၏ ခြေရင်းခြမ်းမြေညီထပ်ရှိ (၁၂၀၀ ၆လက်မ×၀ ၅၀)အကျယ်ရှိ မြေရှင်ဦးတင်မောင်သိန်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိခဲ့သော တိုက်ခန်းကို မြေရှင်ဦးတင်မောင်သိန်းထံမှ ယခုရောင်းချသူဦးရဲလင်းအောင် ၃/လဘန(နိုင်)၀၉၉၉၈၀မှ ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝေနှင်းဦး ၈/မလန(နိုင်)၀၇၃၃၆၈၀ယူရန် တိုက်ခန်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအ၀ယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်း၀ယ်သက်ရှ် အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ် ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့် ဒီကရီ မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအ၀ယ်ကိစ္စဖြေရှင်းဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းကြားချက်အရ-

ဦးသော်ဇင်	ဦးငြိမ်းချမ်းထွေး	ဦးစွမ်းထက်ပိုင်
LL.B(၃၁၈၅၄)	LL.B(၂၉၃၃၉)	LL.B(၄၀၇၉၅)
ဖုန်း-၀၉-၄၃၀၆၄၂၈	ဖုန်း-၀၉-၄၂၁၀၁၆၆၇၉	ဖုန်း-၀၉-၄၃၀၉၄၆၇၂

(အထက်တန်းရှေ့နေများ)

တိုက်(၄၆)၊အခန်း(C-3) ၊ မဟာဗြိုင်းအိမ်ရာ၊ (၄၁/တိုးချဲ)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

ကြော်ငြာ

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်ရွယ်စုံအား မြို့နယ်အလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၁) (၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်)

၁။ **တင်ဒါဝိတ်မည့်ရက်၊ အချိန်** - ၃၁-၃-၂၀၁၅ ရက် ၁۶း၀၀ နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁-۹-၂၀၁၅ ရက် ၉း၃၀ နာရီ

၃။ **တင်ဒါတင်သွင်း/စီစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၂၁۹၂

۹။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

ကျောက်ဖြူခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

Open Tender ခေါ်ယူခြင်း၊ တင်ဒါအမှတ် ၁/၂၀၁၅-၂၀၁۶

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် အောက်ပါလုပ်ငန်းသုံးပစ္စည်းများကို မြို့နယ်လမ်းအပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ဝယ်ယူမည့်ပစ္စည်း	စဉ်	ဝယ်ယူမည့်ပစ္စည်း	စဉ်	ဝယ်ယူမည့်ပစ္စည်း
၁။	۶"-၉" ကျောက်	၇။	ကျောက်စရစ်(ကွန်ကရစ်လုပ်ငန်းသုံး)	၁၃။	သစ်မာတိုင်/သစ်မာခွဲသား
၂။	၂"-۹" ကျောက်	၈။	သဲ	၁۹။	၈×۹' (၅)ထပ်သား
၃။	၃"< ကျောက်	၉။	ဘိလပ်မြေ	၁၅။	۶"-၈" Ø မျောတိုင်
၄။	၁"-၂" ကျောက်	၁၀။	သံချောင်းရွယ်စုံ	၁۶။	۹"-۶" Ø မျောတိုင်
၅။	Chipping	၁၁။	အခြားခွဲသား(ထု)	၁၇။	ဗြန်းကျောက်စရစ်
၆။	B-Fine	၁၂။	အခြားခွဲသား(ယုဉ်)		

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၅-၃-၂၀၁၅ ရက်

တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်ဖြူမြို့ (ရမ်းဗြဲ/မာန်အောင်/အမ်းမြို့)၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်ဖြူမြို့

တင်ဒါဖွင့်မည့်ရက်/အချိန် - ۹-۹-၂၀၁၅ ရက် ၈း၀၀နာရီ

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၃-۹۶၀၃၃

ပို့ဆောင်ရေးဝန်ကြီးဌာန
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အငြိမ်းစားလစာခံစားလျက်ရှိသူများစာရင်းအား တိကျမှန်ကန်စွာ စိစစ်သွားမည်ဖြစ်ပါသဖြင့် အငြိမ်းစားဝန်ထမ်းများအားလုံး ၂၀၁၅ ခုနှစ် မတ်လ အငြိမ်းစားလစာများအား ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်မတိုင်မီ ကာယကံရှင်ကိုယ်တိုင် ယခင်ထုတ်ယူနေကျ သက်ဆိုင်ရာရုံးများတွင် မပျက်မကွက် သတင်းပို့ထုတ်ယူကြရန် အကြောင်းကြားအပ်ပါသည်။

၂။ ပင်စင်လစာငွေထုတ်ယူကြရာတွင် အောက်ပါအချက်အလက်များကို တစ်ပါတည်းယူဆောင်လာရန် အသိပေးအပ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်
(ခ) အိမ်ထောင်စုစာရင်း(မူရင်း)
(ဂ) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ(၁.۹"×၁.۹")ကာလာ
(ဃ) ကိုယ်တိုင်မလာရောက်နိုင်သူအတွက် ကိုယ်တိုင် မလာရောက်နိုင်ကြောင်း ခိုင်လုံသည့် အကြောင်းပြချက်ဖြင့် လျှောက်ထားစာ၊ ကိုယ်စားလှယ်လွှဲစာနှင့် သက်ရှိထင်ရှားဆဲဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံစာ

ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားဖိတ်ကြားခြင်း

၂၀၁၅ခုနှစ် မတ်၂၃ရက် (တနလာနေ့)တွင် ကျရောက်မည့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅)တွင် ကျင်းပမည်ဖြစ်ပါ၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှူးဦးစီးဌာနမှ အငြိမ်းစား ဝန်ထမ်းများအား ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားသို့ တက်ရောက်မည့် အငြိမ်းစားဝန်ထမ်းများအား ရန်ကုန်နှင့်မန္တလေးမြို့မှ အသွား/အပြန် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပြီး နေပြည်တော်တွင် တည်းခိုနေထိုင်ရေးအတွက်လည်း စီစဉ်ထားပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျင်းပရေးကော်မတီ

ဆက်သွယ်ရန်ပုဂ္ဂိုလ်များ
(၁) **ခေါ်ရိုရိုင်မိမ်း**
ညွှန်ကြားရေးမှူး
ဖုန်း-၀၁-۶၆၀၅၂၆၊ ၀၉-၅၀၁၄၉၂၅
(၂) **ဦးကျော်လွင်ဦး**
ညွှန်ကြားရေးမှူး
ဖုန်း-၀၂-၃۶۶۹۶၇၊ ၀၉-၂၀၀၅၇۶၀

ခင်ချိုချိုရန်
ညွှန်ကြားရေးမှူး
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှူးဦးစီးဌာန

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြေတိုင်းရပ်ကွက် ၁၀ အိုင် ၃၊ မြေကွက်အမှတ် ၁၃၊ ၀ ဒသမ ၀၈၀၈ဧကရှိ ဌာနပိုင်မြေပေါ်တွင် (၅၅×၁۹.၅)ပေ၊ အမြင့် ۶၂ပေ လေးခန်းတွဲ ခြောက်ထပ် RC ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၃-၂၀၁၅ ရက် (တနလာနေ့) နံနက် ၉ နာရီမှ ၁၁း၀၀နာရီအထိ

တင်ဒါစီစစ်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ အမှတ် ၁۶၃/၁۶۷၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၃၀-၃-၂၀၁၅ ရက် (တနလာနေ့) ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးတွင် ၁۶-၃-၂၀၁၅ ရက် (တနလာနေ့)မှ ၂۶-၃-၂၀၁၅ ရက်(ကြာသပတေးနေ့)အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း (၂+၃+၄) အတွင်းရှိ စက်ရုံများသို့ လျှပ်စစ်ဓာတ်အားတိုးချဲ့ပေးနိုင်ရန် 33/11 KV, 20 MVA Power Transformerနှင့် ဆက်စပ်ပစ္စည်းအစုံ၊ ခွဲရုံအဆောက်အအုံအပါအဝင် Sub-Station တစ်ခုကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။

၂။ **တင်ဒါပုံစံနှင့်စည်းကမ်းချက် စတင်ရောင်းချမည့်ရက်** - ၂၀-၃-၂၀၁၅ ရက်

၃။ **Company Profile အပါအဝင် Technical Experience Price Quotation ၊ အာမခံငွေသွင်းချလန်နှင့်အတူ** - ၃၁-၃-၂၀၁၅ ရက် ၁۶း၀၀ နာရီ
တင်ဒါနောက်ဆုံးထားတင်သွင်းရမည့်ရက်နှင့်အချိန်

۹။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ Drawing များကို တင်ဒါပုံစံရောင်းသည့် ၂၀-၃-၂၀၁၅ရက် ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

Power Transformer တပ်ဆင်ရေးလုပ်ငန်းဆပ်ကော်မတီ
စီမံခန့်ခွဲရေးကော်မတီ
ရွှေပြည်သာစက်မှုဇုန်အပိုင်း (၂+၃+၄)
ဖုန်း-၀၁-۶၁၈၁၅၇၊ ۶၁၈၅၅၅၊ ۶၁၈၂၅۹

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဇီဝနည်းပညာသုတေသနဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန(ကျောက်ဆည်)ရှိ နွား ۹၂၅ ကောင်အတွက် နွားအစာ (အစာန)များ ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁۷-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ ငွေစာရင်းဌာန(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၃-၃-၂၀၁၅ ရက်၊ ၁۶း၃၀ နာရီနောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ငွေစာရင်းဌာန(ကျောက်ဆည်)
ဖုန်း-၀۶၆-၅၀၅၉၈၊ ၀۶၆-၅၀۶၀၀۶

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ သုမင်္ဂလာလမ်း မြေကွက်အမှတ် (၄၅၆/ဘီ)၊ မြေ ၀ ဒသမ ၀၈၃ ဧကရှိ ဌာနပိုင်မြေပေါ်တွင် (၅၄ပေ× ၁۹.၅ ပေ)× အမြင့် ۶၂ ပေ လေးခန်းတွဲ ခြောက်ထပ် RC ဝန်ထမ်းအိမ်ရာအဆောက်အအုံ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၃-၂၀၁၅ ရက် (တနလာနေ့) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ

တင်ဒါစီစစ်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ အမှတ် ၁۶၃/၁۶۷၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၃၀-၃-၂၀၁၅ ရက် (တနလာနေ့) ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးတွင် ၁۶-၃-၂၀၁၅ ရက် (တနလာနေ့)မှ ၂۶-၃-၂၀၁၅ ရက်(ကြာသပတေးနေ့)အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ
အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းအတွက်
စိတ်ပါဝင်စားသူများအားဖိတ်ခေါ်ခြင်း
(Letter of Expression of Interest)

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)အား ယူရီးယားဓာတ်မြေသြဇာထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ အတွေ့အကြုံရှိ ပြည်တွင်း/ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းပြုလုပ်သွားမည်ဖြစ်ရာ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Letter of Expression of Interest-LOEI) တင်သွင်းရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

၂။ LOEI တွင် တင်ပြရန် လိုအပ်သည့်အချက်အလက်များနှင့် စက်ရုံဆိုင်ရာ အချက်အလက်များကို စွမ်းအင်ဝန်ကြီးဌာန၏ Website http://www.energy.gov.mm/index.php/en/information/announcement နှင့် www.facebook.com/ministry Of Energy. Myanmar တွင် ရရှိနိုင်ပြီး အောက်ဖော်ပြပါလိပ်စာတွင်လည်း ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူး **Fax-067-411124**
စီမံရေးဌာန **Email-MPEHO@mptmail.net.mm**
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း **Email-mpeict@gmail.com**
ရုံးအမှတ် ۹၄၊ နေပြည်တော်

၃။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (LOEI)ကို Website တွင် ဖော်ပြထားချက်များနှင့်အညီ အောက်ဖော်ပြပါလိပ်စာတွင် ۹-၅-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀နာရီနောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်ပေးပို့ရမည်ဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ရုံးအမှတ် ۹၄၊ နေပြည်တော်

۹။ Email/Fax/အမြန်ချောပို့ဖြင့် ပေးပို့တင်ပြခြင်းကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ တင်သွင်းလာသည့် LOEI အဆိုပြုလွှာများအနက်မှ အလားအလာရှိသော လုပ်ငန်းလုပ်ကိုင်လိုသူများကို ပဏာမစိစစ်ရွေးချယ်၍ တင်ဒါလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း (AGTI Society) ရုံးခန်းတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်း (ကျား-၁၊မ-၁)နှစ်ဦးခန့်ထားရန်ရှိပါသဖြင့် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) အသက် (၂၅)နှစ် နှင့် (၄၀)ကြားရှိ မြန်မာနိုင်ငံသား
(ခ) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့) ဂျီတီအိုင်အောင်လက်မှတ်တစ်ခုခုရရှိပြီးသူ
(ဂ) ကွန်ပျူတာစာစီစာရိုက်၊ Internet နှင့် Email ကျွမ်းကျင်သူ
(ဃ) ကျန်းမာဖျတ်လတ်၍ မိသားစုစိတ်ဓာတ်ဖြင့် တာဝန်ထမ်းနိုင်သူ

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ မကြာသေးမီက ရိုက်ကူးထားသည့် ပတ်စ်ပို့ရွယ် ဓာတ်ပုံ(၃)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ခန့်မှန်းလစာနှင့်တကွ ၃၁-၃-၂၀၁၅ ရက်နောက်ဆုံးထား၍ ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတတိယထပ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း
ဆက်သွယ်စုံစမ်းရန်- ဦးခင်၈၊ ဦးအောင်မင်း၊
ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂۶၈၈၅၊ ၀၉-၅၁၅۶۷၃၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေကွက်အမှတ် ၆/၃۶/၅၄۶၊ အကွက်အမည် အိမ်ရာမြေကွက်၊ ဧရိယာ ပေ (۶၀×۶၀)ရှိ အမည်ပေါက် ၀မ-ထွန်းအုန်းထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ (၁) ဦးထွန်းကြွယ်၏သား ဦးသန်းကြွယ် ၁၂/လမတ(နိုင်)၀၂၁၃၃۶၏ မြေချပါမစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ တွေ့ရှိက အကြောင်းကြားပေးပါရန်။

(ကျေးဇူးဆပ်ပါမည်)။ ဖုန်း-၀၉-۹၂၁၀၂۶၅၀၀၊ ၀၉-၇၉၉۶၃၃၉၅
ဦးသန်းကြွယ်

ကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၏ ကျက်သရေဆောင် သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၁၃၇၇ခုနှစ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကျင်းပမည်ဖြစ်ကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၏ကျက်သရေဆောင် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၁၁ ရက်မှ ကဆုန်လကွယ်နေ့အထိ) ၂၈-၄-၂၀၁၅ရက်မှ ၁၇-၅-၂၀၁၅ရက်အထိ ရက်(၂၀)တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ဇာတ်ပွဲ၊ ဗီဒီယို၊ ရုပ်ရှင်၊ ဆက်တပ်၊ မျက်လှည့်၊ တေးသရုပ်ဖော်၊ တုတ်ထိုးရုပ်၊ ချားရဟတ်များနှင့် အခြားဟော်ပွဲရွှင်ပွဲများဖြင့် ကျင်းပမည်ဖြစ်ပါသည်။

ပွဲတော်စျေးဆိုင်ခန်းများနှင့် မြေနေရာများကို လူဟောင်းရောင်းချပေးမည့်ရက်မှာ ၄-၄-၂၀၁၅ရက်မှ ၁၃-၄-၂၀၁၅ရက်အထိသတ်မှတ်ပြီး လူသစ်များကို ၁၈-၄-၂၀၁၅ရက်မှ ၂၆-၄-၂၀၁၅ရက်အထိ ရောင်းချပေးမည်ဖြစ်ပါသည်။ ပွဲတော်ကာလအတွင်း စက်ဘီးစခန်းနှင့် ပျံကျစျေးကောက်လုပ်ငန်းလုပ်ကိုင်လိုသူများကို လေလံစနစ်ဖြင့် ခွင့်ပြုမည်ဖြစ်ရာ ၁-၄-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ရုံးဌာန လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၄-၂၃၇၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။)

၁၃၇၇ ခုနှစ် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးဦးစီးကော်မတီ
ရွှေဆံတော်စေတီတော်မြတ်ကြီး၊ တောင်ငူမြို့

ရေစက်ချပွဲတော် အသိပေးနှိုးဆော်ဖိတ်ကြားလွှာ

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ကန်မိန်းပရိယတ္တိစာသင်တိုက် သုခဝိဟာရနှစ်ထပ်ကျောင်းဆောင်သစ်ကြီး ရေစက်ချပွဲတော်ကို (၁၃၇ဖခုနှစ် တန်ခူးလဆန်း ၁ရက်) ၂၀-၃-၂၀၁၅ရက် (သောကြာနေ့)မှ (တန်ခူးလဆန်း ၃ရက်) ၂၂-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့)အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး အလှူရှင်ဒါယကာ၊ ဒါယိကာမအပေါင်းတို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အတူတကွကြွရောက်ရေစက်ချ အမျှဝေနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော် အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပွဲတော်ဖြစ်မြောက်ရေးကော်မတီ

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၏ (၄၅)ကြိမ်မြောက် မတ်လ(၁၄၊ ၁၅) ဦးရေ(၅၀၀၀)ပြည့် အလင်းဒါနအစီအစဉ်တွင်

ပုဇွန်တောင်မြို့နယ်၊ ၅၆-လမ်းတို့၊ ရွှေအလင်းရောင် မျက်စိဖောင်ဒေးရှင်း၏ (၄)ကြိမ်မြောက် ကျပ်ငွေ (၁၀) သိန်း လှူဒါန်းခြင်းနှင့်

လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ယာ၊ မခင်စန္ဒာ မိသားစုတို့က ကျပ်ငွေ (၁၀)သိန်းလှူဒါန်းခြင်းတို့ကို လည်းကောင်း၊ မျက်စိဝေဒနာရှင်တစ်ဦး မျက်စိခွဲစိတ်ခြင်း ကုန်ကျအလှူတော် ကျပ် ၄၀၀၀၀/- အတွက် အလင်းဒါန အလှူရှင် အဖြစ်ခံယူ၍ ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်း ကြသည်ကို ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာန – ရွှေပြည်ဟိန်းကျောင်း
သီတဂူ–ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ – ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊
[ကျိုကြွတ်ဆံရူပါဝမ်း၊ တာမွေ့လေးသံလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉-၅၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇာတ် အရှင်ခေမာသီရိလင်္ကာရ (AccountNo.00730200701690301)

နှစ်ပတ်လည်လှူဒါန်းခြင်း

တပ်ကြပ်ကြီးစာရေး သင်တန်းအမှတ်စဉ်(၁၂၂)၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်နေ့တွင် လောက်ကိုင်ဒေသ တိုက်ပွဲဝင် အရာရှိ/စစ်သည်များအတွက် အလှူငွေ ၅၅၀၀၀၀/- လှူဒါန်းခဲ့ပါကြောင်း။

၁၂၂ မှ သူငယ်ချင်းများ (နေပြည်တော်)

BBS - U HLA BU'S TOEFL
TOEFL တန်းသစ် Mar 21 စမည်။ ph 09252633064/931058204
၁၈ (A) ဦးလူနီလမ်း ၊ ကြည့်မြင်တိုင် ။ (သီတာရုံအနီး)

ရောင်းရန်ရှိသည်။
အသုံးပြုနေဆဲ ပလတ်စတစ် PET ဘူးခွံထုတ်စက် (Blowing Machines) ကျူ၊ထုတ်စက်၊အဖုံးထုတ်စက် (Injection Machines -260 PET ,380 PETများရောင်းရန်ရှိသည်။ဆက်သွယ်ရန် –၀၁. ၆၁၈၂၉၀ ၊ ၆၁၈၂၉၁ (Ext : 102) သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပါရန်။

ဟိုတယ်၊ ဆေးရုံ၊ လုံးချင်း၊ ကွန်ဒိုတိုက်ခန်းများ ရုံးခန်းများ အထူးအလှဆင်ခြင်းလုပ်ငန်း
* ပတ်တီးနှစ်ထပ်၊ ဆေးနှစ်ထပ်ကို ၁ပေပတ်လည် 400 ကျပ်
* ပတ်တီးနှစ်ထပ်၊ ဆေးနှစ်ထပ်နှင့် Liquid Paper အပါအဝင် ၁ပေပတ်လည် 500 ကျပ်
* PVC Wall Paper ၁ပေပတ်လည် 600/ 800/ 1000/ 1200 ကျပ်နှုန်း
* ဝန်ဆောင်မှုများ၊ ဆေး၊ ပစ္စည်း၊ လက်ခ အပြီးအစီး
* ဈေးစစ်၊ မှိုမတက်၊ သုတ်၍ ဆေး၍ ရပါသည်။
Lucky
Myanmar Lucky Brother Technology Co.,Ltd.
09-250196161,09-428350005
တရုတ်ဈေးဖြင့် ဆက်သွယ်ရန် ဖုန်း
09-250293949

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဒုတိယမြို့နယ်တရားသူကြီးရုံး၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၈ နှင့်ဆက်သွယ်သည့်
၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁

ဦးကျော်မြင့် ပါ-၇ (၆-တရားနှင့်ကိုယ်တိုင်နှင့် ကျန်တရားနှင်များ၏ အခွင့်ရကိုယ်စားလှယ်-ဦးဇော်မြင့်) **နှင့်** ၁။ ဦးဘစိန် ၂။ ဒေါ်စိန်ပု ၃။ ဒေါ်သန်းတင်(ခ)မသဲစိန်

ဒီကရီအနိုင်ရသူများ **တရားရှုံးများ**

အမှတ်(၁၆၅)၊ ၄၀၀လမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ယခုနေနေရပ်လိပ်စာမသိ) တရားရှုံးများဖြစ်သော ၁။ ဦးဘစိန်၊ ၂။ ဒေါ်စိန်ပု၊ ၃။ ဒေါ်သန်းတင်(ခ)မသဲစိန်တို့ သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၈ အမှုတွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနှိုင်းများက လျှောက်ထားသည်ဖြစ်၍ ဥပသည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြခေါ်ဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် မတ် ၃၁ရက် (၁၃၇ဖခုနှစ် တန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် မတ် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုဇြိမ်းမွန်)
ဒုတိယမြို့နယ်တရားသူကြီး၊ အလုံမြို့နယ်တရားရုံး

ဖြေပိစေတနာဆေးတိုက်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ) ၊ ဖြူနီနက်ကွက်များ ၊ အနာကြီးရောဂါ ၊ ယားနာ ၊ ပွေး၊ ဝဲ၊ နှင်းမူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးမောင်မောင်ပြင့်၊ အမှတ်-၃၅ ပိတောက်ရိပ်ပြိမ်ရေနံကုန်အင်းစိန်လမ်းမကြီး။ ကုသလားကျောင်းမှတိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၆-၆၆၆၄၃၇၈၊ ၀၉-၇၉၉၈၈၆၀၉
(ဌာနခွဲ)အမှတ်(၂) ၊ ၆၂လမ်း၊ ၂၈ x ၂၉လမ်းကြား၊ ဗဟောင်တော်မူရပ်၊ မန္တလေးမြို့။ဖုန်း - ၀၂-၂၂၅၁၅

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၆

ကွယ်လွန်သူ ဦးအုန်းဖေ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ဒေါ်မာလာမြင့်(ခ)မာလာမောင်မောင် **လျှောက်ထားသူ**
အမှတ် ၁၂၊ ရွှေဂုံတိုင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ တောင်ညွှန့်ကြီးရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်(၅၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၁-ဒီ)၊ မြေကွက်အမှတ်(၄) (၅)၊ ဧရိယာ ၀ဒသမ ၀၃၂ ၌ ဆေးထိုင်ခဲ့သော ကွယ်လွန်သူဦးအုန်းဖေ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်မာလာမြင့်(ခ)မာလာမောင်မောင်က အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ခုနှစ် မတ် ၃၀ရက် (၁၃၇ဖခုနှစ် တန်ခူးလဆန်း ၁၁ရက်) ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအုန်းဖေ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည့် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်ဆိုခဲ့သော ၂၀၁၅ခုနှစ် မတ် ၃၀ရက် (၁၃၇ဖခုနှစ် တန်ခူးလဆန်း ၁၁ရက်) ၁၀ နာရီ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကနည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်ဖြစ်စေ၊ လာရောက်ဆိုင်ဆိုတင်ပြရန်နှင့် အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်းမပြုမီ မှူခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ မိန့်ကြားဆင့်ဆိုလိုက်သည်။ ထိုသို့ဆင့်ဆိုသည်ကို လာရောက်ရန်ပျက်ကွက်လျှင် ဤရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဒေါ်မာလာမြင့်(ခ)မာလာမောင်မောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ယင်းလျှောက်ထားမှုနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၅ခုနှစ် မတ် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဥမ္မာတင်)
တွဲဖက်ခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၁၊ နည်းဥပဒေ-၂၀)
လှိုင်သာယာမြို့နယ်တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၆

ဒေါ်ညီညီဝင်း **နှင့်** ဒေါ်တင်မာလာထွန်း
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ လမ်း(၂၀)၊ အပေါ်ဘလောက်၊ အမှတ်(၁၂၆)၊ ခုနှစ်လွှာ (ဘယ်) (ယခုလိပ်စာမသိ)ရပ်နေ ဒေါ်တင်မာလာထွန်း သိစေရမည်။

သင့်အပေါ် ဒေါ်ညီညီဝင်းက ပေါင်နှံထားသောအိမ်အား ရွေးနုတ်ယူရန်ကူညီထားသည့် ငွေကျပ်သိန်း ၃၀ (ကျပ်သိန်းသုံးဆယ်တိတိ) ပြန်လည်ရလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် မတ် ၃၀ရက် (၁၃၇ဖခုနှစ် နှောင်တန်ခူးလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းနှင့် သင်က ထုချေတင်ပြအဖ်ြပုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နှင်းကေသီဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
လှိုင်သာယာမြို့နယ်တရားရုံး

သက်ဆိုင်သူနှင့် အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန့်(နောက်)ရပ်ကွက်၊ ၈၇ လမ်း၊ အမှတ် ၁၃ နေ ဦးအောင်နိုင် ၆/ကသန(နိုင်)၀၃၄၇၇၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်နိုင်၏ အုပ်ထိန်းမှုအောက်၌ရှိသော မဖြူဇာအောင်သည် ဦးအောင်နိုင်၏ဇနီးဖြစ်သူ ဒေါ်ဖြူဖြူသွယ် ၆/ကသန(နိုင်)၀၈၃၆၅၀၏ ညီမအရင်းဖြစ်ပါသည်။ မဖြူဇာအောင် KTHG-၀၃၃၅၅ သည် ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ၏ အုပ်ထိန်းမှုအောက်တွင် ကြီးပြင်းလာသူဖြစ်ပါသည်။ ထိုသို့ ကျွန်ုပ်တို့၏မိတ်ဆွေ၏ အုပ်ထိန်းသူမှုအောက်တွင်ရှိသော မဖြူဇာအောင်အား အုပ်ထိန်းသူမသိရှိအောင် ဖြားယောင်းသွေးဆောင်ကာ ၁၂-၃-၂၀၁၅ရက်နေ့လယ်အချိန်တွင် ခေါ်ယူသွားသဖြင့် မဖြူဇာအောင်မှ ပျောက်ဆုံးလျက်ရှိပါသည်။ မဖြူဇာအောင် ပျောက်ဆုံးခြင်းအတွက် သက်ဆိုင်ရာရဲစခန်းတွင် အကြောင်းကြားထားပြီးဖြစ်ပါသည်။

သို့ပါ၍ မဖြူဇာအောင်အား ဖြားယောင်းသွေးဆောင်ကာ ခေါ်ယူထားသူသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်တွင် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူထံသို့ လာရောက်အပ်နှံပါရန်နှင့် အပ်နှံရန်ပျက်ကွက်ပါက တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ- **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်နိုင် **ဦးလှရွှေ** **ဦးမောင်မောင်**
၆/ကသန(နိုင်)၀၃၄၇၇၉ **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
စဉ်-၃၀၉၆ **စဉ်-၂၄၉၈**

အမှတ် ၉/၁၁(၃/ခ) မြေညီ၊ ၃၆လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

တိုက်ခန်းရောင်းမည်

လှိုင်မြင့်မိုရ်လမ်း/ကံလမ်း
မြေညီထပ်
ဖုန်း-၀၉-၄၂၀၀၅၃၁၂၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၁၁ဓဖ၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုး ၁၁/သလန(နိုင်)၀၀၀၅၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊
မန္တလေးမြို့

GIVE YOUR CHILD THE MOST ENTERTAINING EDUCATIONAL PROGRAM THIS SUMMER

- From March through May
- For ages 3 to 14 years

TOTAL SUMMER SCHOOL
Explore, Experience, Enhance

STEM

Kamayut 524599 501976 514267	Sanchaung 526456 0973143280	Taunggyi 094 937 8436 081-2122680	New University Avenue 551521 551951 553896	Lanmadaw 224426 224701
Parami 660855 0973107376	Latha 251228 250854	Kyi Myin Daing 01-2300 715 - 6	Tamwe 401592 - 4	31st Street 376022 376010
				Thingangyun 8551360 - 3

ရွှေ ဘုန်းပြည့် ၏ မတ်–ဧပြီ ခရီးစဉ်များ

*ဗန်ကောက်(၆ရက်) * ဇင်ကာပူ-ပင်လေးရှား-ပန်ကောယ်(၁၀ရက်)
*ကမ္ဘောဒီးယား(၅ရက်) * ဇင်ကာပူ-ပင်လေးရှား(၇ရက်)
*ဂျပန်(၈ရက်) * ပီယက်နမ်-ကမ္ဘောဒီးယား (၅ရက်)
*ကျပန်(၈ရက်) * ပီယက်နမ်-ထားအိုင်(၇ရက်) * ပုဒ္ဓဂယာ(၁၅ရက်)
အမှတ်(၃၈)အောင်ဇေယျလမ်း၊ကျောက်ကုန်း၊ရန်ကင်း။
01.566101, 09-73060048, 09-5036505

နန်းဦးလှိုင် ထားဝယ်ရှင်ကိုးရှင်၊ ဖြိတ်

- ထားဝယ်ရှင်ကိုးရှင်၊ ဟောင်းမဟန်ကမ်းခြေ၊ ကျိုက်ဟိုမီ၊ စက်ဆဲ(၆)ရက်–ဆက်ရှိ–ဖြိတ်(ဘိတ်)ပါ (၈)ရက်
- အင်းတော်ကြီးရွှေမဉ္ဇူ၊ မြမ်ကြီးနား၊ ပေခ–ပေလိပ်ဖြစ်ဆုံ၊ ရွှေဘို (၇)ရက်–မိုးကုတ်၊ မန္တလေးပါ (၁၀)ရက်
